# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ စနေနေ့၊ (24-1-2015) (၈၀၉၅)


**ကောင်းမှုဖြင့် ဖုံးအုပ်**

မိမိပြုခဲ့ပြီးသောမကောင်းမှု အကုသိုလ်ကို ကောင်းမှုကုသိုလ် ဖြင့် ဖုံးအုပ်သော(ပယ်သော)သူသည် တိမ်တိုက်မှ ကင်းသော လမင်းကဲ့သို့ ဤလောကကို (မဂ်ဉာဏ်ရောင်ဖြင့်) ထွန်းလင်းစေ၏။

ဓမ္မပဒ(၁၇၃)

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မွမ်ဘိုင်းမြို့တွင်း ကြည့်ရှုလေ့လာ



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အင်ဒို-မြန်မာ စီးပွားရေး လုပ်ငန်းရှင်များအား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

**မွမ်ဘိုင်း ဇန်နဝါရီ ၂၃**

အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့တွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့ဝင်များသည် ယနေ့ဒေသ စံတော်ချိန် နံနက် ၉ နာရီတွင် ဘုံဘေစတော့အိတ်ချိန်းသို့ ရောက်ရှိရာ ဘုံဘေစတော့အိတ်ချိန်း ဦးဆောင်ညွှန်ကြားရေးမှူး မစ္စတာ အာရှိကူးမား ဂျော့ဟန်က ခရီးဦးကြိုဆိုသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့သည် ဘုံဘေစတော့အိတ်ချိန်း ဧည့်ခန်းမ၌ ဇန်နဝါရီ ၂၃ ရက် စတော့အိတ်ချိန်းအား အမှတ်စဉ်ရေတွက်စတင်ပြီး အမှတ်စဉ် သုည အရောက်တွင် စတင်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက နှုတ်ခွန်းဆက်စကားပြောကြားပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြကာ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် ဘုံဘေစတော့အိတ်ချိန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**

## ၂၀၁၄ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ သန်းသုံးထောင်ကျော်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၂၃**

၂၀၁၄-၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာအမေရိကန်ဒေါ်လာ ၅၄၂ ဒသမ ၀၀ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၃၂ ဒသမ ၃၄ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၇၄ ဒသမ ၃၄ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၄၁ ဒသမ ၈၅ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၃၀ ဒသမ ၇၂ သန်းနှင့်စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၇၂ ဒသမ ၅၇ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဒီဇင်ဘာလအတွက် စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၉၈ ဒသမ ၂၃ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၄-၂၀၁၅ ခုနှစ်ဧပြီလမှ ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၅၁၉ ဒသမ ၇၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၂၁၈ ဒသမ ၉၃ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၇၃၈ ဒသမ ၇၂ သန်းဖြစ်ပြီး ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၄၉၇ ဒသမ ၉၀ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၁၆ ဒသမ ၇၃ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၂၁၄ ဒသမ ၆၃ သန်းဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃၄၇၅ ဒသမ ၉၁ သန်းဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရှိရသည်။ **(ကြေးမုံ)**

# ကျိုင်းလပ်၌ ထာဝရဘေးမဲ့လွှတ်တော်ဖွင့်

**ကျိုင်းလပ် ဇန်နဝါရီ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းလပ်မြို့နယ် နမ့်ခင်းကျေးရွာအုပ်စု ကျကကျေးရွာအနီး ထာဝရဘေးမဲ့လွှတ်တော်ဖွင့်ပွဲနှင့် ဘေးမဲ့လွှတ်တော ဆက်ကပ်လှူဒါန်းပွဲကို ဇန်နဝါရီ ၂၁ ရက် နံနက် ၁၀ နာရီခွဲက ကျိုင်းပရာ အခမ်းအနားသို့ တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)ကျေးရွာအုပ်စု ပါဆာကျေးရွာအနီး လွန်းလိန်းစေတီကျောင်းမှ မိုင်းဖုန်းဆရာတော် ဘဒ္ဒန္တဉာဏသံဝရ၊ ထိုင်ဝမ်ဘုန်းတော်ကြီး Mr. Huang Jung Shian နှင့် ဘုန်းတော်ကြီးများနှင့် ထိုင်ဝမ်မှ အလှူရှင်များ၊ မလေးရှားမှ Mr.Wong Wah Fang အဖွဲ့၊ အိန္ဒိယမှ Mr. Bhu Tia Dagee Dadul၊ စင်ကာပူမှ Mrs. Chen Tuan၊ ဘေးမဲ့လွှတ်တော မြေအလှူရှင် ဦးတင်လှ၊ နမ့်ခမ်းမြို့ ဇေယျသုခ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဆရာတော် ဦးသုန္ဒဒ္ဒနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ ဘေးမဲ့လွှတ်ရန်အတွက် လာရောက်လှူဒါန်းသူများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၆ သို့ ❋**






ကြေးမုံ စာတည်းရှေ့ထောင့် ၂၄-၁-၂၀၁၅၊ စနေနေ့

# အာရှ၏ထွန်းတောက်လာမည့် ကြယ်တစ်ပွင့်

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံကျယ်ဝန်းခြင်း၊ မကျယ်ဝန်းခြင်း၊ သယံဇာတ အရင်းအမြစ်များပိုင်ဆိုင်ခြင်း၊ မပိုင်ဆိုင်ခြင်းတို့ထက် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးနေခြင်းကသာ အဓိကကျသည်ကို ယနေ့ ဖွံ့ဖြိုးပြီးနိုင်ငံများဖြစ်သည့် ဂျပန်၊ ဗြိတိန်၊ စင်ကာပူ စသည့်နိုင်ငံတို့က သက်သေပြလျက်ရှိပါသည်။

သို့သော် သယံဇာတလည်းပေါများ၊ လူ့စွမ်းအားအရင်းအမြစ်လည်းထွန်းကားနေပါက ထိုနိုင်ငံဖွံ့ဖြိုးတိုးတက်ရန်မှာ ပြောဖွယ်မရှိပါ။ မြန်မာနိုင်ငံသည် သဘာဝအရင်းအမြစ်များ ပေါများကြွယ်ဝသော်လည်း လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ခြင်းမရှိသဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်ရန် နောက်ကျကျန်ရစ်ခဲ့ပါသည်။ ယနေ့အချိန်အခါတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်လာရန်အတွက် လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေပြီဖြစ်၍ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာများရှိနေသည်ဟု ပြောရမည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများနှင့်ရင်ပေါင်တန်းနိုင်မည့် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ယခုအခါ နိုင်ငံတကာနှင့်ထိတွေ့ဆက်ဆံမှုများ၊ ပူးပေါင်းဆောင်ရွက်မှုများ ပွင့်လင်းမြင်သာဖြစ်ထွန်းလာသဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလားအလာကောင်းများရှိလာသည်။ ယနေ့လူငယ်လူရွယ်များမှာလည်း လူငယ်သဘာဝအတိုင်း သိလိုစိတ်နှင့်စူးစမ်းဆောင်ရွက်လိုသော အသိစိတ်ဓာတ်များရှိပြီးဖြစ်၍ ယခုကဲ့သို့အခွင့်အလမ်းကောင်းများရှိလာသောအခါ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် မဝေးတော့ဟု ဆိုနိုင်ပါသည်။ မကြာသေးမီက မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာရောက်ခဲ့သော ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ကလည်း မြန်မာနိုင်ငံကို အာရှတိုက်၏ကြယ်တစ်ပွင့်ဟု ဟောကိန်းထုတ်ထားပါသည်။

ထို့အပြင် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဆိုပါအဖွဲ့၏ ပြောကြားချက်မှာလည်း စိတ်ဝင်စားဖွယ်၊ အတုယူဖွယ်ဖြစ်ပါသည်။ မြန်မာနိုင်ငံနှင့် ကိုရီးယားနိုင်ငံမှာ အာရှတိုက်မှ လူနေမှုဓလေ့စရိုက်နှင့် ကိုးကွယ်ယုံကြည်မှုတူညီသော အရှေ့နိုင်ငံများဖြစ်ကြပြီး မြန်မာနိုင်ငံအား ၎င်းတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးတိုးတက်စေလိုသော စိတ်ရင်းစေတနာမှန်ဖြင့် အကြံပြုအသိပေးပြောကြားသည့်အတွက် ဝမ်းမြောက်ပီတိဖြစ်ရပါသည်။

လက်တွေ့တွင်လည်း အခါပေးပြောကြားချက်နှင့်အညီ အခြေအနေကောင်းများလည်း ရှိနေပြီဖြစ်၍ နိုင်ငံသူ၊ နိုင်ငံသားအားလုံးက ရရှိထားသော အခွင့်အရေးကို လက်လွှတ်မခံဘဲ မိမိနိုင်ငံ၊ မိမိလူမျိုးကြီးပွားတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးစားအလုပ်လုပ်ကြဖို့လိုမည်ဖြစ်ပါသည်။

ကိုရီးယားနိုင်ငံ တိုးတက်လာပုံမှာ ပထမအချက်အဖြစ် မိဘများက မိမိတို့သားသမီးများအား ပညာသင်ကြားရေးတွင် အားပေးခဲ့ခြင်း၊ ဒုတိယအချက်မှာ ပြည်သူများမှာ မိမိတို့လုပ်နိုင်သည်ဟု ယုံကြည်ပြီး တိုက်တွန်းရန်မလိုဘဲ ဆန္ဒအလျောက်လုပ်ဆောင်ခဲ့ကြခြင်း၊ တတိယအချက်မှာ နိုင်ငံ့ခေါင်းဆောင်များ၏ ကြိုးစားမှုနှင့် ဦးဆောင်မှုတို့ကောင်းခြင်း အချက်သုံးချက်ကြောင့် နိုင်ငံတိုးတက်လာခြင်းဖြစ်ပါသည်။ အဆိုပါအချက်သုံးချက်မှာ မြန်မာနိုင်ငံတွင်ရှိနေပြီဖြစ်၍ သေချာပေါက်ဟောကိန်းထုတ်ခဲ့ခြင်းဖြစ်ပါသည်။

လက်တွေ့တွင် မြန်မာနိုင်ငံ၌ ပညာရေးကဏ္ဍတွင် နိုင်ငံတော်က နိုင်ငံတကာအဆင့်မီအားပေးမြှင့်တင်ပေးနေပါသည်။ မိဘများက သားသမီးများအတွက် ဖြစ်ပေါ်နေသောအခြေအနေကောင်းကို မှန်မှန်ကန်ကန်လမ်းမှန်ညွှန်ပြအားပေးကြဖို့လိုပါမည်။ ယနေ့ကာလ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လွတ်လပ်စွာဆောင်ရွက်ခွင့်ရလာသောအခါ ပြည်သူများအနေဖြင့် မိမိတို့လုပ်နိုင်သည်များကို ယုံယုံကြည်ကြည်ဖြင့် တိုးတက်ရာတိုးတက်ကြောင်း ဆန္ဒရှိသည့်အတိုင်း ကြိုးပမ်းဆောင်ရွက်ကြဖို့လိုပါသည်။ နိုင်ငံ့ခေါင်းဆောင်များ၏ ကြိုးပမ်းမှုနှင့် ဦးဆောင်နိုင်မှုတို့မှာ ပြောဖွယ်မရှိပါ။

ထို့ကြောင့် မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ထွန်းနေသော အခြေအနေကောင်းများကို မိမိရရအသုံးချ၍ နိုင်ငံနှင့်လူမျိုး ကြီးပွားရာကြီးပွားကြောင်းလုပ်ကိုင်ဆောင်ရွက်ရင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံသစ်ဖြစ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ကြေးမုံက တိုက်တွန်းအပ်ပါသည်။ ။

# အခွန်ထမ်းပြည်သူများအား ကောင်းမွန်သောဝန်ဆောင်မှုပေး

**နေပြည်တော် ဇန်နဝါရီ ၂၃**

မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်းအမှတ်စဉ်(၄၇) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ပြည်တွင်းအခွန်များဦးစီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အမှာစကားပြောကြားရာတွင် သင်တန်း၌ အခွန်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သင်ကြားပို့ချပေးခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းသားများသာမက ပြည်တွင်းအခွန်များဦးစီးဌာန ဝန်ထမ်းများအနေဖြင့် မိမိတို့ဌာန၏ လုပ်ငန်းဆိုင်ရာများကို သိဖို့လိုကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် ပြည်သူများနှင့် အများဆုံး ထိတွေ့ဆက်ဆံရသည့်ဌာနဖြစ်သည့်အတွက် လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်နှင့် ပွင့်လင်းမြင်သာရှိဖို့လိုအပ်ကြောင်း။

ဌာနဝန်ထမ်းများအနေဖြင့် အခွန်ထမ်းပြည်သူများအား ကောင်းမွန်သောဝန်ဆောင်မှုပေးရန်နှင့် အခွန်ထမ်းပြည်သူများ လေးစားလောက်သည့်ဝန်ထမ်းများဖြစ်အောင် ကြိုးစားကြရန်လိုကြောင်း၊ ယခုအခါ နိုင်ငံတကာစံနှုန်းများနှင့် လျော်ညီသော အခွန်စနစ် ပြုပြင်ပြောင်းလဲရေးကိုလည်း ဆောင်ရွက်နေကြောင်း၊ ခေတ်မီ IT နည်းပညာနှင့် အခွန်ကောက်ခံနိုင်ရန်အတွက် e-RTS (e-Revenue Taxation System) ကိုလည်း အကောင်အထည်ဖော်လျက်ရှိကြောင်း၊ အခွန်ထမ်းများကိုယ်တိုင် လိုလိုလားလား အခွန်ပေးဆောင်သောစနစ်သို့ အောင်မြင်စွာကူးပြောင်းနိုင်ရန်အတွက် ဝန်ထမ်းများအနေဖြင့် စည်းရုံး ပညာပေးမှုများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရသူများအား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းသားခေါင်းဆောင်အား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းတွင် အခွန်စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်များ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် အမိန့်ညွှန်ကြားချက်များကို ပို့ချခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**




# မိုးပွင့်အထူးစီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း လုပ်ငန်းဆိုင်ရာရှင်းလင်း

**လားရှိုး ဇန်နဝါရီ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း တွဲဖက်ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မိုးပွင့်အထူးစီမံချက်လုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီက တွဲဖက်ပြည်နယ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကြူ၊ တွဲဖက်ပြည်နယ်အဆင့်၊ လားရှိုးခရိုင်/မြို့နယ်အဆင့်၊ ရပ်ကွက်/ကျေးရွာအုပ်စု နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်း ကြီးကြပ်ရေးကော်မတီမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရပ်မိရပ်ဖများ၊ နိုင်ငံသားလုပ်ငန်းပုံစံကူညီဖြည့်သွင်းမည့်သူများ၊ ဌာနဝန်ထမ်းများ တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် မိုးပွင့်စီမံချက်ဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်းဆိုင်ရာလက်ရှိဆောင်ရွက်မှုများကို ကော်မတီအဆင့်ဆင့်အလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးကို ဒုတိယပြည်နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်က ပြောကြားပြီး စီမံချက်လုပ်ငန်းအဆင့်အလိုက် ဆောင်ရွက်နေမှုအခြေအနေများ၊ ကော်မတီဝင်များက ပူးပေါင်းကူညီဆောင်ရွက်ပေးစေလိုသည့် အချက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန တွဲဖက်ပြည်နယ်ဦးစီးဌာနမှူး ဦးစောနိုင်က ရှင်းလင်းတင်ပြ၍ တက်ရောက်လာကြသူများက ဆွေးနွေးမေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း၊ ယင်းနောက် မြန်မာ၊ ရှမ်းနှစ်ဘာသာဖြင့် ရိုက်နှိပ်ထားသည့် နိုင်ငံသားလုပ်ငန်းဆိုင်ရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဇော်လွင် (လားရှိုး)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၂၃**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၉၆၈၀၀ | - | ၆၉၇၈၀၀ |
| မန္တလေး | ရွှေဈေး | ၆၉၆၈၀၀ | - | ၆၉၇၈၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၅၀ | ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၅၀ | ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၅၅၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၀၂၄.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၁၆၃.၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၆၄.၉၃ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၁.၄၂၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၈၅.၃၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၆.၆၂၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၈၆၄.၁၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၄.၃၁၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၂၂.၇၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၇၆၅.၄၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

(၁၀)တန်းအောင် O.O.W Class III,
MMMC ကျောင်းဆင်း Class III သင်တန်းများ
Capt. San Moe Aung, Capt. Khin Mg Win, Capt. Min Thuya,
Capt. Min Han, Capt. Win Aung, Capt. Tin Oo, Capt. Aung Tin Win
အစရှိသည့် သင်ကြားမှုဝါရင့်ကပ္ပတိန်ကြီးများ၊ Ph.D Instructor များက
ပြည့်ဝသောစေတနာများဖြင့် ထိရောက်စွာ သင်ကြားပေးနေပါပြီ။
၁၀တန်းအောင်+MMMC ကျောင်းဆင်း O.O.W Class III -သင်တန်းကြေး ( ၂၀ သိန်း)
ပထမဆုံးအပ်နှံသူ (၂၅)ဦးအတွက် အထူးDiscountအပြင် (၂)ဦးထပ်မံရွေးချယ်၍
(USD 1000 ပညာသင်ထောက်ပံ့ကြေးအစီအစဉ်) Feb စမည်၊ ကျောင်းအပ်လက်ခံပြီ
ECDIS, RADAR သင်တန်းများအား ပုံမှန်ဖွင့်လှစ်နေပါပြီ။
သွားလာရေး အဆင်ပြေရန် အခမဲ့ Ferry စီစဉ်ထားပါသည်။
SUCCESS
MARITIME ACADEMY
facebook: Success Maritime Academy
No.8, Shwe Mar Lar Yeikmon, Bayintnaung Road, Kamayut Tsp.
Ph: 0973142658, 0932363702 Hot Line: 01-531347

**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ အောက်ဖော်ပြပါ မော်တော်ယာဉ်အမျိုးအစားကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | အမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Double Cab, 4WD Left hand drive(5M/T) | ၂ |

၂။ တင်ဒါပေးသွင်းမှုကို ၄-၂-၂၀၁၅ ရက် ၁၅:၃၀ နာရီတွင် ပိတ်ပါမည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် ၂၉-၁-၂၀၁၅ ရက် ညနေ ၁၅:၃၀ နာရီအထိ လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်းပြည်ပပစ္စည်းဝယ်ယူရေးအဖွဲ့
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ရုံးအမှတ်(၂)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၀၇၂၂၆၊ ၀၆၇-၄၀၇၄၉၈

ဆရာကြီးဒေါက်တာမင်းသိမ်၏ ပညာအမွေလက်ဆင့်ကမ်းပွဲ
ကေ်ာသဗျာကရဏဗေဒပညာရှင်များ၏
အခမဲ့-ဗေဒင်သင်တန်း အမှတ်စဉ်(၁၄)
ဆရာကြီးဒေါက်တာမင်းသိမ်၏ ပညာအမွေလက်ဆင့်ကမ်းပွဲ၊ ကေ်ာသဗျာကရဏဗေဒပညာရှင်များ၏ အခမဲ့ဗေဒင်သင်တန်း အမှတ်စဉ်(၁၄)ကို ၂၅-၁-၂၀၁၅ မှ ၉-၂-၂၀၁၅ နေ့အထိ နေ့စဉ် ညနေ(၃)နာရီမှ ညနေ(၆)နာရီအတွင်း ဆရာမဒေါက်တာစောယုနွယ် ၏ သာယာရွှေပြည်ဟိန်းဓာတ်စခန်း၊ အမှတ်-၂၀၅-က၊ ပိတောက် ၅-လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ဖုန်း-၆၄၃၀၃၀ တွင် ဖွင့်လှစ်မည်ဖြစ်ပါ၍ သင်တန်းတက်လိုသူများ ဘုန်းရောင်ဂျာနယ် အမှတ်-၂၇၊ အခန်း-၁၊ ၅၂-လမ်း(အောက်) ဗိုလ်တထောင်မြို့နယ်နှင့် သင်တန်းတည်ရာတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ပြည်တွင်းရေးရာ

❖ **ရှေ့ဖုံးမှ**

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် တာတာအခြေခံသုတေသန တက္ကသိုလ်သို့ ရောက်ရှိရာ တက္ကသိုလ်ပါမောက္ခ မစ္စတာ ဆန်ဒီတိပေးဒီက ခရီးဦးကြိုဆိုသည်။

ယင်းနောက် တက္ကသိုလ်ဧည့်ခန်းမ၌ပါမောက္ခနှင့် တာဝန်ရှိသူများက တာတာအခြေခံသုတေသန တက္ကသိုလ်ဆိုင်ရာအချက်အလက်များအား ရှင်းလင်းရာ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် တာတာအခြေခံသုတေသန တက္ကသိုလ်ဓာတ်ခွဲခန်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ ဓာတ်ခွဲခန်း ကြီးကြပ်ရေးမှူးပါမောက္ခ မစ္စတာ ဟုံဆူအာဗွိက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက်ဒုတိယသမ္မတသည် တာတာအခြေခံသုတေသနတက္ကသိုလ် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ထို့နောက်ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အဖွဲ့ဝင်များ သည် တာတာအထိမ်းအမှတ်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံညွှန်ကြားရေးမှူး ဒေါက်တာ အန်နီကေဒီခရုက ကြိုဆိုသည်။

ယင်းနောက် တာတာအထိမ်းအမှတ်ဆေးရုံစာကြည့်တိုက်ခန်းမ၌ ဆေးရုံ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဆေးရုံဆိုင်ရာ အချက်အလက်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဆေးရုံ အတွင်းသို့ လှည့်လည်ကြည့်ရှုရာ ဆေးရုံတာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

မွန်းလွဲပိုင်းတွင်ဒုတိယသမ္မတသည် Taj Mahal Palace ဟိုတယ်ရှိ Business Centre ၌ အင်ဒို-မြန်မာစီးပွားရေးလုပ်ငန်းရှင်များအား လက်ခံ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ဝန်ကြီးများ၊ ချင်းပြည်နယ်နှင့်စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ အိန္ဒိယနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီးနှင့် UMFCCI တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**




**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့ စတော့အိတ်ချိန်းအား ဖွင့်လှစ်ပေးစဉ်။** (သတင်းစဉ်)

✻ **ကျိုင်းလပ်မှ**

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ခဲ့ပြီး နမ့်ခမ်းမြို့ ဇေယျသုခဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ဆရာတော်နှင့် ထိုင်ဝမ်ဘုန်းတော်ကြီးတို့က ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခဲ့သည်။ ထို့နောက် ဘေးမဲ့လွှတ်တော ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ဦးမောင်အုန်းက ရှင်းလင်းတင်ပြပြီးနောက် ဘေးမဲ့လွှတ်တော ဆိုင်းဘုတ်အား မိုင်းဖုန်းဆရာတော် ဘဒ္ဒန္တ ဉာဏသံဝရ၊ ထိုင်ဝမ်ဘုန်းတော်ကြီး Mr. Huang Jung Shian၊ နမ့်ခမ်းမြို့ ဇေယျသုခဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ဆရာတော် ဥုးသုန္ဒဒ္ဒနှင့် ဘေးမဲ့တော အလှူရှင် ဦးတင်လှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထို့နောက် ဆရာတော်များက ဘေးမဲ့လွှတ်တောတွင် ဘေးမဲ့လွှတ်ပေးမည့် ကျွဲ ၅၁ ကောင်၊ နွား ၁၂၂ ကောင်၊ ဆိတ် ၆၈ ကောင်၊ ယုန် ကိုးကောင်၊ ကြက်ဆင် သုံးကောင်၊ ကြက် ၁၅ ကောင်နှင့် ငှက်မျိုးစုံ ၃၀၀ ကျော်တို့အား မေတ္တာပို့ပြီးနောက် လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

ထာဝရဘေးမဲ့လွှတ်တော စီမံကိန်းကို လွန်ခဲ့သော တစ်လခန့်က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မြေလွတ်မြေရိုင်းဧက ၁၂၀ အား သက်ဆိုင်ရာမှ ခွင့်ပြုချက်ချထားပေးပြီးနောက်ထပ် ဧက ၄၀၀ အား လျှောက်ထားဆဲဖြစ်ကြောင်း သိရသည်။ ဘေးမဲ့လွှတ်တောတွင် လွှတ်ထားသော ကျွဲ၊ နွား၊ တိရစ္ဆာန်များအား ထိန်းသိမ်းစောင့်ရှောက်ရန် အလုပ်သမား ၁၇ ဦးခန့်အား ခန့်အပ်ထားမည်ဖြစ်ကြောင်းနှင့် အဆိုပါဘေးမဲ့တောသို့ ထိုင်းဝမ်ဘုန်းတော်ကြီးက အမေရိကန်ဒေါ်လာတစ်သိန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**မော်ကြီး(တြိဂံနယ်မြေ)**

# တပ်မတော်အတွင်းမှ အရွယ်မရောက်သေးသူများအား ပြန်လည်နုတ်ထွက်ခွင့်ပြု၍ မိဘများထံ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၃**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) နှင့်မြန်မာနိုင်ငံ စောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့တို့၏ အစီအမံဖြင့်တပ်မတော်အတွင်း အရွယ်မရောက်သေးသူကလေးသူငယ်များကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အလိုက် အသေးစိတ်စိစစ်နုတ်ထွက်ခွင့်ပြုလျက်ရှိရာ ၄၂ ဦး စစ်ဆေးတွေ့ရှိခဲ့ပြီး စိစစ်ဖော်ထုတ်ရရှိသော အရွယ်မရောက်သေးသူကလေး



သူငယ်များအား ၎င်းတို့၏ မိဘများထံသို့ပြန်လည်လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၁) စစ်ကြောရေးနှင့်တည်းခိုရေးစခန်းတွင် ကျင်းပသည်။

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်သန်းစိုးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ နိုင်ငံတကာအဖွဲ့အစည်းများ ဖြစ်ကြသော UNICEF၊ UNHCR၊ ILO၊ Save the Children၊ World Vision၊ World Food Programme၊ UNDP တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ပြန်လည်နုတ်ထွက်ခွင့်ရကလေးသူငယ် ၄၂ ဦးနှင့် ၎င်းတို့၏မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ တပ်အင်အားဖြည့်တင်းရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်တောက်ထွန်းနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Bertrand Bainvel တို့က အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တပ်မတော်မှနုတ်ထွက်ခွင့်ပြုသည့်လက်မှတ်နှင့် ၁၀ နှစ်မှ ၁၈ နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာဝန်ရှိသူတို့က ပေးအပ်ခဲ့ပြီး ကလေးများအား မိဘ(သို့မဟုတ်) အုပ်ထိန်းသူတို့ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

အခမ်းအနားပြီးနောက် ကလေးများနှင့် မိဘများကို မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ စီစဉ်သောကြားကာလ ပြုစုစောင့်ရှောက်ရေးစခန်းသို့ တပ်မတော်မှ ပို့ဆောင်ပေးခဲ့ပြီး ထိုစခန်းတွင် မိဘများနှင့် အဆက်အသွယ် မရရှိသေးပါက ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဆေးဝါးကုသရန် လိုအပ်မှုရှိ/မရှိစစ်ဆေး၍ လိုအပ်က ဆေးဝါးကုသမှုခံယူစေခြင်း၊ ကျောင်းပြန်တက်ရန်ဆန္ဒရှိပါက ကျောင်းပြန်တက်ရန်၊ ကျောင်းပြင်ပ ပညာသင်ကြားရန်၊ အလုပ် လုပ်ကိုင်ရန်ဆန္ဒရှိပါက မျှတသော အလုပ်အကိုင်ရရှိနိုင်ရန် လိုအပ်သည့်ကျွမ်းကျင်မှုများသင်ယူရန်ဖြစ်နိုင်ခြေများ ဆန်းစစ်ခြင်းနှင့်လက်ငင်းအသုံးပြုရန် အခြေခံပစ္စည်းများဝေငှခြင်း၊ အိမ်အပြန် ခရီးစရိတ်နှင့် စားစရိတ်စီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

အလားတူ မိဘများထံ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို အဆိုပါ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရန်ကုန်)၌ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် ၄၂ ဦးအား ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် ၂၄ ဦးအား ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဇူလိုင် ၇ ရက်တွင် ၄၂ ဦးအား တတိယအကြိမ်အဖြစ် လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဩဂုတ် ၈ ရက်တွင် ၆၈ဦးအား စတုတ္ထအကြိမ်အဖြစ် လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၈ ရက်တွင် ၉၆ ဦးအား ပဉ္စမအကြိမ်အဖြစ် လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဩဂုတ် ၁ ရက်တွင် ၉၁ဦးအား ဆဋ္ဌမအကြိမ်အဖြစ်လည်းကောင်း၊ ရန်ကုန်မြို့ မြဝတီစာပေတိုက်ခန်းမ၌ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် ၁၀၉ ဦးအား သတ္တမအကြိမ်အဖြစ် လည်းကောင်း၊ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၄ ရက်တွင် ၈၀ အား အဋ္ဌမအကြိမ်အဖြစ် အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရန်ကုန်)၌ လွှဲပြောင်းပေးအပ်ခဲ့ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအကြိမ်သည် နဝမအကြိမ်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၌ အရွယ်မရောက်သေးသူကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၂ ခုနှစ် ဇွန် ၂၇ ရက်တွင် ၁၈ လတာလုပ်ငန်းစီမံချက်ကို (UNCTFMR) နှင့် လက်မှတ်ရေးထိုးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းစီမံချက်သက်တမ်းအား ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ပထမအကြိမ် ၆လ၊ ၂၀၁၄ ခုနှစ် ဇွန် ၂၈ ရက်တွင် ဒုတိယအကြိမ် ခြောက်လသက်တမ်း တိုးမြှင့်လုပ်ဆောင်ခဲ့သည်။

တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်စစ်သည်များ တပ်မတော်အတွင်း၌ လုံးဝမကျန်ရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား လုံးဝစုဆောင်းခြင်းမပြုရန်နှင့် အကြောင်းအမျိုးမျိုးဖြင့် မှားယွင်းစုဆောင်းခဲ့သူများရှိပါကလည်း အမြန်ဆုံးထွက်ခွင့်ပြုရန် စိစစ်ဆောင်ရွက်လျက်ရှိသည့်အပြင် တာဝန်ရှိသူများကိုလည်း စစ်စည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိရာ ၂၀၁၄ ခုနှစ် အကုန်အထိ တာဝန်ရှိသူ အရာရှိ ၅၀ နှင့် စစ်သည် ၂၇၇ ဦး စုစုပေါင်း ၃၂၇ ဦးအား စစ်စည်းကမ်းနှင့်အညီ အရေးယူခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# လျှပ်စစ်ဓာတ်အား လုံခြုံပြည့်ဝစွာသုံးစွဲနိုင်ရေးဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အနေဖြင့် မိဘပြည်သူများ နွေရာသီဓာတ်အားမပြတ်တောက်စေရေးနှင့် လျှပ်စစ်မီးလုံခြုံပြည့်ဝစေရေးခရိုင်၊ မြို့နယ်များအလိုက် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းအပိုင် (၁၁) ကံ့ကော်လမ်းတွင် ဇန်နဝါရီ ၂၀ ရက်ညနေပိုင်းက 11-66/0.4KV,315KVA ထရန်စဖော်မာတစ်လုံး တည်ဆောက်ပြီးစီး၍ ဓာတ်အားလွှတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရပ်ကွက်နှင့် လမ်းသည်ဖွံ့ဖြိုးလာပြီး လူနေသိပ်သည်းလာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အားသုံးစွဲသူများပြားလာခြင်း၊ မူလဓာတ်အားဖြန့်ဖြူးပေးသည့် ထရန်စဖော်မာနှင့်ဝေးကွာခြင်းကြောင့် ဗို့အားအပြည့်အဝမရရှိခြင်းတို့အား ယခု315KVAထရန်စဖော်မာတစ်လုံး ထပ်မံတိုးချဲ့ဆောင်ရွက်နိုင်ခဲ့ခြင်းနှင့် 6.6KVလိုင်းအား SAC Cable ဖြင့်လည်းကောင်း၊ 400 ဗို့လိုင်းများအား Insulated Wire ဖြင့်လည်းကောင်း အသစ်တည်ဆောက်ထားသဖြင့် ပေါက်ကုန်းအပိုင်(၁၁) နေ ပြည်သူများ လျှပ်စစ်မီးပြည့်ဝစွာသုံးစွဲနိုင်ပြီဖြစ်ကြောင်းသိရသည်။

**သူဇာ(မင်္ဂလာဒုံ)**

# စားစာခံများကို ကယ်တင်ရန် အိုင်အက်စ်တို့အား ပြန်ပေးငွေပေးမည်မဟုတ်

**တိုကျို ဇန်နဝါရီ ၂၃**

အိုင်အက်စ်စစ်သွေးကြွများတောင်းဆိုထားသော ပြန်ပေးငွေကို ပေးမည်ဆိုလျှင် အကြမ်းဖက်လုပ်ရပ်များကိုဆက်လက်လုပ်ဆောင်ရန် အားပေးရာရောက်သည်ဟု ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးက ယနေ့ပြောသည်။

ဂျပန်အစိုးရအနေဖြင့် ဓားစာခံများလွတ်မြောက်ရန် နည်းမျိုးစုံဖြင့် ကြိုးစားနေသော်လည်း သတ်မှတ်ထားသည့် နောက်ဆုံးအချိန်ကို ကျော်လွန်ခဲ့ပြီဖြစ်သည်။ “အခြေအနေက ပြင်းထန်ပေမယ့် ဓားစာခံများလွတ်မြောက်ဖို့ အစွမ်းကုန်ကြိုးစားနေပါတယ်။ ဝန်ကြီးချုပ်ကလည်း ဓားစာခံတွေကိုကယ်တင်ဖို့ သံတမန်တွေကို ကမ်းလှမ်းထားပါတယ်” ဟု ဂျပန်အစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ကပြောသည်။

အိုင်အက်စ်အဖွဲ့အား ပြန်ပေးငွေပေးမည်မဟုတ်ကြောင်း ဂျပန်သံတမန်များက ဓားစာခံများ၏ မိသားစုများကိုပြောခဲ့ကြောင်း သိရသည်။

ဓားစာခံများအား သတ်ဖြတ်ခဲ့မည်ဆိုလျှင် ဝန်ကြီးချုပ်အနေဖြင့် မိမိနိုင်ငံသားနှစ်ဦး ဖမ်းဆီးခံထားရချိန်တွင် အိုင်အက်စ်အဖွဲ့ကို တိုက်ခိုက်ချေမှုန်းနေသော နိုင်ငံများကို ထောက်ပံ့ငွေများ အဘယ်ကြောင့် သွားပေးသနည်းဆိုသည့် မေးခွန်းများဖြင့် ရင်ဆိုင်ရဖွယ်ရှိသည်။

အိုင်အက်စ်စစ်သွေးကြွများက အသက်(၄၂) အရွယ်ရှိ ‘ယုကာဝါ’ ကို ဆီးရီးယားနိုင်ငံအပြင်ဘက် အလက်ပိုမြို့တွင် ဩဂုတ်လက ဖမ်းဆီးခဲ့ပြီး(၄၇) နှစ်အရွယ်ရှိ ‘ဂိုတို’ အား ၎င်း၏သူငယ်ချင်းဖြစ်သူ ‘ယုကာဝါ’ ကို အကူအညီပေးရန် ဆီးရီးယားသို့သွားရောက်စဉ် အောက်တိုဘာလတွင် ဖမ်းဆီးခဲ့သည်။

**အေပီ။**

# ယီမင်သမ္မတ နုတ်ထွက်ပြီ



**ဆာနာ ဇန်နဝါရီ ၂၃**

ယီမင်နိုင်ငံတွင် ရှီးယိုက်ဟော့သီသူပုန်များက ဆာနာမြို့ကို သိမ်းယူခြင်းအား ကန့်ကွက်သောအားဖြင့် သမ္မတသည် ၎င်း၏ ဝန်ကြီးချုပ်နှင့်အတူ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ဘီဘီစီက ယနေ့သတင်းတွင် ဖော်ပြထားသည်။

ဟော့သီသူပုန်များသည် ငြိမ်းချမ်းရေး စာချုပ်ကိုလေးစားလိုက်နာခြင်းမရှိသဖြင့် သမ္မတတာဝန်ကို ဆက်လက်ထမ်းဆောင်ခြင်းမပြုနိုင်တော့ကြောင်း မန်ဆိုအာ ဟာဒီအာ ပြောကြားသည်။

လွှတ်တော်က ၎င်း၏နုတ်ထွက်လွှာကို လက်ခံရန် ငြင်းဆိုခဲ့သည်။

ယီမင်ထောက်လှမ်းရေးအကြီးအကဲ အလီဟတ်ဆန်အဲလ်အာမက်ဒီသည်လည်း ရာထူးမှနုတ်ထွက်သွားပြီဖြစ်ကြောင်း လုံခြုံရေးသတင်းအရင်းအမြစ်များက ဘီဘီစီသို့ပြောသည်။

ဟော့သီသူပုန်အဖွဲ့ခေါင်းဆောင်များက သမ္မတနုတ်ထွက်ခြင်းကို လူသိရှင်ကြားကြိုဆိုခဲ့ကြပြီး အုပ်ချုပ်ရေးကောင်စီဖွဲ့စည်းရန် အဆိုပြုခဲ့ကြသည်။ ၎င်းကောင်စီတွင် ဟော့သီဦးဆောင်သော အုပ်စုများပါဝင်မည်ဟု ရိုက်တာသတင်းဌာနက ဖော်ပြသည်။

သမ္မတ ပါဒီ၏ နေအိမ်နှင့် သမ္မတနန်းတော်ဝန်းကျင် အချက်အချာနေရာများ၌ နေရာယူထားသော သူပုန်တပ်ဖွဲ့များနှင့် သူပုန်တပ်ဖွဲ့များကို ရုပ်သိမ်းမည်ဟု ဟော့သီခေါင်းဆောင်များက ကတိပြုခဲ့သည်ဟု ဆိုသည်။

**ဘီဘီစီ။**

# တောင်ကိုရီးယားနိုင်ငံ၏ ပိတ်ဆို့မှုများ ရုပ်သိမ်းပေးရန် မြောက်ကိုရီးယားတောင်းဆို

**ဆိုးလ် ဇန်နဝါရီ ၂၃**

တောင်နှင့်မြောက် နှစ်နိုင်ငံ ပြန်လည်ဆွေးနွေးမှုများ ပြုလုပ်သည့် အထိမ်းအမှတ်အဖြစ် တောင်ကိုရီးယားနိုင်ငံ၏ ပိတ်ဆို့မှုများကို ပြန်လည်ရုပ်သိမ်းပေးရန် မြောက်ကိုရီးယားနိုင်ငံက တောင်းဆိုခဲ့သည်။

၂၀၁၀ ခုနှစ်တွင် မြောက်ကိုရီးယားနိုင်ငံက တောင်ကိုရီးယား၏ ရေတပ်သင်္ဘောတစ်စင်းကို ပစ်ခတ်ခဲ့သည့်အတွက် တောင်ကိုရီးယားနိုင်ငံက မြောက်ကိုရီးယားနိုင်ငံကို စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်ခဲ့သည်။

ယခုတောင်းဆိုမှုသည် မြောက်ကိုရီးယားအတွက် ပထမဆုံးအကြိမ်ဖြစ်သည်။ ၁၉၅၀-၅၃ခုနှစ် ပြည်တွင်းစစ်ဖြစ်ပွားစဉ်က ကွဲကွာသွားသော မိသားစုများကို ပြန်လည်ဆုံတွေ့ပေးနိုင်ရန် ဆွေးနွေးမှုတစ်ရပ်ကို တောင်ကိုရီးယားနိုင်ငံက တောင်းဆိုခဲ့ဖူးသည်။

မြောက်ကိုရီးယားနိုင်ငံ၏ ထိပ်တန်းအရာရှိများက ယမန်နှစ် အောက်တိုဘာလတွင် ကျင်းပခဲ့သော အာရှအားကစားပြိုင်ပွဲပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ရန် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိနေစဉ် ပိတ်ဆို့မှုအရေးကို ဆွေးနွေးခဲ့ကြသည်။ ပိတ်ဆို့မှုများရုပ်သိမ်းရန် ဆန္ဒရှိကြောင်း တောင်ကိုရီးယားအရာရှိများက ပြောကြားသည်။

၂၀၁၀ ခုနှစ် မေလတွင် မြောက်ကိုရီးယားက တောင်ကိုရီးယားရေတပ်သင်္ဘောတစ်စင်းကို တော်ပီဒိုဖြင့် ပစ်ခတ်ခဲ့ရာ သင်္ဘောသား ၄၆ ဦးသေဆုံးခဲ့သည်။ ထိုအချိန်မှစပြီး တောင်ကိုရီးယားနိုင်ငံက စီးပွားရေးနှင့် နိုင်ငံရေးကဏ္ဍများတွင် မြောက်ကိုရီးယားနှင့် အဆက်အသွယ်ဖြတ်ခဲ့သည်။

တောင်ကိုရီးယားနိုင်ငံက လူသားချင်းစာနာထောက်ထားသည့်အနေဖြင့် စီးပွားရေးပိတ်ဆို့မှုကို ရုပ်သိမ်းသင့်သည်ဟု တောင်နှင့်မြောက်နှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းရေးကော်မတီ၏ ပြောရေးဆိုခွင့်ရှိသူက ပြောသည်။

**ရိုက်တာ။**

# နိုဘယ်ဆုရှင် ချီလီကဗျာဆရာကြီး ပါဂလိုနီရူဒါ သေဆုံးမှုအား စုံစမ်းစစ်ဆေးမှုများ ပြန်လည်ပြုလုပ်မည်ဟုဆို

**ဆန်တီယေဂို ဇန်နဝါရီ ၂၃**

၁၉၇၃ ခုနှစ်က နိုဘယ်စာပေဆုရှင် ချီလီနိုင်ငံသား ကဗျာဆရာကြီး ပါဂလိုနီရူဒါ သေဆုံးခဲ့မှုကို စုံစမ်းစစ်ဆေးမှုအသစ် ပြန်လည်ပြုလုပ်မည်ဖြစ်ကြောင်း အစိုးရက ကြေညာချက်တစ်ရပ် ထုတ်ပြန်သည်။

ကဗျာဆရာကြီးနီရူဒါသည် အဆိပ်သင့်သေဆုံးခဲ့ခြင်း ဖြစ်နိုင်ဖွယ်ရှိသည်ဟု ယူဆရသဖြင့် စုံစမ်းစစ်ဆေးမှုသစ်များ ပြုလုပ်ရခြင်းဖြစ်သည်ဟု ချီလီအစိုးရပြောရေးဆိုခွင့်ရှိသူ ဖရန်စစ္စကို ယူဂတ်က ပြောကြားသည်။

ကဗျာဆရာကြီး နီရူဒါ သေဆုံးရခြင်းမှာ ဆီးကျိတ်ကင်ဆာရောဂါကြောင့်ဟု ဖော်ပြခဲ့သည်။ ၂၀၁၃ ခုနှစ်က ကဗျာဆရာကြီး နီရူဒါ ရုပ်အလောင်းအား တူးဖော်စစ်ဆေးခဲ့ရာတွင် အဆိပ်သင့်သေဆုံးသည့် လက္ခဏာမတွေ့ရှိရဟု ဆိုသည်။

ကဗျာဆရာကြီး နီရူဒါသည် ချီလီနိုင်ငံတွင် ဗိုလ်ချုပ်ကြီး ပီနိုချေး၏ စစ်အစိုးရအာဏာသိမ်းသက်တမ်း ၁၂ ရက်အကြာတွင် ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

ပါဂလိုနီရူဒါသည် ပြင်သစ်နိုင်ငံဆိုင်ရာ ချီလီသံတမန်ဟောင်းအဖြစ် လည်းကောင်း၊ ချီလီကွန်မြူနစ်ပါတီ၏ ဝါရင့်ပါတီဝင်အဖြစ် လည်းကောင်း၊ လွှတ်တော်ဥပဒေပြုအမတ်အဖြစ် လည်းကောင်း၊ ထင်ရှားကျော်ကြားသည့် ကဗျာစာဆိုကြီးတစ်ဦးအဖြစ် လည်းကောင်း ရပ်တည်ခဲ့သူဖြစ်သည်။

ပါဂလိုနီရူဒါသည် ၁၉၇၁ ခုနှစ်တွင် ချီးမြှင့်သော စာပေဆိုင်ရာနိုဘယ်ဆုကို ဆွတ်ခူးခဲ့သည်။

ဓာတုပစ္စည်းများကြောင့် နီရူဒါ၏ ကလာပ်စည်းများနှင့် ပရိုတိန်းပျက်စီးခဲ့ရခြင်း ရှိ၊ မရှိ ၎င်းအား လုပ်ကြံလိုသည့်အနေဖြင့် ကင်ဆာရောဂါဖြစ်စေနိုင်သော သတ္တုပစ္စည်းတစ်မျိုးကို အသုံးပြုခဲ့ခြင်း ရှိ၊ မရှိ စုံစမ်းစစ်ဆေးမည်ဖြစ်သည်။

**ဘီဘီစီ။**







# အမေရိကန်နှင့်ကျူးဘား သမိုင်းဝင်ထိပ်သီးဆွေးနွေးပွဲပြီး နောက်ဆုံးတစ်ကြိမ်တွေ့ဆုံရန်သဘောတူ

**ဟာဗားနား ဇန်နဝါရီ ၂၃**

အမေရိကန်ပြည်ထောင်စုနှင့် ကျူးဘားနိုင်ငံအကြား နှစ်ရက်ကြာ သမိုင်းဝင်ဆွေးနွေးပွဲမှာ နှစ်ဖက်လုံးက နောက်တစ်ကြိမ်တွေ့ဆုံဆွေးနွေးရန်သဘောတူညီကြခြင်းဖြင့် ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း ဘီဘီစီက ယနေ့ဖော်ပြသည်။

အဆိုပါဆွေးနွေးပွဲသည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ပုံမှန်ပြန်လည်ထူထောင်ရေးကို သုံးသပ်ခဲ့ကြပြီး သံရုံးများ ပြန်လည်ဖွင့်လှစ်မည့်ရက်ကိုမူ သတ်မှတ်ခဲ့ခြင်းမရှိပေ။

ဆယ်စုနှစ်များစွာ ရန်လိုခဲ့ကြပြီးမှ ပုံမှန်ဆက်ဆံရေး ပြန်လည်တည်ဆောက်ရန်မှာ အချိန်ယူရဦးမည်ဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူတစ်ဦးကပြောသည်။

ကျူးဘားကိုယ်စားလှယ်အဖွဲ့ကမူ ၎င်းတို့နိုင်ငံအပေါ်စီးပွားရေးအရေးယူပိတ်ဆို့ထားခြင်းအား ရုပ်သိမ်းပေးရေးသည် မဖြစ်မနေလုပ်ဆောင်ပေးရမည့်လိုအပ်ချက်ဖြစ်သည်ဟုပြောသည်။

ဤဆွေးနွေးပွဲသည် အမေရိကန်ပြည်ထောင်စုနှင့် ကျူးဘားနိုင်ငံကြား ဆယ်စုနှစ်များအတွင်း အမြင့်ဆုံးတာဝန်ရှိသူများ၏ ဆွေးနွေးပွဲဖြစ်သည်။ နှစ်နိုင်ငံသမ္မတနှစ်ဦးသည် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ရန် ဒီဇင်ဘာလတွင် သဘောတူညီခဲ့ကြပြီးနောက် ဤဆွေးနွေးပွဲပေါ်လာခြင်းဖြစ်သည်။

သမ္မတအိုဘားမားနှင့်သမ္မတရာအူးလ်ရိုတို့ တက်ရောက်မည်ဟု မျှော်လင့်ရသည့် ဧပြီလ အမေရိကထိပ်သီးအစည်းအဝေး မတိုင်မီ သီတင်းပတ်များအတွင်း နောက်တစ်ကြိမ် ဆွေးနွေးပွဲ ကျင်းပမည်ဟု ၎င်းအနေဖြင့် မျှော်လင့်ကြောင်း အမေရိကန်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဟီမစ်ဖီးယား ရိုဘာတာဂျာကော့ဗ်ဆန်က ပြောသည်။

အခြားသတင်းဌာနကမူ ၎င်းဆွေးနွေးပွဲသည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ဦးတည်သည့် တိုးတက်မှုများရှိသည်ဆိုသော်လည်း လူ့အခွင့်အရေးအခန်းကဏ္ဍအပေါ်မှာ သဘောထားကွဲပြားလျက်ရှိသည်ဟု ဖော်ပြသည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ ကျူးဘားနိုင်ငံအပေါ် အမေရိကန်ဘက်မှ ဖိအားပေးခဲ့ကြောင်း ရိုဘာတာဂျာကော့ဗ်ဆန်၏ ကြေညာချက်တွင် ဖော်ပြထားသည်။ အမေရိကန်ရေးရာ ကျူးဘားထိပ်တန်းသံတမန် ဂျိုစ်ဖီနာဗီဒဲလ်က ကျူးဘားနိုင်ငံသည် ဖိအားပေးခြင်းများကိုမည်သည့်အခါမျှ တုံ့ပြန်မှုမပြုလုပ်ပါဟု ပြောကြားခဲ့သည်။**ဘီဘီစီ။**

## ပြည်တွင်းရေးရာ

☆ **ပြည်ထောင်စုလွှတ်တော်မှ**

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော **အာဆီယံ ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအတွက် အပြန်အလှန် အသိအမှတ်ပြုရေး အစီအစဉ် အကောင်အထည်ဖော်ရေး ဒေသဆိုင်ရာအတွင်းရေးမှူးရုံး ထူထောင်ရေးသဘောတူညီချက်အား မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စ**နှင့်စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေက ယင်းသဘောတူညီချက်တွင်လက်မှတ်ရေးထိုးခြင်းဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စွမ်းဆောင်မှုနှင့် ပြိုင်ဆိုင်မှုများ ဖွံ့ဖြိုးတိုးတက်ရန် အလို့ငှာ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ခြင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလုပ်ငန်းနှင့် ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဖြစ်ပေါ်လျက်ရှိသော ကန့်သတ်ချက်များကိုလျှော့ချနိုင်ခြင်း၊ အာဆီယံအား ကမ္ဘာ့အဆင့်မီစံနှုန်းများ၊ ထောက်ပံ့မှုများ၊ ဆွဲဆောင်မှုများဖြင့် ပြည့်စုံသည့် တစ်ခုတည်းသော ခရီးစဉ်ဒေသအဖြစ် ဖွံ့ဖြိုးမှုနှင့် မြှင့်တင်မှုများကို ဆောင်ရွက်နိုင်ခြင်း၊ အာဆီယံဒေသအတွင်း ခရီးသွားလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အထောက်အပံ့များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးစေခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ချဲ့ထွင်ခြင်းများ ဆောင်ရွက်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစေနိုင်ခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်အတွင်း အပြန်အလှန် အထောက်အကူပြုမှုများ မြှင့်တင်နိုင်ခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကတို့အကြား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုတွင် ပိုမိုထိရောက်စွာ ပူးပေါင်း ဆောင်ရွက်နိုင်ခြင်း၊ အာဆီယံနိုင်ငံများအတွင်း ခရီးသွားလာခြင်း၊ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများနှင့် အထောက်အကူပြုလုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်နိုင်စေခြင်းစသည့် အကျိုးများ ရရှိနိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များအတွက် အပြန်အလှန် အသိ



ဒုတိယဝန်ကြီး ဒေါက်တာတင်ရွှေ



ဒုတိယဝန်ကြီး ဦးသောင်းတင်

အမှတ်ပြုရေးအစီအစဉ် အကောင်အထည်ဖော်ရေး ဒေသဆိုင်ရာအတွင်းရေးမှူးရုံး ထူထောင်ရေးသဘောတူညီချက်အား မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရေးကိစ္စကို လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူ အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

ယင်းနောက် **ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာနအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း(၁၀ ဒသမ ၅၀၀) ဘီလီယံချေးယူခွင့်**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးတို့က ဆွေးနွေးကြရာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူရာ သဘောတူသည့်အတွက် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာနအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း(၁၀ ဒသမ ၅၀၀)ဘီလီယံ ချေးယူခြင်းကိစ္စကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ခဲ့သည်။

အစည်းအဝေးပဉ္စမနေ့ကို ဇန်နဝါရီ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# တတိယအကြိမ် အကောင်းဆုံးထုတ်ဝေသူဆုနှင့် အကောင်းဆုံးစာအုပ်အရောင်းဆိုင်ဆုချီးမြှင့်ပွဲနှင့် စာအုပ်မိတ်ဆက်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၃**

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများ အသင်း၏ တတိယအကြိမ် အကောင်းဆုံးထုတ်ဝေသူဆုနှင့် အကောင်းဆုံးစာအုပ်အရောင်းဆိုင် ဆုချီးမြှင့်ပွဲနှင့် စာအုပ်မိတ်ဆက်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ရှိ Orchid Hotel ၌ ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းဥက္ကဋ္ဌ ဒေါက်တာသာထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး အသင်းတွဲဖက်အတွင်းရေးမှူး(၁) ဦးသိမ်းစိုးက ဆုရွေးချယ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က တတိယအကြိမ် ၂၀၁၃ ခုနှစ်အတွက် အကောင်းဆုံးထုတ်ဝေသူဆုရရှိသော အမျိုးသားစာပေဆုအဖြစ် ရွေးချယ်ခံရသည့် မောင်ရင့်မာ(ကျောင်းကုန်း) ၏ "လွတ်လပ်စွာ လွမ်းဆွတ်ခွင့်"စာအုပ်ထုတ်ဝေခဲ့သည့် အလင်္ကာစာအုပ်တိုက်(မန္တလေး)မှ ဦးပုညဆွေနှင့် ၂၀၁၄ ခုနှစ် အကောင်းဆုံးစာအုပ်အရောင်းဆိုင်ဆုရ နဂါးစာပေ(မန္တလေး)မှ ဦးထွန်းရွှေတို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ အသင်းတွဲဖက်အတွင်းရေးမှူး(၂) ဒေါ်ဝိုင်းက ၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၀ ရက်မှ ၂၂ ရက်အထိ UMFCCI ၌ ကျင်းပခဲ့သည့် စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲမှ ကဏ္ဍအသီးသီး၏ ဆွေးနွေးချက်များကို စာအုပ်အဖြစ် ထုတ်ဝေထားသော "စာအုပ်လောကအပေါ် သူတို့၏အမြင်" စာအုပ်နှင့် စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဆရာဦးကြည်မင်းက စာအုပ်ထွက်ရှိခြင်းနှင့်စပ်လျဉ်း၍ မုဒိတာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၊ မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းနှင့် စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပရေးကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ စာရေးဆရာများ၊ အဖွဲ့အစည်းများ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာအုပ်အရောင်းဆိုင်များမှ တာဝန်ရှိသူများ၊ စာအုပ်ထုတ်ဝေသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# အကျိုးအမြတ်ကို ရှေ့တန်းမတင်ဘဲ စာပေချစ်မြတ်နိုးတဲ့စိတ်နဲ့ ထုတ်ဝေဖြစ်လာအောင် ဒီလိုဆုတွေစီစဉ်ပြီး ရွေးချယ်ချီးမြှင့်ခဲ့တာဖြစ်

**ရန်ကုန် ဇန်နဝါရီ ၂၃**

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း တတိယအကြိမ် ၂၀၁၃ ခုနှစ် အကောင်းဆုံးထုတ်ဝေသူဆု၊ ၂၀၁၄ ခုနှစ် အကောင်းဆုံး စာအုပ်အရောင်းဆိုင် ဆုပေးပွဲအခမ်းအနားနှင့် UMFCCI တွင် ကျင်းပခဲ့သည့် စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်ရုံဆွေးနွေးပွဲ၏ ဆွေးနွေးချက်စာအုပ်ဖြစ်သော"စာအုပ်လောကအပေါ် သူတို့၏အမြင်" စာအုပ် မိတ်ဆက်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်းရှိ Orchid Hotel ၌ ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် တက်ရောက်၍ အမျိုးသားစာပေဆုအဖြစ် ရွေးချယ်ခံရသော မောင်ရင့်မာ (ကျောင်းကုန်း) ၏ "လွတ်လပ်စွာလွမ်းဆွတ်ခွင့်"စာအုပ် ထုတ်ဝေခဲ့သော အလင်္ကာစာအုပ်တိုက်(မန္တလေး)အား အကောင်းဆုံးထုတ်ဝေသူဆုနှင့် ၂၀၁၄ ခုနှစ် အကောင်းဆုံး စာအုပ်အရောင်းဆိုင်ဆုရ နဂါးစာပေ(မန္တလေး)တို့အား အသီးသီးဆုများ ချီးမြှင့်ခဲ့သည်။



ဦးသိမ်းစိုး



ဦးထွန်းရွှေ



ဦးပုညဆွေ

**ဦးသိမ်းစိုး**
**(မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ တွဲဖက်အတွင်းရေးမှူး၊ ဆုရွေးချယ်ရေးကော်မတီအဖွဲ့ဝင်)**

"ဒီနေ့ အခမ်းအနားကတော့ အကောင်းဆုံး ထုတ်ဝေသူဆုနဲ့ အကောင်းဆုံး အရောင်းဆိုင်ဆု ချီးမြှင့်ပွဲအခမ်းအနားပဲဖြစ်ပါတယ်။ ဒီလိုဆုတွေရွေးချယ်တဲ့အခါမှာ စာပေပညာရှင်တွေ၊ တတ်သိကျွမ်းကျင်တဲ့ ပညာရှင်တွေစုစည်းဖွဲ့စည်းထားတဲ့ အမျိုးသားစာပေဆု ရွေးချယ်ရေးကော်မတီကနေ စိစစ်ရွေးချယ်ပြီးတော့ နိုင်ငံတော်က ဆုချီးမြှင့်ခဲ့တဲ့ စာအုပ်တွေကို ရွေးချယ်ပြီး ဆုချီးမြှင့်တာပါ။ စာပေလောကမှာ လစ်လပ်နေတဲ့ ထုတ်ဝေသူရဲ့ အခန်းကဏ္ဍကို တိုးမြှင့်ပြီးတော့ အကျိုးစီးပွားတစ်ခုတည်းအတွက်မဟုတ်ဘဲ ပြည်သူတွေ တကယ်ဖတ်သင့်တဲ့ စာပေတွေ၊ စာပေလောကအတွက် တကယ်အကျိုးပြုပြီးတော့ လိုအပ်နေတဲ့စာပေတွေကို ထုတ်လာနိုင်အောင်အတွက် အကျိုးအမြတ်ကို ရှေ့တန်းမတင်ဘဲ စာပေချစ်မြတ်နိုးတဲ့စိတ်နဲ့ ထုတ်ဝေဖြစ်လာအောင် ဒီလိုဆုတွေစီစဉ်ပြီး ရွေးချယ်ချီးမြှင့်ခဲ့တာ ဖြစ်ပါတယ်။ စာရေးသူတွေ ဘယ်လိုပဲရေးရေး ထုတ်ဝေသူတွေ ဘယ်လိုပဲထုတ်ထုတ် စာရေးသူနဲ့ စာဖတ်သူကို ပေါင်းကူးပေးတာက ထုတ်ဝေသူတွေ၊ ဖြန့်ချိသူတွေပဲဖြစ်ပါတယ်။ ဒါကြောင့် စာအုပ်အရောင်းဆိုင်တွေရဲ့ အခန်းကဏ္ဍဟာလည်း အရေးပါပါတယ်။ စာအုပ်တွေထုတ်နေလည်း စာအုပ်ဆိုင်က ရောင်းလိုစိတ်မရှိဘူးဆိုရင် စာဖတ်ပရိသတ်နဲ့ စာရေးဆရာကြား အခက်အခဲဖြစ်နေမှာပါ။ တက်တက်ကြွကြွနဲ့ စေတနာပါပါ လှုပ်ရှားနေကြတဲ့ စာအုပ်ဆိုင်တွေကို သိမ်းသွင်းပြီးတော့ ကြိုးစားမှုတွေ ပိုမိုဖြစ်လာအောင် အခုနှစ် နဂါးစာပေနဲ့ အလင်္ကာစာအုပ်တိုက်ကို ချီးမြှင့်ပေးခဲ့ခြင်းဖြစ်ပါတယ်။ နောင်ဒီထက်ပိုပြီး ကောင်းမွန်တဲ့ စာအုပ်တွေ ထွက်လာမယ်ဆိုရင်လည်း သီးခြားဆုရွေးချယ်ပေးသွားဖို့ အစီအစဉ်တွေလည်းရှိပါတယ်။"

**ဦးထွန်းရွှေ**
**(နဂါးစာပေ)**
**အကောင်းဆုံးစာအုပ်**
**အရောင်းဆိုင်ဆု**

"ကျွန်တော်က အကောင်းဆုံး စာအုပ်အရောင်းဆိုင်ဆုရတာပါ။ ကျွန်တော်က မန္တလေးကပါ။ ရန်ကုန်ကထွက်သမျှစာအုပ်တွေရော၊ ဂျာနယ်၊ သတင်းစာကအစ ဖြန့်ပါတယ်။ စာပေနဲ့ပတ်သက်တာမှန်သမျှပါ။

ကျွန်တော် ဒီဆုကိုရလို့ ဝမ်းသာပါတယ်။ ရှေ့ဆက်ပြီးတော့လည်း စာပေနဲ့ပတ်သက်လို့ စာဖတ်သူတွေ လက်ထဲ ဖြန့်ချိသွားနိုင်အောင် ကြိုးစားသွားပါ့မယ်။ နောက်ပြီး ကျွန်တော့်ကို ဆုချီးမြှင့်တဲ့ ပုဂ္ဂိုလ်တွေရော၊ စာပေရောင်းရင်း ဖောက်သည်တွေကိုလည်း ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်"

**ဦးပုညဆွေ**
**(အလင်္ကာစာအုပ်တိုက်)**
**၂၀၁၃ ခုနှစ်**
**အကောင်းဆုံးထုတ်ဝေသူဆု**

" ကျွန်တော်က ၂၀၁၃ ခုနှစ် အတွက် အကောင်းဆုံးထုတ်ဝေသူဆုကို အလင်္ကာစာအုပ်တိုက်ကနေ ရတာပါ။ မြန်မာနိုင်ငံစာပေထုတ်ဝေသူနဲ့ ဖြန့်ချိသူများအသင်းကနေပြီးတော့ မူတစ်ခုအနေနဲ့ ရွေးချယ်ပြီးတော့ ပေးခြင်းဖြစ်တယ်လို့ သိရပါတယ်။ ကျွန်တော်တို့စာအုပ်တိုက်က "လွတ်လပ်စွာလွမ်းဆွတ်ခွင့်"ဆိုတဲ့ ဆရာ မောင်ရင့်မာ(ကျောင်းကုန်း) ရေးသားတဲ့စာအုပ်နဲ့ အကောင်းဆုံး ထုတ်ဝေသူဆုကို ရတာပါ။ အဲဒီစာအုပ်က အမျိုးသားစာပေဆုနဲ့ စာပဒေသာဆုကိုလည်း ရရှိခဲ့ပါတယ်။ ဒီလိုဆုတွေ ချီးမြှင့်ပေးတဲ့အတွက်လည်း ကျွန်တော်တို့ဒီအသင်းကို ကျေးဇူးတင်ပါတယ်။ စာအုပ်ထုတ်ဝေသူတွေအနေနဲ့လည်း နောက်ထပ် စာအုပ်တွေ ထွက်ရှိဖို့ အားတစ်ရပ် ဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။"

ထို့နောက် တက်ရောက်လာသူများအား ၂၀၁၃ ခုနှစ် ကုန်သည်ကြီးများအသင်း (UMFCCI)တွင် ကျင်းပခဲ့သော စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲမှ စာပေပညာရှင် (၃၅)ဦး၏ ကဏ္ဍအသီးသီး ဆွေးနွေးချက်များကို စာအုပ်အဖြစ် ထုတ်ဝေထားသော "စာအုပ်လောကအပေါ် သူတို့၏အမြင်"စာအုပ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း တွဲဖက်အတွင်းရေးမှူးက ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများအား အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ - သီသီမင်း

## ပြည်တွင်းရေးရာ

**✪ ကျောဖုံးမှ**

ရောင်းချပေးသွားမည်ဖြစ်ပါကြောင်းနှင့် သမဝါယမဝန်ကြီးဌာနအနေဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြား ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက "သမဝါယမအစ မြင်းမူက" ဆိုသကဲ့သို့ သမဝါယမစနစ်သည် ၁၉၀၅ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင်စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ ငွေစုငွေချေးသမဝါယမအသင်းက အစပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း၌ သမဝါယမအသင်းပေါင်း ၅၁၆၃ သင်း ဖွဲ့စည်းနိုင်ခဲ့ပြီး ပြည်သူများ၏ ဆင်းရဲမှုလျှော့ချရေး၊ လူနေမှုဘဝ မြင့်မားရေးကို တစ်ဖက်တစ်လမ်းကအထောက်အကူပြုနိုင်ခဲ့ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနှင့် သမဝါယမလုပ်ငန်းများဖြင့်တိုင်းပြည်စီးပွားရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အမှန်တကယ် အထောက်အကူပြုလာစေမည်ဟု ယုံကြည်ပါကြောင်း၊ သို့ဖြစ်၍ ပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးညဏ်ထွန်းက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် အခမ်းအနား၏ ရည်ရွယ်ချက်မှာကျေးလက်ဒေသဖွံ့ဖြိုး ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ် (၈) ရပ်တွင်ပါဝင်သည့် သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ရာတွင် ဆင်းရဲနွမ်းပါးသူများအား လက်တွေ့အထောက်အကူပြုနိုင်ရန် ဆောင်ရွက် ပေးခြင်းဖြစ်ကြောင်း၊ ထို့ပြင်မြန်မာ့လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက် ဆောင်ရွက် ပေးခြင်းလည်း ဖြစ်ပါကြောင်း၊ သမဝါယမဝန်ကြီးဌာနက လယ်ယာသုံး စက်ကိရိယာများ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးခြင်းကြောင့် ကျေးလက်နေ တောင်သူလယ်သမားများအနေဖြင့် အချိန်မီ စိုက်ပျိုးနိုင်ခြင်း၊ လုပ်ငန်းတွင်ကျယ်ခြင်း၊ အချိန်ကုန်သက်သာခြင်း၊ စိုက်စရိတ်သက်သာခြင်းနှင့် လုပ်အားသက်သာခြင်းစသည့် အကျိုးကျေးဇူးများကို ခံစားရပြီး လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်မှုအပြင် ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးလုပ်ငန်း များလည်း အဆင်ပြေစွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။



**စိုက်ပျိုးခြင်း၊ ကြိတ်ခွဲခြင်း၊ ဈေးကွက်သို့ ရောင်းချခြင်းအဆင့်ထိ Supply Chain တစ်ခုလုံးကို အချိတ်အဆက်မိမိ ဆောင်ရွက် နိုင်ရန် တစ်ဦးတစ်ယောက်၏အားထက် ပိုမို ဆောင်ရွက်နိုင်မည့် သမဝါယမအသင်းအဖွဲ့အား နှင့် ဆောင်ရွက်မည်ဆိုပါက ပိုမိုအောင်မြင် မည်။**

ထိုသို့ ဆောင်ရွက်ရာတွင် စိုက်ပျိုးခြင်း၊ ကြိတ်ခွဲခြင်း၊ ဈေးကွက်သို့ ရောင်းချခြင်းအဆင့်ထိ Supply Chain တစ်ခုလုံးကို အချိတ်အဆက်မိမိ ဆောင်ရွက်နိုင်ရန် တစ်ဦးတစ်ယောက်၏အားထက် ပိုမိုဆောင်ရွက်နိုင်မည့် သမဝါယမအသင်းများဖွဲ့စည်းပြီး အဖွဲ့အစည်းအားနှင့် ဆောင်ရွက်သွားမည် ဆိုပါက ပိုမိုအောင်မြင်မည်ဖြစ်ပါကြောင်း၊ သမဝါယမအသင်းများအနေဖြင့် လည်း တောင်သူလယ်သမားများကို စိုက်ပျိုးထုတ်လုပ်ရေးအတွက် ငွေထုတ် ချေးခြင်း၊ လယ်ယာသုံးစက်ကိရိယာများ ရောင်းချပေးခြင်းအပြင် ကြိတ်ခွဲ ရောင်းချနိုင်သည့်အဆင့်ရောက်အောင် စီမံဆောင်ရွက်သွားကြရန် တိုက်တွန်း မှာကြားလိုပါကြောင်း။

စက်မှုလယ်ယာစနစ် အကောင်အထည်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံ ရေမြေသဘာဝနှင့် ကိုက်ညီသည့် ခေတ်မီလယ်ယာသုံး စက်ကိရိယာများကို အသုံးပြုဆောင်ရွက်နိုင်မှသာ ထိရောက်နိုင်မည်ဟု တောင်သူလယ်သမား များက လက်ခံယုံကြည်ထားပါကြောင်း၊ လယ်ယာသုံးစက်ကိရိယာများကို သုံးစွဲလိုကြသည့် အသင်းသား တောင်သူလယ်သမားများအတွက်လည်း တန်ဖိုး ကြီးမားသည့် လယ်ယာသုံးစက်ကိရိယာများကို လက်ငင်းငွေချေစနစ်ဖြင့် ဝယ်ယူနိုင်သည့် အခွင့်အလမ်းနည်းပါးခြင်းကြောင့် သမဝါယမဝန်ကြီးဌာနက ကိုရီးယားသမ္မတနိုင်ငံ Daedong Industrial Co.,Ltd. ထံမှ လယ်ယာသုံး စက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက် ပေးခြင်းဖြစ်ပါကြောင်း။

ယခုရောင်းချပေးမည့် လယ်ယာသုံးစက်ကိရိယာများကိုအသုံးပြုပြီး လယ်ယာ ကဏ္ဍကို ပိုမိုကျယ်ကျယ်ပြန့်ပြန့်တိုးတက်အောင် ဆောင်ရွက်ကြရမည် ဖြစ်ပါ ကြောင်း၊ သို့မှသာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ထိရောက်စွာ အထောက်အကူ

**ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွား ဘဝမြှင့်တင်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်များကို စီမံချက်များ ရေးဆွဲကာ တစိုက်မတ်မတ် အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိ။**

ပြုနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရ တာဝန်ယူခဲ့သည့် ကာလအတွင်း ပြည်သူများ၏လိုအင်ဆန္ဒကို ဖြည့်ဆည်းနိုင်ရန်အတွက် နိုင်ငံရေးပြုပြင်ပြောင်း လဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုနှင့် ပုဂ္ဂလိကကဏ္ဍပြုပြင်ပြောင်းလဲမှုများအား တတိယလှိုင်း(Third Wave)အထိ အဆင့်ဆင့်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုများကို အားလုံး သိရှိပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရန်အတွက် ပြည်တွင်း၊ ပြည်ပမှပညာရှင်များနှင့် ညှိနှိုင်းတိုင်ပင် ဆွေးနွေးပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်များကို စီမံချက်များရေးဆွဲကာ တစိုက်မတ်မတ် အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

သမဝါယမစနစ်သည် အသင်းသားတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးကဝိုင်းဝန်းပူးပေါင်းကူညီ ဆောင်ရွက်ပေး ရသည့်စနစ်ကို ရှေးရှုပြီး ဆောင်ရွက်နေခြင်းပင်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံ လုံးတွင် သမဝါယမအသင်းသားများ တိုးပွားအောင်မြင်လာသည်နှင့်အမျှ နိုင်ငံတော်အစိုးရအပေါ် မှီခိုအားထားနေရခြင်းမျိုး မရှိတော့ဘဲ မိမိတို့၏ စုဆောင်းငွေ အရင်းအနှီးဖြင့် ကိုယ်ပိုင်စက်ကိရိယာများနှင့် တစ်ပိုင်တစ်နိုင် ရပ်တည်နိုင်ပြီး မိမိအကျိုးသာမက အများအကျိုးနှင့် နိုင်ငံအကျိုးကိုလည်း တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် အတိတ်ကာလက မြန်မာ့သမဝါယမ၏ ကောင်းမွေ၊ ဆိုးမွေများကို သင်ခန်းစာရယူပြီး မိမိတို့လက်ထက်တွင် အခြေခံလူတန်းစား များဘဝ မြင့်တက်လာစေရန်၊ ဆင်းရဲနွမ်းပါးမှုလျော့နည်းကျဆင်းသွားစေ ရန်၊ နိုင်ငံစီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးနိုင်ရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် သမဝါယမ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အမှန်တကယ်အောင်မြင်

**သမဝါယမလုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် အမှန်တကယ် အောင် မြင်ဖြစ်ထွန်းနေသည့် နိုင်ငံများကို စံနမူနာယူပြီး မိမိတို့နိုင်ငံတွင်လည်း အောင်မြင်ဖြစ်ထွန်းအောင် ရိုးရိုးသားသား ကြိုးကြိုးစားစားဖြင့် ဝိုင်းဝန်း အကောင်အထည်ဖော်ဆောင်ရွက်ကြ။**

ဖြစ်ထွန်းနေသည့်နိုင်ငံများကို စံနမူနာယူပြီး မိမိတို့နိုင်ငံတွင်လည်း အောင်မြင် ဖြစ်ထွန်းအောင် ရိုးရိုးသားသား ကြိုးကြိုးစားစားဖြင့် ဝိုင်းဝန်းအကောင် အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးတို့က တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများ သို့ ခရိုင်အလိုက် အသေးစားချေးငွေများကိုပေးအပ်ပြီး ဗဟိုသမဝါယမအသင်း နှင့် သမဝါယမဘဏ် လီမိတက်ဥက္ကဋ္ဌ ဦးခင်မောင်အေးက အရစ်ကျစနစ်ဖြင့် ပံ့ပိုးရောင်းချသည့် လယ်ယာသုံးစက်ကိရိယာများနှင့် လုပ်ငန်းသုံးပစ္စည်းများ ကို ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းသားများကိုယ်စား တန့်ဆည်မြို့နယ်မှ သမဝါယမအသင်းသား ဦးမြင့်ထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

**ယနေ့အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမအသင်းပေါင်း ၃၄၅၀ မှ အသင်းသားများသို့ သမဝါယမအသေးစားအရင်းအနှီး ချေးငွေကျပ် သန်း ၂၃၈၅၂ ဒသမ ၉၁၇၉ ထုတ်ချေးပေးခဲ့ပြီး ထွန်စက်ကြီး ၅၈၆ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ၅၉ စီး၊ လက်တွန်းထွန်စက် ၅၁၄ စီး၊ ထော်လာဂျီ ၂၉၄ စီး၊ အင်ဂျင် ၆၈ လုံး၊ မြေမွှစက် ၂၆ လုံး၊ ထွန်/ထယ် ၁၀၇ စုံ၊ အခြား လယ်ယာသုံး စက်ကိရိယာ ၁၁၅ မျိုး၊ လယ်ယာသုံး စက်ကိရိယာ ရှစ်မျိုးအပါ အဝင် စုစုပေါင်း ၁၇၈၉ ခု၊ မော်တော်ဆိုင်ကယ် ၅၂၆၈ စီး၊ သုံးဘီးဆိုင်ကယ် ၈၃ စီး၊ အပ်ချုပ်စက် ၃၈၃ စက်၊ အခြား ရှစ်ခု၊ လုပ်ငန်းသုံးပစ္စည်း လေးမျိုး အပါအဝင် စုစုပေါင်း အရေအတွက် ၅၇၄၂ ခုကို အရစ်ကျချေးငွေဖြင့် ပံ့ပိုးပေး နိုင်ခဲ့ကြောင်း သိရသည်။**

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက် ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး သမဝါယမဝန်ကြီး ဌာနနှင့် ဝန်ကြီးဌာနများ၊ သမဝါယမအသင်းအဖွဲ့များနှင့် ကုမ္ပဏီများ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းပြခန်းများ၊ သမဝါယမအသင်းသားများသို့ ပံ့ပိုးပေးသည့် လယ်ယာသုံးစက်ကိရိယာများနှင့် လုပ်ငန်းသုံးပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မုံရွာမြို့ ဗောဓိတထောင် လေးကျွန်းစကြာရပ်တော်မူ ရုပ်ပွားတော်မြတ်ကြီးသို့ရောက်ရှိပြီး ဗုဒ္ဓရုပ်ပွား တော်မြတ်နှင့် ရပ်တော်မူရုပ်ပွားတော်မြတ်တို့အား ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ် လှူဒါန်းကာ အလှူငွေများကို ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ဗောဓိ တထောင်ကျောင်း ဆရာတော်ဘဒ္ဒန္တ သောဘိတ အမှူးပြုသော ဆရာတော် များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ ကြသည်။ **(သတင်းစဉ်)**



ပြည်သူ့လွှတ်တော်အစည်းအဝေး

# ရန်ကုန်မြို့ ကန်တော်မင်္ဂလာပန်းခြံအား ဦးဥတ္တမပန်းခြံဟု ပြောင်းလဲသတ်မှတ်ရန်အဆို အတည်ပြု

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ၏ **"ရှားတောမြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော ဌာနဆိုင်ရာရပ်ဝေး ဝန်ထမ်းများအတွက် အိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ရှားတောမြို့နယ်အတွင်း ဌာနဆိုင်ရာ (၂၅)ဌာနရှိ၍ ဝန်ထမ်းအင်အားစုစုပေါင်း (၂၉၈)ဦး ရှိပါကြောင်း၊ ဌာနပေါင်းစုံမှ ဝန်ထမ်း(၂၉၈)ဦးအနက် ဒေသခံဝန်ထမ်း (၁၇၉)ဦးရှိပြီး ရပ်ဝေးဝန်ထမ်း (၁၁၉)ဦးအတွက် ဌာနအလိုက်ဝန်ထမ်းအိမ်ရာ စုစုပေါင်း (၃၃)လုံးသာရှိသဖြင့် ရပ်ဝေးဝန်ထမ်း (၈၆)ဦးအတွက် ဝန်ထမ်းအိမ်ရာ လိုအပ်လျက်ရှိပါကြောင်း၊ ရှားတောမြို့တွင် မြေလွတ်မြေရိုင်းမရှိပါ၍ မြို့မြေအနာဂတ်မြေအသုံးချမှုစီမံချက်အရ ရှားတောမြို့ တောင်ဘက်၌ ဌာနဆိုင်ရာများအတွက် မြို့မြေတိုးချဲ့ရန် (၄၇ ဒသမ ဝ၄)ဧကလျာထားလျက်ရှိပြီး မြို့မြေတိုးချဲ့ရန် အမိန့်ရရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ရှားတောမြို့နယ်တွင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် လောလောဆယ်တွင် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးနိုင်ခြင်း မရှိသေးပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ **"မင်းပြား-မြေပုံ မြို့ချင်းဆက်လမ်းအား ကတ္တရာလမ်း (သို့မဟုတ်) ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်ပေးရန်နှင့် မြေပုံမြို့အား လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် မည်သို့သော စီမံချက်များ ရေးဆွဲထားသည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက မြေပုံ-မင်းပြားလမ်းအား ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေကျပ် (၂၀၀၀ ဒသမ ၉၀၀) သန်းဖြင့် ကတ္တရာရေပိတ်လွှာလောင်းခြင်း (၃) ဖာလုံ ပေ(၃၃၀)၊ ကျောက်ချောလမ်းခင်းခြင်း (၉)မိုင်၊ မြေသားတာပေါင်တင်တိုးချဲ့ခြင်း (၂၃၀၆၂)ကျင်းနှင့် သစ်သားတံတားများအား သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း (၁၅)စင်းတို့အား ဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၅-၂၀၁၆ခုနှစ် ဘဏ္ဍာရေးနှစ်တွင် ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်း (၆)မိုင်၊ ကျောက်ချောလမ်းခင်းခြင်း (၆)မိုင် (၃)ဖာလုံ၊ မြေသားတာပေါင်တင်တိုးချဲ့ခြင်း (၇)မိုင်နှင့် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်း



ရှားတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွံ။

(၂၅)စင်းတို့ကို ဆောင်ရွက်နိုင်ရန် ခန့်မှန်းကုန်ကျငွေ ကျပ် (၆၆၉၆ ဒသမ ၂၉၅)သန်းအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေတွင် လျာထားပါကြောင်းနှင့် ရန်ပုံငွေရရှိပါက မြေပုံ-မင်းပြားလမ်းသည် ကတ္တရာလမ်း (၆)မိုင် (၃)ဖာလုံခွဲ၊ ကျောက်ချောလမ်း (၁၆)မိုင် (၁)ဖာလုံခွဲနှင့် မြေသားလမ်း (၂)မိုင် (၂)ဖာလုံအဖြစ် တည်ရှိမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ မြေပုံ-မင်းပြားလမ်းအား လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ကတ္တရာ



သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း။

လမ်းအဆင့်မြှင့်တင်တည်ဆောက်နိုင်ရန် နှစ်စဉ်ရန်ပုံငွေ လျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ဂွမဲဆန္ဒနယ်မှ ဦးကြည်သာက **"လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်နှင့် မော်တော်ကားများအား စည်းကမ်းတင်းကျပ်စွာ အရေးယူရန်နှင့် နိုင်ငံသားများ ဈေးနှုန်းသက်သာစွာဖြင့် ရရှိစေလိုပါက ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်နိုင်သည့်နည်းလမ်းများကို ရှာဖွေရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း"** အဆိုကိုတင်သွင်းရာ သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်းက ထောက်ခံဆွေးနွေးသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းက လိုင်စင်မဲ့ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို နိုင်ငံသားများ ဈေးနှုန်းသက်သာစွာ ဝယ်ယူသုံးစွဲနိုင်ရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် သာသနာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ဥပဒေဘောင်အတွင်းမှ အဆင့်ဆင့်ဖြေလျှော့ဆောင်ရွက်ပေးလျက်ရှိပါသဖြင့် အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စက်ခလုတ်နှိပ်၍ ဆန္ဒမဲပေးသည့်စနစ်ကို အသုံးပြုပြီး အဆုံးအဖြတ်ရယူဆောင်ရွက်ရာ ထောက်ခံဆန္ဒမဲများသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်ညိုက **"ရန်ကုန်မြို့၊ ကန်တော်မင်ပန်းခြံ (ခေါ်) ကန်တော်မင်္ဂလာပန်းခြံအား ဦးဥတ္တမပန်းခြံဟု ပြောင်းလဲသတ်မှတ်ပေးစေလိုကြောင်း"** အဆိုတင်သွင်းရာ လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးကြသည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက ယင်းအဆိုအား လွှတ်တော်၏အဆုံးအဖြတ်ကိုရယူ၍ အတည်ပြုကြောင်း ကြေညာခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် အထူးသတိပြုဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်း(၆)ခု မေးမြန်းဖြေကြားခြင်း၊ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်း (၁)ခု တင်ပြခြင်းနှင့် အဆို(၁)ခု ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ပြန်လည်ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးသက်၏ **"ဝန်ကြီးဌာနတချို့ကြောင့် သဘာဝပတ်ဝန်းကျင် ပျက်ယွင်းနေမှုများကို မည်သို့ထိန်းသိမ်းညှိနှိုင်းဆောင်ရွက်ရန်ရှိသည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ကျောက်တောင်အား မိုင်းခွဲ၍ လမ်းချဲ့ခြင်းဆောင်ရွက်ရာတွင် ထွက်ရှိလာသောကျောက်များကို လမ်းခင်းရာတွင် အသုံးပြုပါကြောင်း၊ သဘာဝအတိုင်း ကျောက်တောင်များကို ပျက်စီးမှုနည်းနိုင်သမျှနည်းအောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိုင်းခွဲသည့်အခါ ကျောက်အချို့မှာ မတ်စောက်သည့်ချောင်းအတွင်းသို့ ကျရောက်မှုရှိခဲ့သော်လည်း ချောင်းတိမ်ကောသည့်အထိ ဖြစ်ပေါ်ခြင်း မရှိပါကြောင်း။

သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးအောင် တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ဆောင်ရွက်



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်



တနင်္သာရီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစိုးသက်။

လျက်ရှိပါကြောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် သိသာထင်ရှားစွာ ထိခိုက်စေနိုင်မှုများကို ရှောင်ရှားစေရန်နှင့် အနည်းဆုံးဖြစ်စေရန် အထူးသတိပြုဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အတူ သတ္တုတူးဖော်ထုတ်လုပ်သည့် ကုမ္ပဏီများအား တူးဖော်ပြီးသော ကျင်းများ၊ ချိုင့်များ၊ ကလိုင်များကို စွန့်ပစ်မြေစာများနှင့် အပေါ်ယံမြေဆီများ ပြန်လည်ဖုံးအုပ်၍ ဒေသနှင့်ကိုက်ညီသော နှစ်ရှည်ပင်၊ အရိပ်ရပင်များ စိုက်ပျိုးခြင်းဖြင့် ဂေဟစနစ်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အချိန်မီ စိုက်ပျိုးနိုင်ရန်အတွက်လည်း ပျိုးဥယျာဉ်များ ထူထောင်ထားရှိစေပါကြောင်း၊ တူးဖော်ပြီးစီးပါက တူးဖော်မှုလမ်းကြောင်းနေရာများ၌ ကုမ္ပဏီ၏ စရိတ်ဖြင့် သစ်ပင်များပြန်လည်စိုက်ပျိုးစေလျက်ရှိပါကြောင်း။

သတ္တုတွင်းပိတ်သိမ်းပါက မြေနေရာအား ပြန်လည်ထူထောင်ရေးလုပ်ငန်း၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့ကို ကွင်းဆင်းစစ်ဆေး၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့၏ ထောက်ခံအတည်ပြုချက်ရရှိမှသာ ပိတ်သိမ်းခွင့်ပြုပါကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီအနေဖြင့် သက်ဆိုင်ရာနယ်မြေများတွင် တရားဝင်ဆောင်ရွက်နေသော လုပ်ငန်းများအား တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိပြီး ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်နေသော လုပ်ငန်းများအား တားဆီးအရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်၏ **"မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ ၂၀၀၅ ခုနှစ်တွင် ကြိုးဝိုင်းအဖြစ် သတ်မှတ်ခဲ့သော ဘရုံကြိုးဝိုင်းအတွင်းမှ ယာမြေများကို သစ်တောမြေမှ ပယ်ဖျက်ပေးရေး၊ အဆိုပြု သာစည်ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ရာတွင် ပါဝင်သွားသည့် ကျေးရွာ(၅)ရွာနှင့်လယ်ယာမြေများကို ကာကွယ်တောမှ ပြန်လည်ပယ်ဖျက်ပေးရေးနှင့် ဘရုံကြိုးဝိုင်းအတွင်း PTTEP ကုမ္ပဏီက ရေနံတူးဖော်ခွင့်ကို မည်သည့်အစီအစဉ်ဖြင့် ရရှိနေသည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဘရုံကြိုးဝိုင်းဧရိယာသည် ရေဝေရေလဲဧရိယာအတွင်း ကျရောက်သည့်အတွက် အခြားမြေအသုံးချမှုအဖြစ် ပြောင်းလဲသုံးစွဲပါက မလိုလားအပ်သည့်ကိစ္စများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် ဥပဒေအရ ကာကွယ်ထားခြင်းဖြစ်ပါကြောင်း။

သီးနှံသစ်တော ရောနှောသောစနစ်ကို အခြေခံသည့် အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းလုပ်ငန်းကို ဘရုံကြိုးဝိုင်းအတွင်းရှိ ဒေသခံတောင်သူများ၏ ယာမြေများတွင်သာ ဆောင်ရွက်ခြင်းမဟုတ်ဘဲ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သစ်တောမြေအတွင်းရှိ ကျူးကျော်ယာမြေအားလုံးအတွက် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ လယ်မြေဧကတစ်သောင်းကျော်ကို အကျိုးပြုလျက်ရှိသည့် ရေလှောင်တမံ၏ ရေဝေရေလဲဒေသကို ထိန်းသိမ်းကာကွယ်လျက်ရှိသော ဘရုံကြိုးဝိုင်းအတွင်းမှ ယာမြေများကို ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ် မရှိပါကြောင်း။

သာစည် ကြိုးပြင်ကာကွယ်တောဖွဲ့စည်းစဉ်က ကိုးပင်ရွာ၊ ညောင်ပင်သာရွာ၊ ဖိုစွတ်ရွာ၊ စစ္စေးချောင်းရွာ၊ အင်ပင်လှရွာနှင့် သာစည်ရွာအတွက် လယ်ယာမြေ (၁၀၂၃ ဒသမ ၅၀) ဧကကို ထပ်မံချဲ့ထွင်ခြင်း မရှိစေဘဲ လုပ်ကိုင်စားသောက်ခွင့်ပြုခဲ့ပါကြောင်း။

၂၀၁၃ ခုနှစ်တွင် သာစည်ကြိုးပြင်ကာကွယ်တောအတွင်း ရွာမြေ၊ လယ်မြေ၊ အများပိုင်နှင့် သာသနာမြေ (၂၁၁ ဒသမ ၅၀)ဧကကို ပယ်ဖျက်ပေးခဲ့ပါကြောင်း၊ ယာမြေ(၁၁၂၂)ဧကကို သီးနှံ သစ်တောရောနှောစိုက်ပျိုးသည့်စနစ်ကိုအခြေခံသည့် ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခွင့်ပြုပေးလျက်ရှိပါကြောင်း၊ ထို့ပြင် ရွာမြေ၊ လယ်မြေ (၇၃၀ ဒသမ ၇၃) ဧကကို အဆင့်လိုက် ပယ်ဖျက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယာမြေ (၆၉၉၅ ဒသမ ဝ၇)ဧကကို သီးနှံသစ်တော ရောနှောစိုက်ပျိုးသည့်စနစ်ဖြင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း နှစ်ရှည်ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ပါကြောင်းနှင့်အဆိုပါ ယာမြေများအား ကြိုးပြင်ကာကွယ်တောမြေအဖြစ်မှ ပယ်ဖျက်ပေးရန် အစီအစဉ် မရှိပါကြောင်း။

ဘရုံကြိုးဝိုင်းအတွင်း PTTEP ကုမ္ပဏီမှ ဆိုက်စမစ်လမ်းကြောင်း ဖောက်လုပ်ရာတွင် ဌာနမှ ဆောင်ရွက်ထားသော သဘာဝတောထိန်းလုပ်ငန်းနှင့် ဓမ္မတာမျိုးဆက်ခြင်းလုပ်ငန်းဧရိယာများအတွင်း ကျရောက်ခဲ့သဖြင့် သစ်ပင်၊ သစ်တော ထိခိုက်မှု (၄ ဒသမ ၈၈)ဧကအတွက် လျော်ကြေးငွေကျပ်(၁၆၇၄၉ ဒသမ ၆)ကို ကုမ္ပဏီက ပေးလျော်ခဲ့ပါကြောင်း၊ သို့ဖြစ်ပါ၍ PTTEP ကုမ္ပဏီသည် ဘရုံကြိုးဝိုင်းအတွင်း ဆိုက်စမစ်လမ်းကြောင်းများ ဖောက်လုပ်ခြင်းဖြစ်ပြီး နိုင်ငံတော် အကျိုးစီးပွားအတွက် စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်း၍ ရေနံစမ်းသပ်ရှာဖွေရေးလုပ်ငန်း ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် **ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၃)ဦးတို့က ဆွေးနွေးခဲ့ကြသည်။

**ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း**က လူတစ်ဦးချင်း၏ လွတ်လပ်မှု၊ အခွင့်အရေးတို့ကို အလေးထားပြီး အသက်(၁၈)နှစ်မပြည့်သည့် လူငယ်များကိုလည်း လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိစေချင်ပါကြောင်း၊ (၁၈)နှစ်မပြည့်၍ ဘာသာကူးပြောင်းခွင့် မရှိခြင်းမျိုး မဖြစ်စေချင်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးနှင့် ဘာသာရေးလွတ်လပ်မှုတို့ အပြည့်အဝရရှိနေကြပါကြောင်း၊ ထို့ကြောင့် ယနေ့ကာလတွင် ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းမည်ဆိုပါက တိုင်းပြည်နှင့် ပြည်သူများအတွက် မလိုလားအပ်သောကိစ္စများ ရှိလာနိုင်သဖြင့် ယင်းဥပဒေပြဋ္ဌာန်းခြင်းကို ရပ်ဆိုင်း ထားသင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး**က ဥပဒေတွင် လွတ်လပ်စွာကိုးကွယ်နိုင်ခွင့်၊ စနစ်တကျ ဘာသာကူးပြောင်းနိုင်ခွင့်၊ ပွင့်လင်းမြင်သာမှု၊ ဘာသာတစ်ခုမှ အခြားဘာသာတစ်ခုကို အတင်းအကျပ်ကူးပြောင်းစေခြင်းမှ ကာကွယ်မှု စသည့်အချက်များ ပါဝင်သည့်အတွက် အလွန်သင့်မြတ်ပါကြောင်းနှင့် ယခုဥပဒေသည် လူ့အခွင့်အရေးကို မထိခိုက်နိုင်ပါကြောင်းဖြင့် ဆွေးနွေးသည်။ **(သတင်းစဉ်)**

# တပ်မတော်ရဲ့ လုပ်ဆောင်ချက်တွေဟာ နိုင်ငံအတွက် တကယ်အကျိုးရှိတဲ့လုပ်ဆောင်ချက်ဖြစ်တာ သိအောင်လုပ်ရမယ်

နေပြည်တော် ဇန်နဝါရီ ၂၃

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် CNA သတင်းဌာနအား လက်ခံတွေ့ဆုံ၍ တပ်မတော်နှင့်ပြည်သူ ဆက်ဆံရေး၊ Social Media ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားချက်အား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-**

**CNA ။ ။ မြန်မာနိုင်ငံဟာ အချိန်တိုအတွင်းမှာ အများကြီးရှေ့ကို ရောက်ခဲ့ပါတယ်။ အခုအချိန်မှာ ပြည်သူတွေကတပ်မတော်နဲ့ တပ်မတော်သားတွေအပေါ်မှာ ဘယ်လိုတွေပြောင်းလဲလာခဲ့ပါသလဲ။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ တပ်မတော်ရဲ့သမိုင်းကြောင်းကို စောစောကကျွန်တော်ပြောခဲ့တယ်။ လွတ်လပ်ရေးကြိုးပမ်းမှုကနေပြီး ယနေ့ကာလထိ နိုင်ငံရဲ့သမိုင်းနဲ့ တပ်မတော်ရဲ့သမိုင်း ခွဲခြားလို့မရပါဘူးလို့ ကျွန်တော်ပြောခဲ့တယ်၊ တပ်မတော်ရဲ့ ဆောင်ရွက်မှုအခန်းကဏ္ဍတွေကို ပြည်သူတွေအများကြီးသိပါတယ်။ သို့သော်လည်း သူတို့လည်း ခံစားချက်တွေရှိမှာပေါ့လေ။ အခုအချိန်မှာ ကျွန်တော်တို့အနေနဲ့ တကယ်ကို နိုင်ငံတော်ကာကွယ်ရေးအတွက် ကျွန်တော်တို့ထမ်းဆောင်နေတယ်။ ပြည်သူလူထုရဲ့ အကျိုးစီးပွားကိုဖော်ဆောင်ပေးနေတယ်။ ပြည်သူလူထုတွေရဲ့အကျိုးစီးပွားကို ကာကွယ်ပေးနေတယ်ဆိုတော့ ပြည်သူကလက်ခံလာတယ်။ အခုကျွန်တော်တို့လုပ်နေတာတွေ အများကြီးရှိတယ်။ ကျွန်တော်ထင်ပါတယ်။ ပြည်သူအများစုက ကျွန်တော်တို့အပေါ်မှာ ယုံကြည်မှုအပြည့်အဝရှိတယ်လို့ ယုံကြည်ပါတယ်။ မကြိုက်တဲ့လူဆိုတာကလည်း ရှိရင်ရှိမှာပေါ့လေ။ ဒါကတော့ ပြောလို့မရဘူးလေ။

**CNA ။ ။ ပြည်သူတွေက တပ်မတော်ကိုနားလည်အောင် အများကြီးလုပ်နေတာတွေ ရှိတယ်လို့ပြောပါတယ်။ ဘာတွေများလုပ်နေလဲဆိုတာ သိပါရစေ။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ ဒါကလည်း ကျွန်တော်တို့သမိုင်းမှာ ၁၉၆၂ ခုနှစ်ကနေ ၁၉၇၄ ခုနှစ်ပေါ့။ တော်လှန်ရေးကောင်စီ တပ်မတော်အစိုးရပေါ့။ ၁၉၇၄ ခုနှစ်ကနေ ၁၉၈၈ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ကိုယ်စားပြုတဲ့အစိုးရတစ်ပါတီစနစ်၊ ၁၉၈၈ ခုနှစ်ကနေ ၂၀၁၁ ခုနှစ် မတ်လအထိတပ်မတော်အစိုးရအုပ်ချုပ်ခဲ့တယ်။ ဒီအုပ်ချုပ်ခဲ့တဲ့ ကာလတွေမှာ လူပုဂ္ဂိုလ်တစ်ဦးချင်းအနေနဲ့ စီးပွားရေးအရ၊ နိုင်ငံရေးအရ ခံစားချက်တွေရှိနိုင်ပါတယ်။ အဲဒီတော့ သူတို့ရဲ့ ဒီခံစားချက်တွေကို ကျွန်တော်တို့တွေအနေနဲ့ တတ်နိုင်သလောက်ဖြေရှင်းဆောင်ရွက်ပေးနေတာပါ။ သူတို့ရဲ့အကျိုးစီးပွားတွေ ဖော်ဆောင်ပေးနေတာ ကျွန်တော်တို့တွေရဲ့ လုပ်ဆောင်ချက်တွေဖြစ်ပါတယ်။ အဲဒီတော့တစ်ယောက်နဲ့ တစ်ယောက်က မတူနိုင်ဘူးပေါ့။ ကွာခြားချက်တော့ရှိနိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ တပ်မတော်ဟာ ပြည်သူကြားက ပေါက်ဖွားလာတဲ့တပ်မတော်ဖြစ်တဲ့အတွက် ပြည်သူတွေအကျိုးစီးပွားကို ကာကွယ်ပေးတဲ့ ဖော်ဆောင်ပေးတဲ့ တပ်ဖြစ်အောင်၊ နိုင်ငံကို လုံခြုံအောင်ကာကွယ်ပေးနိုင်တဲ့ တပ်မတော်ဖြစ်တယ်ဆိုတဲ့အကြောင်း ပြည်သူကအမြဲတမ်းထာဝရ ယုံကြည်နေအောင် ကျွန်တော်တို့အနေနဲ့ လုပ်ဆောင်နေပါတယ်။ ဒါဟာလက်တွေ့လုပ်ဆောင်ချက်တွေမှာကြည့်လိုက်ရင် သိပါတယ်။

**CNA ။ ။ ပြည်သူတွေသတိထားမိစေမယ့် ဘယ်လိုမျိုးအချက်တွေကို လုပ်ဆောင်ပေးပါသလဲ။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ ဥပမာအားဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်နေတာရှိပါတယ်။ တချို့ပြည်နယ်တွေနဲ့ တိုင်းတွေမှာ အချို့တော်တော်လေးအားနည်းတယ်။ ဥပမာအားဖြင့် နေရေး၊ ထိုင်ရေး၊ ပညာရေး၊ ကျန်းမာရေးစတဲ့ကိစ္စရပ်တွေမှာ ကျွန်တော်တို့အများကြီး လုပ်ပေးနေတယ်။ နောက်တစ်ခါပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကျွန်တော်စောစောက ခင်ဗျားပြောခဲ့သလို တိုင်းရင်းသား လက်နက်ကိုင်ပြဿနာလေးတွေရှိခဲ့ပါတယ်။ တချို့နေရာတွေဟာ လုံခြုံမှုစိတ်မချရတဲ့နေရာတွေရှိပါတယ်။ အဲဒီစိတ်မချရတဲ့နေရာတွေမှာ ကျွန်တော်တို့တွေ သက်ဆိုင်ရာလုံခြုံရေး အကာအကွယ်အတွက် လုံခြုံရေးတာဝန်ထမ်းဆောင်နေတဲ့ တရားဥပဒေစိုးမိုးရေး တာဝန်ထမ်းဆောင်နေတဲ့ ရဲတပ်ဖွဲ့တွေကို အကူအညီပေးပြီးတော့မှ ကျွန်တော်တို့ဆောင်ရွက်ပေးနေတယ်။ ဒါတွေကို ပြည်သူကသိတယ်။ နောက်တစ်ခုကတော့ သိသာထင်ရှားတဲ့ အလုပ်တစ်ခုဆိုရင် ဥပမာအားဖြင့် နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ပြည်သူတွေ အလုပ်လုပ်နိုင်ဖို့လိုတယ်။ အလုပ်လုပ်နိုင်ဖို့ဆိုရင် ကျန်းမာဖို့လိုတယ်။ အဲဒီကျန်းမာနိုင်ဖို့အတွက်ကို ကျွန်တော်တို့ တပ်မတော်က ဆေးတပ်ဖွဲ့တွေနဲ့ တပ်မတော်သားတွေက ပြည်သူ့ကျန်းမာရေးလုပ်ငန်းရပ်တွေကို ကျယ်ကျယ်ပြန့်ပြန့်လုပ်နေတယ်။ တစ်နိုင်ငံလုံးမှာ လုပ်ပေးတယ်။ ဒါလည်းအစိုးရက လုပ်တာလည်း အများကြီးရှိတယ်။ သို့သော်လည်း အစိုးရကတချို့နေရာတွေမှာ မရောက်နိုင်တာလေးတွေရှိတယ်။ ကျွန်တော်တို့က အားဖြည့်ပေးတာပေါ့။ ဒါတွေက ကျွန်တော်တို့နိုင်ငံမှာ သိသာထင်ရှားတဲ့ လုပ်ဆောင်ချက်တစ်ခုထဲမှာပါတယ်။

**CNA ။ ။ ခုနကပြောပြခဲ့တဲ့အရာတွေက သူတို့အတွက် ဘယ်လောက်ပဲအကျိုးရှိရှိ ပြည်သူတွေအရင်တုန်းကပြုလုပ်ခဲ့တဲ့သမိုင်းမှာ ထင်ခဲ့တဲ့ကိစ္စတွေကြောင့် ပြည်သူတွေက ဒီဟာကို အသိအမှတ်မပြုဘူးလို့ ထင်ပါတယ်။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ ဒီလိုတော့ပြောလို့မရဘူး။ တစ်နိုင်ငံလုံးကို ခြုံကြည့်မယ်ဆိုရင် တပ်မတော်ရဲ့ လုပ်ဆောင်ချက်တွေကို လက်ခံတဲ့နေရာတွေ အများကြီးရှိနေတယ်။ ဒီလိုပြောနေတာတွေက အနည်းအကျဉ်းပဲဖြစ်တယ်။ခုနကပြောတဲ့ လူပုဂ္ဂိုလ်ရေးအရဖြစ်စေ၊ နိုင်ငံရေးအရဖြစ်စေ၊ စီးပွားရေးအရဖြစ်စေ၊ အဲဒီအချိန်မှာ သူတို့ရဲ့နစ်နာမှုနဲ့ ပတ်သက်ပြီး ခံစားချက်ရှိတဲ့လူတွေကနေပြီး ပြောဆိုချက်တွေပေါ်မှာ မူတည်ပြီးတော့ ဖြစ်လာတဲ့အကျိုးသက်ရောက်မှုလို့ ကျွန်တော်ပြောချင်တယ်။



**CNA ။ ။ တပ်မတော်က အကောင်းတွေလုပ်နေတာကို ပြည်သူတွေကအဆိုးပဲမြင်နေတယ်လို့ စိတ်ထဲမှာ ခံစားရပါသလား။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ ကျွန်တော်မခံစားရဘူး။ သူတို့နားလည်တဲ့အချိန်ကျရင် သူတို့လက်ခံလာလိမ့်မယ်။ နားလည်တဲ့လူလည်း နားလည်နေပါပြီ။ နောက်ကျွန်တော်တို့မှာ ခုနကပြောတဲ့ အတွေ့အကြုံတွေဆိုတာ နည်းပါးတယ်။ အတွေ့အကြုံနည်းတော့ ခုနကပြောတဲ့ ခံစားချက်ရှိတဲ့လူတွေက ဒါမှမဟုတ်ရင် နိုင်ငံရေးနဲ့ပတ်သက်ပြီးတော့မှ စိတ်ဝင်စားတဲ့လူတွေက ပြောဆိုတာတွေရှိတာပေါ့။ ဒီအပေါ်မှာ သူတို့နားယောင်ပြီးတော့မှ တချို့လည်း ကျွန်တော်တို့အပေါ်မှာ အမြင်မကောင်းသေးတာလည်းရှိပါတယ်။ ကျွန်တော်မရှိဘူးလို့မပြောပါဘူး။ ဒါပေမယ့် အများစုကတော့ ကျွန်တော်တို့ရဲ့လုပ်ဆောင်ချက်တွေ အပေါ်မှာ အကောင်းမြင်တယ်လို့ ကျွန်တော်ခံယူထားပါတယ်။

**CNA ။ ။ Social Media တွေကနေပြီးတော့ ပြည်သူလူထုက တပ်မတော်အပေါ်မှာ ပိုပြီးတော့နားလည်လာအောင် ဘယ်လိုဆောင်ရွက်နေတာများရှိပါလဲ။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ အဓိကကတော့ တပ်ကလည်း သူ့စည်းကမ်းနဲ့သူနေတာပေါ့။ သူ့စည်းကမ်းနဲ့သူနေပြီးတော့မှ တိုင်းပြည်ကို အကျိုးပြုတယ်ဆိုရင် ပြည်သူကလည်း နားလည်မှာပဲ။ ဒါကိုကျွန်တော်ဦးစားပေးဆောင်ရွက်နေတယ်။ တပ်မတော်ဆိုတာက စည်းကမ်းအင်မတန် အရေးကြီးတယ်။ထို့အတူပဲ ဥပဒေကိုလိုက်နာရတယ်။ အဲဒီတော့ စည်းကမ်းကောင်းတယ်။ ဥပဒေလိုက်နာတယ်ဆိုရင် ပြည်သူလူထုက ကျွန်တော်တို့အပေါ်မှာ အထင်အမြင်လွဲစရာ အကြောင်းတော့ မရှိဘူး။ ဒါကိုကျွန်တော်က ဦးစားပေးပြီးလုပ်တယ်။ အခုလည်း ကျွန်တော် စည်းကမ်းကိုင်ပြီးတော့မှ ဥပဒေနဲ့အညီဖြစ်အောင် ဆောင်ရွက်မှုတွေ အများကြီးရှိပါတယ်။ လူဆိုတာကတော့ မတစ်ထောင်သားဖြစ်တဲ့အတွက်ကြောင့် စည်းကမ်းဖောက်တဲ့သူမရှိဘူးလို့ ကျွန်တော်မပြောပါဘူး။ မရှိဘူးတော့မဟုတ်ဘူး။ ရှိမှာပဲ။ သို့သော်လည်း စည်းကမ်းဖောက်လာရင် ပြင်းပြင်းထန်ထန် အရေးယူတာပေါ့။ တစ်ဖက်ကလည်း ပြည်သူလူထုနဲ့ ပတ်သက်တဲ့ကိစ္စဆိုရင်တော့ ဥပဒေနဲ့အညီ ကျွန်တော်အရေးယူမယ်။ တကယ်လို့ ဥပဒေနဲ့အညီလုပ်လို့ သူ့ဘက်ကစည်းကမ်းချိုးဖောက်တာ၊ သူ့လုပ်ဆောင်ချက်က ဥပဒေနဲ့မညီဘူးလို့ ပေါ်လွင်တယ်ဆိုရင်တော့ အပြင်မှာ၊ အရပ်ဘက်မှာ အရေးယူတာထက် ကျွန်တော်တို့က ပိုပြင်းထန်တယ်။ မလုပ်ရဲအောင် ပြစ်ဒဏ်ချတယ်။ ဒါကတော့ ကျွန်တော်တို့ဘက်က လုပ်ဆောင်ချက်ဖြစ်ပါတယ်။ ဒီလုပ်ဆောင်ချက်ကို ပြည်သူကသိတယ်ဆိုရင် ပြည်သူက ကျွန်တော်တို့အပေါ်မှာ လက်ခံမှာပဲဖြစ်ပါတယ်။

**CNA ။ ။ တပ်မတော်သားတွေက စည်းကမ်းလိုက်နာရတယ်။ပိုပြီးတော့စည်းကမ်းကြီးတယ်လို့ ပြောပါတယ်။ ဒါပေမယ့် တချို့ကိစ္စရပ်တွေမှာ တပ်မတော်သားတွေက အပြစ်ကနေလွတ်မြောက်နေတာကို ဘယ်လိုဖြေရှင်းပေးမှာပါလဲ။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ အဲဒါဆို သူတို့နစ်နာမှုအတွက် တိုင်လို့ရတယ်။ နံပါတ်တစ်အချက်က ပြည်သူက တကယ်နစ်နာမှုရှိတယ်ဆိုရင် တိုင်လို့ရတယ်။ နောက်တစ်ခုက ဒီတပ်မတော်သားတွေ တာဝန်ထမ်းဆောင်တဲ့နယ်မြေနဲ့ အခြေအနေအပေါ်မှာလည်း မူတည်တယ်။ ပြည်သူတစ်ယောက်အနေနဲ့ ကြည့်မယ်ဆိုရင်တော့ အပြစ်လို့ယူဆပေမယ့် သူက သူ့ရဲ့လုပ်ပိုင်ခွင့်အရလုပ်တဲ့ဟာမျိုးဆိုရင်တော့ သူ့အတွက်က အပြစ်မဟုတ်ဘူး။ ဒါပေမယ့် ဒါကိုပြည်သူက အပြစ်လို့ မြင်လိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့က လက်နက်ကိုင်ပြီး တာဝန်ထမ်းဆောင်နေတဲ့လူတွေဖြစ်တာကိုး။ လက်နက်ကိုင်ပြီး တာဝန်ထမ်းဆောင်နေတဲ့လူတွေဖြစ်တဲ့အတွက်ကြောင့် အမှားအယွင်းတော့ပါမှာပဲ။ ဒါ့ကြောင့်လက်နက်ကိုင်တဲ့လူတစ်ယောက်ကိုလည်း သူ့ရဲ့လုပ်ပိုင်ခွင့်တွေပေးထားသလိုပဲ၊ ကန့်သတ်ထားတဲ့ဟာတွေကလည်း အများကြီးရှိတယ်။ လုပ်ပိုင်ခွင့်နဲ့ပတ်သက်ရင်လည်း သူ့အတွက် Right ပဲဖြစ်တယ်။ကန့်သတ်ချက်နဲ့ပတ်သက်လာရင် လေးစားရတယ်။ကန့်သတ်ချက်ထက်ကျော်လွန်ရင်တော့ သူအရေးယူခံရမယ်။ ဒါကြောင့် တကယ်လို့သာ အဲဒီလိုဖြစ်တယ်ဆိုရင်လည်း ပြည်သူတွေအနေနဲ့ အချိန်မရွေးတင်ပြလို့ရတယ်။ ကျွန်တော်တို့အနေနဲ့လည်း ဖြေရှင်းဆောင်ရွက်ပေးဖို့ အဆင်သင့်ရှိနေပါတယ်။

**CNA ။ ။ တပ်မတော်ရဲ့အောက်မှာရှိတဲ့ တပ်သားတွေအားလုံးက ဘယ်ပြစ်မှုကျူးလွန်ပြီးတော့မှ ပြစ်ဒဏ်မခံရတာ မဖြစ်စေပါဘူးလို့ ကတိပေးပါသလား။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ မှန်တယ်။ ဥပဒေနဲ့အညီပဲဖြစ်ရမယ်။ ဒီမှာကျွန်တော်တို့က ဥပဒေမရှိဘဲနဲ့ ဘာမှလုပ်လို့မရဘူး။ ကျွန်တော်တို့ဆီမှာ ခုနကပြောတဲ့ စည်းကမ်းတွေရှိတယ်။ စည်းကမ်းဆိုတာ တချို့ဟာတွေက တိုက်တွန်းချက်တွေ၊ တချို့ဟာတွေက တားမြစ်ချက်တွေ၊ ဒီလိုတိုက်တွန်းချက်နဲ့ တားမြစ်ချက်စည်းကမ်းတွေကို မလိုက်နာဘူးဆိုရင် ဥပဒေအရအရေးယူရမယ်။ ဒါပေမယ့် ဥပဒေမှာ သူသတ်မှတ်ထားတဲ့အကြောင်းအရာတွေရှိတယ်။ ဘယ်ဟာနဲ့ မကိုက်ညီဘူး။ မညီညွတ်ဘူးဆိုရင် ပြစ်မှုမြောက်တယ်။ ပြစ်မှုမမြောက်ဘူးဆိုတာရှိတယ်။ ဒီအပေါ်မူတည်ပြီးတော့ပဲ အပြစ်ရှိတယ်၊ မရှိဘူးဆိုတာ ဆုံးဖြတ်ရတာပဲဖြစ်တယ်။ ခုနကကျွန်တော်ပြောသလိုပဲ။ ပြည်သူကတော့သူက အပြစ်ရှိတယ်လို့ သူ့ရဲ့ ဥပဒေအရ ပြောပေမယ့်လည်း ဒါတွေက ရှေ့နေတို့၊ တရားသူကြီးတို့က ဥပဒေနဲ့ ညီညွတ်ခြင်း ရှိ/မရှိ လေ့လာပြီးတော့မှ အပြစ်ရှိတယ်၊ မရှိဘူးဆိုတာ ဆုံးဖြတ်မှာဖြစ်တယ်။ ခုနက ခင်ဗျားပြောတာကတော့ ပြည်သူရဲ့ဆန္ဒပေါ့။ ပြည်သူရဲ့ဆန္ဒကို ကျွန်တော်ကလေးစားပါတယ်။ ကျွန်တော့်ဆီမှာကို နေ့စဉ်နဲ့အမျှ ကျွန်တော့်ဆီစာရေးနေတာတွေရှိပါတယ်။ တချို့ဟာတွေကို ကျွန်တော်စိစစ်တဲ့အခါကျတော့ သူတို့လိုချင်တဲ့ဆန္ဒကိုပြောတာ၊ တကယ်တော့ ဥပဒေနဲ့မညီဘူး၊ စည်းကမ်းနဲ့မညီဘူး၊ ဒီလိုလည်း ကျွန်တော်တွေ့တယ်။ တချို့ကြတော့လည်း မှန်တာကိုတွေ့တယ်။ တချို့က ကျွန်တော်တို့တပ်မတော်နဲ့ ပတ်သက်တဲ့ကိစ္စတွေရှိတယ်။ တချို့ကြတော့ တပ်မတော်နှင့်မဆိုင်တဲ့ကိစ္စတွေရှိတယ်။ ဒါတွေဆိုရင် သက်ဆိုင်ရာဌာနတွေကိုပေးပြီးတော့ ဒါတွေကိုစိစစ်ပေးပါလို့ ကျွန်တော်ပြောပါတယ်။ တချို့ဟာကြတော့လည်း တပ်မတော်က တာဝန်ရှိတဲ့လူတွေကို ဒါတွေစစ်ကြည့်ပါလို့ ကျွန်တော်ပြောတယ်။ အဲဒီအချိန်မှာ တချို့ဟာတွေမှားယွင်းနေတာတွေ့တယ်။ တချို့ဟာတွေမှန်နေတာလည်းတွေ့တယ်။ မှန်လို့ရှိရင်၊ တပ်နဲ့ဆိုင်လို့ရှိရင် တပ်မတော်က အရေးယူ၊ တပ်နဲ့မဆိုင်ရင် သက်ဆိုင်ရာဌာနတွေက အရေးယူပေါ့။ သက်ဆိုင်ရာဌာနတွေကို ကျွန်တော်က အကြောင်းကြားပေးတယ်။ ကျွန်တော်လုပ်နိုင်တာက ဒါပဲရှိပါတယ်။

**CNA ။ ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ တာဝန်ကိုထမ်းဆောင်ပြီး နောက်ပိုင်းမှာ ပြုပြင်ပြောင်းလဲမှုတွေ အများကြီးလုပ်ခဲ့ပါတယ်။ အခုလိုမီဒီယာတွေ လက်ခံတွေ့ဆုံတာမျိုးအပြင် ရှေ့ဆက်ပြီးတော့ ဘာတွေဆက်လုပ်ဖို့ရှိပါသလဲ။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ လုပ်ရမှာတော့အများကြီးပဲ၊ အများကြီးရှိတယ်။ မီဒီယာနဲ့တွေ့တယ်ဆိုတာကလည်း ကျွန်တော်တွေ့သင့်တဲ့လုပ်ငန်းတစ်ခုပါပဲ။ ကျွန်တော်တို့ဘက်က ဖြစ်ချင်တာ ပြည်သူဘက်ကနေပြီးတော့ သိချင်တာ၊ ပြည်သူဘက်က ခံစားချက်နဲ့ပတ်သက်တာ၊ ဒါတွေကို ကျွန်တော်တို့ကဖြေရှင်းလို့ရတဲ့ လမ်းကြောင်းတစ်ခုလို့ မြင်တယ်၊ ကျွန်တော်တို့တပ်မတော်က နိုင်ငံအတွက် ဘာတွေလုပ်နေတယ် ဆိုတာကိုလည်း ပြောနိုင်တဲ့လမ်းကြောင်းတစ်ခုလည်းဖြစ်တယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့က မီဒီယာနဲ့ ဆောင်ရွက်မှုအပိုင်းအနေနဲ့ ဆက်ပြီး ဆောင်ရွက်သွားမှာဖြစ်တယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့နိုင်ငံအနေနဲ့ တပ်မတော်ရဲ့ လုပ်ဆောင်ချက်တွေဟာ နိုင်ငံအတွက် တကယ်အကျိုးရှိတဲ့ လုပ်ဆောင်ချက်တွေဖြစ်တယ်ဆိုတာသိအောင်လုပ်ရမယ်။ ဒီလုပ်ငန်းရပ်တွေကလည်း အများကြီးရှိတယ်။ ခုနကကျွန်တော်ပြောခဲ့ပါတယ် နိုင်ငံတော်ကာကွယ်ရေးဆိုရာမှာ ကျွန်တော်တို့ တိုက်ရိုက်လုပ်လို့ရတဲ့ကိစ္စတွေရှိသလို ကျွန်တော်တို့ တိုက်ရိုက်လုပ်လို့မရတဲ့ နယ်ပယ်တွေလည်းရှိတယ်။ ဒါမျိုးဆိုရင်လည်း ဆောင်ရွက်ပေးနိုင်တာကို တကယ်ဆောင်ရွက်တဲ့အဖွဲ့အစည်းတွေကို ကူညီပေးတာမျိုးပေါ့၊ ဒါတွေကို ကျွန်တော်တို့က ပိုပြီးတော့ထိထိရောက်ရောက် အလေးထားဆောင်ရွက်ပေးသွားမှာ ဖြစ်တယ်။ ဒါတပ်မတော်ရဲ့တာဝန်ပဲ။

**CNA ။ ။ အခုဒီအချိန်ဟာ မီဒီယာနဲ့တွေ့ပြီးတော့ ပွင့်ပွင့်လင်းလင်းပြောဖို့ အချိန်ရောက်ပြီလို့ ထင်ပါတယ်။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ ကျွန်တော်တို့သွားနေတာ ပါတီစုံဒီမိုကရေစီလမ်းကြောင်းသွားနေတာပဲ။ နိုင်ငံတကာမှာလည်းဒီလိုပဲသွားနေတာပဲ။ ဥပမာအားဖြင့် ကျွန်တော် ဂျပန်နိုင်ငံကို သွားတယ်။ ဂျပန်နိုင်ငံက ကျွန်တော့်ကိုရှင်းပြတယ်။ ကိုရီးယားနိုင်ငံကိုသွားတယ်၊

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ☆

**ပြည်တွင်းရေးရာ**

# ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာမှုရှိစေရန်

## နိုင်ငံတကာ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့ များ ဖိတ်ခေါ်သွားမည်



**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာနများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ကော်မရှင်အတွင်းရေးမှူး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်ရွေးကောက်ပွဲအရာရှိများ၊ ကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် အထွေထွေရွေးကောက်ပွဲကို ယခုနှစ် အောက်တိုဘာလကုန်သို့မဟုတ် နိုဝင်ဘာလဆန်းပိုင်းတွင် ကျင်းပသွားရန် သတ်မှတ်ကြေညာထားကြောင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆင့်လေးဆင့်နှင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး မဲဆန္ဒရှင်များအနေဖြင့် Online မှ ကြည့်ရှုနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မကြာမီကာလတွင် Voter Training နှင့် Voter Education လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ Voter Education ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး၊ ပြည်နယ်များ၊ ခရိုင်၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ဝန်ထမ်းများ၊ ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှဝန်ထမ်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်း (CSO)များနှင့်မီဒီယာများကို လေ့ကျင့်ပညာပေးသွားမည်ဖြစ်ပါကြောင်း၊ ပွင့်လင်းမြင်သာသောရွေးကောက်ပွဲဖြစ်စေရန် ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်၊ မဲရုံဝန်ထမ်းများ၊ သက်ဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံရေးပါတီများ၊ CSO များ၊ မီဒီယာများအနေဖြင့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ငန်းလမ်းညွှန်များကို သိရှိပြီး ဥပဒေနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်သွားရန်လိုကြောင်း၊ ဥပဒေကို သိရှိမှသာ အများအမှန်ကို သိရှိပြီး Check & Balance လုပ်နိုင်မည်ဖြစ်ပါကြောင်း။

လွှတ်တော်ရွေးကောက်ပွဲဥပဒေများ အခန်း (၁၃) တွင်ပြဋ္ဌာန်းထားသည့် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့်ပြစ်ဒဏ်များကို ဖောက်ဖျက်ကျူးလွန်၍တိုင်ကြားလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တည်ဆဲဥပဒေများနှင့်အညီ တိတိကျကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲများမှလည်း တိုင်ကြားချက်များကို သိရှိနိုင်ရန် ညှိနှိုင်းထားရန်လိုပြီး ဖြစ်စဉ်များကိုအချိန်နှင့်တစ်ပြေးညီ ကော်မရှင်သို့ အသိပေးတင်ပြရန်လိုကြောင်း။

မဲဆန္ဒရှင် ပညာပေးခြင်း (Voter Education)ဆောင်ရွက်ရာတွင် ရွေးကောက်ပွဲဆိုင်ရာ အသိပေးကြေညာချက်များ၊ အမေးအဖြေကဏ္ဍများ၊ ဗီဒီယိုဇာတ်လမ်းများကို ရုပ်မြင်သံကြားနှင့် အသံလွှင့်အစီအစဉ်များမှ ထုတ်လွှင့်ခြင်း၊ လက်ကမ်းစာစောင်များ၊ ကြော်ငြာဆိုင်းဘုတ်များ၊ ကာတွန်းရုပ်ပုံများဖြန့်ဝေခြင်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားများအတွက် သက်ဆိုင်ရာ ဘာသာစကားများဖြင့် ပြန်ဆိုအသိပညာပေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားလိုပါကြောင်း။

ရွေးကောက်ပွဲ ကျင်းပမည့်ရက် မကြေညာမီ မဲဆန္ဒနယ်များနှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များအတွက် ရွေးကောက်ခံခွင့်ရှိသော တိုင်းရင်းသားလူမျိုးများကို သတ်မှတ်ကြေညာပေးရမည်ဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၆၁(ခ) နှင့် (ဂ)အရ ဆောင်ရွက်နိုင်ရန်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် အတည်ပြုပြီးသော စာရင်းများကို ဆောလျင်စွာ ကော်မရှင်သို့ ပေးပို့ရန်လိုကြောင်း။

ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာမှုရှိစေရန် နိုင်ငံတကာရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေး အဖွဲ့များကို ဖိတ်ခေါ်သွားမည်ဖြစ်ပါကြောင်း၊နိုင်ငံတကာ လေ့လာရေးအဖွဲ့များအနေဖြင့် ကော်မရှင်က ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်များနှင့်အညီ လေ့လာစေမည်ဖြစ်ပါကြောင်း၊ ကျင့်ဝတ်များကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ နိုင်ငံတော်၏ နိုင်ငံခြားရေးမူဝါဒကို မထိခိုက်အောင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းရေးဆွဲ ထုတ်ပြန်မည်ဖြစ်ပါကြောင်း၊ ၎င်းအဖွဲ့များ၏ လုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေးအတွက် လိုအပ်ချက်များ အကူအညီ တောင်းခံလာပါက ထုတ်ပြန်ထားသည့် Code of Conduct များ၊ ဥပဒေများနှင့်အညီ ကူညီဆောင်ရွက် ပေးစေလိုကြောင်း၊

အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသည့် ဆန္ဒမဲပေးခွင့်ရှိသော နိုင်ငံသားများ မဲပေးခွင့်မဆုံးရှုံးရအောင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနများမှ ပူးပေါင်းဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း။

အဆင့်ဆင့်သော ကော်မရှင်အဖွဲ့ခွဲများအနေဖြင့်လည်း ရွေးကောက်ပွဲတာဝန်ထမ်းဆောင်ရာတွင် ရဲရဲဝံ့ဝံ့ပြတ်ပြတ်သားသား ဆောင်ရွက်သွားရန် တာဝန်ပေး မှာကြားလိုကြောင်း၊ ရွေးကောက်ပွဲတွင် မဲလိမ်၊ မဲခိုး၊ ဘက်လိုက်မှုများရှိနေပါက အရွေးချယ်ခံရသည့် ကိုယ်စားလှယ်များသည် သိက္ခာမဲ့ပြီး ၎င်းကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းဆောင်ရွက်သည့် လွှတ်တော်၊ အစိုးရအဖွဲ့တွင်လည်း ကမ္ဘာ့အလယ်တွင် မျက်နှာငယ်ရမည် ဖြစ်သည့်အတွက် နိုင်ငံတော်နှင့် တိုင်းပြည်ဂုဏ်သိက္ခာ မညှိုးနွမ်းရအောင် ဥပဒေနှင့်အညီ တိတိကျကျဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

၎င်းနောက် တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများက အခြေခံမဲဆန္ဒရှင် စာရင်းပြုစုနေမှု အခြေအနေနှင့် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ဝန်ကြီးဌာနအသီးသီးတွင် ပြည်ထောင်စုရွေ့နေချုပ်ရုံးတို့မှ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြရာ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြင့်နိုင်၊ ဦးဝင်းကြည်နှင့် ဦးဝင်းကိုတို့က လိုအပ်သည်များကို ပါဝင်ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအား အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်နှင့် ဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဝန်ကြီးဌာနများမှလည်း အဆင့်ဆင့်အား ညွှန်ကြားဆောင်ရွက်ပေးနိုင်ရန် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

---

☆ **စာမျက်နှာ ၈ မှ**

ကိုရီးယားနိုင်ငံက ကျွန်တော့်ကို ရှင်းပြတယ်၊ သူတို့ရဲ့လုပ်ဆောင်ချက်တွေကို ပြည်သူကနေသိရှိတဲ့အခါမှာ သူတို့လုပ်ရတဲ့လုပ်ငန်းတွေ ပိုပြီးချောမွေ့လာတယ်လို့ပြောတယ်၊ ရှင်းပြတယ်၊ ဒါကျွန်တော့်အတွက် အတွေ့အကြုံတစ်ခုပါပဲ၊ ဒီမိုကရေစီလမ်းကြောင်းဆိုတာ ပြည်သူနဲ့မထိတွေ့လို့မရဘူး၊ ပြည်သူနဲ့ ထိကိုထိတွေ့ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ပြည်သူနဲ့ ထိတွေ့တယ်ဆိုတိုင်းလည်း ပြည်သူရဲ့ တောင်းဆိုချက်တွေအားလုံး လုပ်ပေးရမယ်လို့ ဘယ်မှာမှမဆိုထားဘူး၊ သူ့စည်းကမ်းတွေ ဥပဒေတွေနဲ့အညီသွားရမယ်၊ သူတို့ကိုကျွန်တော်တို့က ရှင်းပြမယ်။ သူတို့ လိုလားချက်တွေကိုနားထောင်မယ်၊ အဲဒီအထဲမှာ ဖြစ်သင့်တာတွေကို လက်ခံပြီးတော့အရေးယူဆောင်ရွက်မယ်၊ မဖြစ်သင့်ဘူးဆိုလို့ရှိရင်လည်း သူတို့ကိုရှင်းလင်းပြောပြမယ်၊ ကျွန်တော့်တပ်မတော်တစ်ခုတည်းမဟုတ်ဘူး ဘယ်အဖွဲ့အစည်းမဆို ဒီအတိုင်း သွားရမှာဖြစ်တယ်။ တရားရေးလည်း တရားရေးအလျောက်၊ အုပ်ချုပ်ရေးလည်း အုပ်ချုပ်ရေးအလျောက်၊ အစိုးရလည်း အစိုးရအလျောက်ပေ့ါ၊ လွှတ်တော်လည်း လွှတ်တော်အလျောက်ပေ့ါ၊ ဒီလိုပဲသွားရမှာ ဖြစ်တယ်၊ ပြည်သူနဲ့ ထိတွေ့နေဖို့လိုပါတယ်၊ ဒါကြောင့်ကျွန်တော်တို့ ဆက်ဆံပါတယ်။

**CNA။ ။ခုလိုအချိန်မှာဆောင်ရွက်တာဟာ လာမယ့်ရွေးကောက်ပွဲအတွက် လမ်းကြောင်းတစ်ခုဖြစ်နိုင်တယ်လို့ ယူဆပါသလား။**

**ဗိုလ်ချုပ်မှူးကြီး။** ။ရွေးကောက်ပွဲကလည်း ရွေးကောက်ပွဲကော်မရှင်ကလုပ်ရမယ့်ကိစ္စ၊ ကျွန်တော်တို့အနေနဲ့က ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို သွားပြီဆိုတဲ့အတွက်ကြောင့် ဒီလမ်းကြောင်းပေါ်မှာ ခိုင်ခိုင်မာမာဖြစ်ဖို့လိုတယ်၊ ရွေးကောက်ပွဲဆိုတာလည်း သတ်မှတ်ထားတဲ့ ကာလအတွင်းမှာတော့ လုပ်ကြရမှာပဲ၊ ဒီလိုလုပ်တဲ့အခါမှာ ရွေးကောက်ပွဲကိုယုံကြည်မှုရှိဖို့လိုတယ်၊ ဒါကတော့ ကျွန်တော်တို့ လုပ်ဆောင်ချက်တွေက တစ်ကဏ္ဍအနေနဲ့ပါသလိုပဲ၊ ဒီကဏ္ဍပေါင်းစုံတွေမှာ တာဝန်ရှိတဲ့သူတွေ အဖွဲ့အစည်းတွေ ပြည်သူလူထုတွေအားလုံးပါမှရမယ်၊ ကျွန်တော်လုပ်ဆောင်ချက်တစ်ခုတည်းနဲ့ မဖြစ်ဘူး၊ မလုံလောက်ဘူး၊ အားလုံးပါမှရမယ်၊ အားလုံးကနားလည်ရမယ်၊ အားလုံးက ရင့်ကျက်ဖို့ လည်းလိုတယ်၊ ဥပမာအားဖြင့် ကျွန်တော်တို့ အိမ်နီးနားချင်းနှစ်နိုင်ငံဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ထိုင်းနိုင်ငံပေ့ါ၊ သူတို့လွန်ခဲ့တဲ့ သုံးနှစ်ကာလအတွင်းမှာလုပ်တဲ့ ရွေးကောက်ပွဲရှိခဲ့တယ်၊ တစ်ပါတီကနိုင်သွားတယ်၊ တစ်ပါတီကို ထောက်ခံတဲ့သူတွေက မကျေနပ်ဘူး၊ မကြိုက်ဘူး၊ ဒါတွေလည်း အများကြီး ဖြစ်ခဲ့တယ်၊ ဒါဘာလဲဆိုရင် ရင့်ကျက်မှုပဲဖြစ်တယ်၊ ဒါတွေကလည်း ရွေးကောက်ပွဲ အောင်မြင်မှုမှာ အများကြီးသက်ရောက်မှုရှိတယ်၊ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ တပ်မတော်လုပ်ဆောင်ချက် တစ်ခုတည်းတင်မဟုတ်ဘူး၊ သက်ဆိုင်ရာအားလုံး ပြည်သူလူထုအားလုံးပါပြီးတော့ လုပ်မှရမယ်လို့ ကျွန်တော်မြင်တယ်။

---

# ဒီမိုကရေစီပညာရေးစနစ်ပေါ်ပေါက်လာရေး ဆန္ဒထုတ်ဖော်

## ဒီမိုကရေစီ ဖော်ဆောင်ချိန်ဖြစ်၍ ဥပဒေနှင့်အညီ ဆောင်ရွက်သင့်

**ကျောက်ဆည် ဇန်နဝါရီ ၂၃**

ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် အထက်မြန်မာပြည်မှ ဒုတိယဥက္ကဋ္ဌ မိုးတက်နေ(ခေါ်) အောင်ကျော်မိုးနှင့် အောင်မိုင်းဆန်းတို့ ဦးဆောင်သော ရန်ကုန်၊ ရတနာပုံတက္ကသိုလ်၊ ကျောက်ဆည်နည်းပညာတက္ကသိုလ်၊ မြင်းခြံနှင့် မုံရွာတို့မှ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်တို့မှ အဖွဲ့ဝင်များ စုစုပေါင်း ၃၀ သည် ဇန်နဝါရီ ၂၁ ရက် နံနက် ၈ နာရီ မိနစ် ၅၀ တွင် စဉ့်ကိုင်မြို့နယ် ပလိပ်မြို့ မူလငါးဆူကျောင်းတိုက်မှ ဆက်လက်ထွက်ခွာလာခဲ့ကြရာ ကျောက်ဆည်မြို့ ပြည်လုံးနိုင်ရပ်ကွက် စုကြီးထန်းတောအပိုင်းရှိ နေအိမ်သို့ ည ၇ နာရီ မိနစ် ၂၀ တွင် ရောက်ရှိကာ ညအိပ်ရပ်နားခဲ့ကြသည်။

အဆိုပါအဖွဲ့ ဖြတ်သန်းရာ လမ်းတစ်လျှောက်တွင် ဒီမိုကရေစီပညာရေး လှုပ်ရှားမှု ဦးဆောင်ကော်မတီမှ ဒီမိုကရေစီပညာရေးစနစ်ကို ဖော်ဆောင်နိုင်မည့် အမျိုးသားပညာရေး မူဝါဒဥပဒေများ ပေါ်ပေါက်လာရေး အခြေခံလိုအပ်ချက်များနှင့် ပတ်သက်သော သဘောထားထုတ်ပြန်ကြေညာချက် ခေါင်းစဉ်ပါစာရွက်များ ဖြန့်ဝေမှုနှင့်အတူ ကြွေးကြော်သံများဖြင့် ထွက်ခွာခဲ့ခြင်း ဖြစ်သည်။

အဆိုပါအဖွဲ့ ဖြတ်သန်းရာ လမ်းတစ်လျှောက်ရှိ မြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီ အဖွဲ့များက ၎င်းအဖွဲ့အား တွေ့ဆုံ၍ ခွင့်ပြုချက်တောင်းခံပါက ခွင့်ပြုပေးမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ တောင်းခံရန်လိုအပ်ကြောင်း ရှင်းလင်းပြောဆိုခဲ့ကြသည်။



ထို့နောက် ဇန်နဝါရီ ၂၂ ရက် နံနက် ၈ နာရီတွင် ၎င်းတို့ ခေတ္တနားခိုသည့် အိမ်သို့ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်၊ မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံပြီး ယခုကဲ့သို့ လုပ်ဆောင်မှုများသည် ဥပဒေချိုးဖောက်ရာရောက်သဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်သင့်ကြောင်း၊ ဒီမိုကရေစီကျင့်စဉ်ကို ဖော်ဆောင်နေချိန်ဖြစ်၍ ဒီမိုကရေစီကျင့်ထုံးနှင့်အညီ လိုက်နာပြီး ပူးပေါင်း ဆောင်ရွက်သင့်ကြောင်း၊ ကျောင်းသားများ၏ အမျိုးသားပညာရေးဥပဒေပါပြဋ္ဌာန်းချက်များတွင် ထည့်သွင်းလိုမှုများအပေါ် သုံးသပ်ပြင်ဆင်ပေးနိုင်ရန်အတွက်လည်း နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော်သို့ သဝဏ်လွှာ ပေးပို့ထားကြောင်း၊ ၎င်းသဝဏ်လွှာနှင့် ပတ်သက်၍ အများပြည်သူသိရှိနိုင်ရန်အတွက် သတင်းထုတ်ပြန်ပေးခဲ့ပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထိုသို့ တာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့သော်လည်း အဆိုပါအဖွဲ့အနေဖြင့် ၎င်းတို့အစီအစဉ်အတိုင်းသာ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြန်လည်ပြောဆို၍ မြစ်သားမြို့နှင့် နွားထိုးကြီးမြို့နယ်ဘက်သို့ ဆက်လက်ထွက်ခွာသွားကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# တက္ကသိုလ်၊ ကောလိပ်များ ရည်မှန်းချက်အောင်မြင်အောင် မိမိအစီအစဉ်ဖြင့် လွတ်လပ်စွာစီမံခန့်ခွဲ၍ အသွင်ကူးပြောင်းရေးကာလတွင် ပေါင်းစပ်ကူညီပံ့ပိုးမည်

**နေပြည်တော် ဇန်နဝါရီ ၂၃**

တက္ကသိုလ်၊ ကောလိပ်များအား လွတ်လပ်စွာ စီမံခန့်ခွဲနိုင်ရေးအတွက် အသွင်ကူးပြောင်းရေးကာလ ကြိုတင်ပြင်ဆင်ရမည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးတင်နိုင်သိန်း၊ ဒေါက်တာကိုကိုဦး၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ **(ယာပုံ)**

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဆွေးနွေးပြောကြားရာတွင် ပြည်ထောင်စုလွှတ်တော်က အမျိုးသားပညာရေးဥပဒေကြမ်းအား ပြင်ဆင်လိုသည့်အချက်များ ပြင်ဆင်၍ ပြန်လည်ပေးပို့ရန် သဘောတူပြီးဖြစ်သည့်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ Stake Holders များနှင့် ပြန်လည်ပြင်ဆင်မည့် အချက်များ ညှိနှိုင်းဆွေးနွေး၍ ပေးပို့သွားရန်ရှိပါကြောင်း၊ ဥပဒေနှင့် နည်းဥပဒေများ၊ ဆက်စပ်ဥပဒေများ ဆွေးနွေးညှိနှိုင်းရေးဆွဲပြဋ္ဌာန်းပြီးသည်နှင့် အဆင့်မြင့်ပညာသင်တက္ကသိုလ်၊ ကောလိပ်များအား လာမည့်ပညာသင်နှစ်မှစတင် အကောင်အထည်ဖော်နိုင်ရန် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များကို ၂၀၁၄ ခုနှစ်ကုန်မှ စတင်ပြင်ဆင်လာခဲ့ပါကြောင်း၊ ယခင်က ပြည်ထောင်စုဝန်ကြီး ဌာနများ၏ ဖွဲ့စည်းပုံတွင် ပါရှိနေခဲ့သော တက္ကသိုလ်၊ ကောလိပ်များအား ပြည်ထောင်စုဝန်ကြီးဌာနများက ပြင်ဆင်ဖွဲ့စည်းမှု (Restructuring, Reengineering) ပြုလုပ်ရာ၌ သီးခြားခွဲထုတ်ပြီး ဖြစ်သော်လည်း ဘဏ္ဍာငွေအရအသုံးနှင့် စာရင်းစစ်ကန့်ကွက်ချက်ရှိက စာရင်းရှင်းလင်းခြင်း၊ နိုင်ငံခြားအကူအညီအထောက်အပံ့ချေးငွေကိစ္စရပ်များ ရှင်းလင်းခြင်းစသည်တို့ကို ၂၀၁၅ ခုနှစ်၊ မတ်လကုန်ထိ အသေးစိတ်ရှင်းလင်းလွှဲပြောင်းလက်ခံကြရန် အချိန်ပေးထားပါကြောင်း၊ အခက်အခဲရှိ၍ အချိန်မလုံလောက်ပါက သီးခြားတင်ပြကြရန် ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီးကလည်း အသွင်ကူးပြောင်းရေးကာလလုပ်ငန်းစဉ်များ အခက်အခဲမရှိဘဲ ချောမွေ့အောင် ကူညီပံ့ပိုးဆောင်ရွက်ပေးသွားရန် လမ်းညွှန်ထားပြီးဖြစ်၍ အခက်အခဲရှိက တင်ပြနိုင်ပါကြောင်း၊ အမျိုးသားပညာရေး၏ ရည်မှန်းချက်သည် နိုင်ငံတကာအဆင့်မီအရည်အသွေး၊ အရည်အချင်းပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာရှင်များ လေ့ကျင့်မွေးထုတ်ရေးဖြစ်သည့်အတွက် ယင်းအချက်ကို တက္ကသိုလ်၊ ကောလိပ်များက ရည်မှန်းချက်အောင်မြင်အောင် မိမိတို့အစီအစဉ်ဖြင့် လွတ်လပ်စွာ စီမံခန့်ခွဲသွားကြရန်ဖြစ်ကြောင်း၊ အသွင်ကူးပြောင်းရေးကာလတွင် လိုအပ်သည့် ကိစ္စများအတွက် ပညာရေးအထူးလုပ်ငန်းအဖွဲ့ (Task Force) နှင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ဆက်သွယ်တင်ပြပါက ပေါင်းစပ်ကူညီ ပံ့ပိုးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက တက္ကသိုလ်များ လွတ်လပ်စွာ စီမံခန့်ခွဲနိုင်ရေးနှင့် အသွင်ကူးပြောင်းရေးကာလလုပ်ငန်းစဉ်များ ညှိနှိုင်းဆောင်ရွက်နိုင်ရေးအတွက် ယခုလို တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနရှိ တက္ကသိုလ်များနှင့် ဦးစွာတွေ့ဆုံပြီး အခြားတက္ကသိုလ်များနှင့်လည်း ညှိနှိုင်းသွားရန်ရှိပါကြောင်း၊ တက္ကသိုလ်အသီးသီး၏ ပညာရပ်ဆိုင်ရာကိစ္စရပ်များ၊ သုတေသနဆိုင်ရာကိစ္စရပ်များ၊ စီမံအုပ်ချုပ်မှုဆိုင်ရာကိစ္စများ၊ သင်ကြားရေး၊ ကျောင်းသားရေးရာ၊ ဆရာရေးရာကိစ္စများကို ပါမောက္ခချုပ်များကသာ တာဝန်ယူ ဆုံးဖြတ်ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက စီမံကိန်းနှင့် ဘဏ္ဍာရေးကိစ္စများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လာမည့် ဘဏ္ဍာရေးနှစ်နှင့် ပညာသင်နှစ်မှစ၍ ပြုပြင်ပြောင်းလဲရေးကိုစတင်ပြီး အဆင့်ဆင့်တိုးမြှင့်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းသွားမှာဖြစ်ကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက တက္ကသိုလ်များ လွတ်လပ်စွာ စီမံခန့်ခွဲနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန်အတွက် ၂၂-၁-၂၀၁၅ ရက်နေ့မှ စတင်၍ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲပြုလုပ်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနတွင် ဆောင်ရွက်လျက်ရှိသည့် ရန်ပုံငွေလျာထားရေးကိစ္စရပ်များ၊ ပစ္စည်းဝယ်ယူရေး၊ ဆောက်လုပ်ရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပြောကြားခဲ့ပါကြောင်း၊ ရန်ပုံငွေလျာထားရေးဆိုင်ရာကိစ္စရပ်များ၊ သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာတက္ကသိုလ်များ ပေါင်းစပ်ညှိနှိုင်းရေး၊ ကွန်ပျူတာတက္ကသိုလ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့များ ဖွဲ့စည်းရေးကိစ္စရပ်များ ဆွေးနွေးခဲ့ပါကြောင်း၊ အသွင်ကူးပြောင်းရေးကာလတွင် ဝန်ကြီးဌာနမှ လက်တွဲဆောင်ရွက်ခြင်း၊ တက္ကသိုလ်အချင်းချင်း လက်တွဲဆောင်ရွက်ခြင်းတို့ဖြင့် လွတ်လပ်စွာ စီမံခန့်ခွဲနိုင်ရေး ဆောင်ရွက်သွားရန် ဆွေးနွေးကြပါကြောင်း စသဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

## မဂ္ဂဇင်းကြော်ငြာများကိုလည်း လျှော့ချဝန်ဆောင်မှုပေးမည်

ကြေးမုံသတင်းစာတွင် သုတ၊ ရသဆိုင်ရာ စာအုပ်ကြော်ငြာ(ဂျာနယ်၊ မဂ္ဂဇင်းကြော်ငြာများမပါ) တစ်လက်မ × တစ်ကော်လံလျှင် ရောင်စုံကျပ် ၆၀၀၀ နှင့် အဖြူ/အမည်း ကျပ် ၄၅၀၀ နှုန်းဖြင့် ၁-၁၂-၂၀၁၄ ရက်မှ စတင်၍ ထက်ဝက်လျှော့ချဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ယခုအခါ မဂ္ဂဇင်းထုတ်ဝေသူများ၏ဆန္ဒအရ သုတ၊ ရသစာအုပ်များနှင့်အတူ မဂ္ဂဇင်းစာအုပ်ကြော်ငြာများကိုလည်း အထက်ပါနှုန်းထားအတိုင်း ထက်ဝက်လျှော့ချဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

**(ကြေးမုံသတင်းစာတိုက်)**

---

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆင်ခိုးဂိုဏ်း ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာနက နိုင်ငံအတွင်း သစ်တောသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းကာကွယ်ပေးနေသည်။ သစ်တောသယံဇာတများနှင့် ဇီဝမျိုးစုံမျိုးကွဲများ တရားမဝင် သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှုများကို အခြားသော ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အရှိန်အဟုန်မြှင့် ဖမ်းဆီးဖော်ထုတ်အရေးယူနေသည်ကို တွေ့ရသည်။

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်လှိုင် ဦးဆောင်သည့် ဝန်ထမ်းများနှင့် ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဒုရဲမှူး အောင်ကိုဦးဆောင်သည့် တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ဇန်နဝါရီ ၁၃ ရက်မှစတင်၍ ငပုတောမြို့နယ်အတွင်း ဆင်ခိုးဂိုဏ်းဖမ်းဆီးရေး ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၇ ရက်တွင် ဘီလူးချောင်းကျေးရွာအနီး မြစ်တစ်ရာကြိုးဝိုင်းအကွက် အမှတ်(၁၆၆) အတွင်းမှ တရားခံ ဦးမောင်မြင့် (ခ) ဦးမြင့်သိန်း၊ နန့်မိုးစိန်နှင့် စောတေးတေးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဘီလူးချောင်းကျေးရွာနေ စောတေးတေး၏တဲတွင် ဆင်ခိုးဂိုဏ်းမှ လူသုံးဦးရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ဘီလူးချောင်းကျေးရွာအနောက်ဘက် သုံးမိုင်ခန့်အကွာ မြစ်တစ်ရာကြိုးဝိုင်း အကွက်အမှတ် (၁၆၆)အတွင်းရှိ တဲအားဝင်ရောက်ရှာဖွေရာ ၎င်းတို့ထွက်ပြေးသွားခဲ့သည်။

ထို့နောက် စောတေးတေးအား စစ်ဆေးချက်အရ ငပုတောမြို့နယ် ဒေသအခေါ် ထီးကလုတ်ကြားနေရာ၌ နှာမောင်း၊ ဦးခေါင်းနှင့် ကိုယ်မှာ အသားများမရှိတော့ဘဲ ရင်ခေါင်းပွင့်ကာ အူများထွက်နေသည့် ဆင်သေအား စစ်ဆေးတွေ့ရှိခဲ့ပြီး အကွက်အမှတ်(၁၆၆)အတွင်း မျောချောင်းဘေးနေရာရှိ ဦးမောင်မြင့် (ခ) ဦးမြင့်သိန်း၏ တဲအတွင်းမှ ဆင်အသားစိမ်း ၂၈ ပိဿာ၊ ဆင်အသားခြောက် ငါးပိဿာ၊ ဆင်နှာမောင်းနှစ်ပိဿာ၊ ဒူးလေးတစ်လက်၊ ဓားမလေးချောင်း၊ မြားတံ ၁၆ ချောင်း၊ ဘောစေ့ ၂၅ လုံး၊ယမ်းကတ် ၁၃၀၊ Huawei အနက်ရောင်လက်ကိုင်ဖုန်း တစ်လုံး၊ ဦးမောင်ဟင်းအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်တစ်ခုနှင့် အသုံးအဆောင်ပစ္စည်း ၁၅ မျိုးတို့ကို သိမ်းဆည်းရမိသော်လည်း ၎င်းတို့မှာ ထွက်ပြေးနေ၍ စစ်ကြောင်းအဖွဲ့က ဇန်နဝါရီ ၁၈ ရက်တွင် ရှာဖွေဖမ်းဆီးခဲ့သည်။

ဖမ်းဆီးရမိထားသူများဖြစ်သော ဦးမောင်မြင့်(ခ)ဦးမြင့်သိန်း၊ နန့်မိုးစိန် (၅၄)နှစ်နှင့် စောတေးတေးတို့အား တောရိုင်းတိရစ္ဆာန်၊ သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၃၇(က)အရ တရားစွဲဆိုနိုင်ရေးနှင့် ပါဝင်ပတ်သက်သူများအား ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

---

# မြောက်ပိုင်းခရိုင် မှုခင်းနှိမ်နင်းရေးဌာနမှ ခိုးမှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီး

**ရန်ကုန် ဇန်နဝါရီ ၂၃**

မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးဌာနစုမှ တပ်ဖွဲ့ဝင်များ၊ ရွှေပြည်သာမြို့ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရွှေပြည်သာမြို့နယ် ပန်းခြံ(၃)/(၁၃)ရပ်ကွက် မန္တလေးလမ်းသွယ်နေ ဒေါ်အေးအေး၏ နေအိမ်မှ ရွှေလက်ကောက်ခြောက်ကွင်း၊ ရွှေဆွဲကြိုးတစ်ကုံး၊ ဖုန်းတစ်လုံး၊ ငွေများ စုစုပေါင်း တန်ဖိုး ၁၃ သိန်းကျပ်ခန့် ပျောက်ဆုံးသဖြင့် မောင်လှနှင့် ဇနီးစန်းစန်းမြင့်တို့နှစ်ဦးအား စုံစမ်းဖမ်းဆီးစစ်ဆေးခဲ့ပြီး ၎င်းတို့ခိုးယူခဲ့သောပစ္စည်းများနှင့် ခိုးယူရရှိသောပစ္စည်းများအား ထုခွဲရောင်းချပြီးနောက် ဝယ်ယူထားသည့် ရွှေထည်ပစ္စည်းများနှင့် အခြားအသုံးအဆောင်ပစ္စည်းများအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ရဲတပ်ဖွဲ့)**

---

# စက်သုံးဆီအရောင်းဆိုင်မှ ငွေထုပ်ပျောက်ဆုံးမှု ကွမ်းခြံကုန်းရဲတပ်ဖွဲ့ စုံစမ်းဖော်ထုတ်အရေးယူ

**ရန်ကုန် ဇန်နဝါရီ ၂၃**

ကွမ်းခြံကုန်းမြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင် မန်နေဂျာဖြစ်သူ ဦးကျော်ဝင်းသည် ဇန်နဝါရီ ၄ ရက် ည ၈ နာရီက ကော့မှူးမြို့နယ်သို့သွားရောက်နေစဉ် ဆိုင်၌ကျန်ရှိနေခဲ့သော ဒုမန်နေဂျာဖြစ်သူ ကိုစိုးမင်းထွန်းမှ ဆိုင်ရှိငွေများကို အိပ်ခန်းအတွင်းရှိ သံသေတ္တာအတွင်း၌ထည့်၍ သိမ်းဆည်းကာ အခန်းအား သော့ပိတ်ထားခဲ့ကြောင်း၊ ဇန်နဝါရီ ၅ရက် နံနက် ၇ နာရီခွဲခန့်က ၎င်းမှဆိုင်သို့ ပြန်လည်ရောက်ရှိစဉ် ပြူတင်းတံခါးမှာပွင့်နေပြီး သံသေတ္တာအတွင်းထည့်ထားသောငွေထုပ်များအနက် ငွေကျပ် ၃၄၁၆၇၀၀ ပါ ငွေထုပ်တစ်ထုပ်မှာပျောက်ဆုံးနေသည်ကို တွေ့ရှိရ၍ ခိုးယူသွားသူကို စုံစမ်းအရေးယူပေးရန် တိုင်တန်းခဲ့သဖြင့် ကွမ်းခြံကုန်းမြို့မရဲစခန်းက အမှုဖွင့်လှစ်ကာ စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါ အမှုနှင့်ပတ်သက်၍ ၎င်းစက်သုံးဆီဆိုင်မှ ဆိုင်ဝန်ထမ်း ထိုက်ကြီး(ခ)သိန်းထိုက်သူအား မသင်္ကာဖွယ် တွေ့ရှိသဖြင့် ၎င်းအားအသေးစိတ်စစ်ဆေးခဲ့ရာ ဇန်နဝါရီ ၄ ရက် ည ၁၁ နာရီခွဲခန့်က အခြားဝန်ထမ်းများသတိမထားမိချိန်၌ ဆိုင်၏အပေါ်ထပ်ရှိ ငွေများထားရှိရာအခန်းသို့ သွားရောက်ခဲ့ပြီး အလူမီနီယံပြူတင်းတံခါးအားဖွင့်၍ဝင်ရောက်ခဲ့ကြောင်း၊ ငွေများထည့်ထားသည့်သံသေတ္တာအား အသင့်တွေ့ရှိသော ပလာယာဖြင့်ဖွင့်ပြီး အတွင်းမှငွေထုပ်များအနက်ငွေထုပ်တစ်ထုပ်အား ယူဆောင်လာခဲ့ကြောင်း၊ ယင်းနောက် စက်ဘီးဖြင့် ဘုန်းကြီးကျောင်းရှေ့အုတ်ခုံဘေးသို့သွားရောက်ခဲ့ပြီး ငွေထုပ်အတွင်းမှ ငွေအုပ်တစ်အုပ်အားယူဆောင်ကာ ကျန်ရှိသောငွေထုပ်ကို အနီးရှိဝါးရုံထဲသို့ လွှင့်ပစ်ထားခဲ့ကြောင်း၊ ၎င်းယူဆောင်ခဲ့သည့်ငွေအုပ်မှာ ၅၀၀ ကျပ်တန်ငွေစက္ကူတစ်အုပ်ဖြစ်ပြီး သုံးစွဲခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ပြစ်မှုကျူးလွန်သူ ထိုက်ကြီး(ခ)သိန်းထိုက်သူထံမှ သုံးစွဲပြီးကျန်ငွေ ၃၀၀၀ ကျပ်သာ သိမ်းဆည်းနိုင်ခဲ့ပြီး ၎င်းလွှင့်ပစ်ထားခဲ့သော ကျန်ရှိငွေများမှာ ပျောက်ဆုံးနေသဖြင့်သိမ်းဆည်းရမိရေး စုံစမ်းဆောင်ရွက်ခဲ့ရာ ကွမ်းခြံကုန်းမြို့နယ်နေ မသန္တာဆိုသူမှရရှိထားကြောင်း မသင်္ကာဖွယ်စုံစမ်းသိရပြီး ခရီးသွားနေကြောင်းကို သိရသဖြင့် စောင့်ကြည့်စုံစမ်းနေစဉ် ဇန်နဝါရီ ၁၇ ရက်က မသန္တာအားတွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးခဲ့ရာ ၎င်းသည် ဇန်နဝါရီ ၅ ရက် နံနက် ၇ နာရီခန့်က ဘုန်းကြီးကျောင်းအနီး ဝါးရုံတောအတွင်း၌ ကြွပ်ကြွပ်အိတ်အနက်ရောင်နှင့်အတူ ငွေများပြန့်ကျဲနေသည်ကိုတွေ့ရှိရ၍ ယူဆောင်လာခဲ့ကြောင်း၊ ယင်းနောက် ရရှိသောငွေများဖြင့် ရွှေထည်ပစ္စည်းများဝယ်ယူခြင်း၊ ခြံဝယ်ယူခြင်း၊ ဆိုက်ကားဝယ်ယူခြင်းများ ပြုလုပ်ခဲ့ကြောင်းသိရသဖြင့် ပြန်လည်သိမ်းဆည်းနိုင်ရေး ဆောင်ရွက်ခဲ့ရာ ၎င်းဝယ်ယူထားသည့် ရွှေထည်ပစ္စည်း (၁၀)မျိုး တန်ဖိုးငွေကျပ် ၁၁၄၂၀၀၀၊ ခြံဝယ်ယူခဲ့သည့်ငွေနှင့် သုံးစွဲပြီးကျန်ရှိငွေ စုစုပေါင်းကျပ် ၉၉၈၀၀၀ နှင့် ဆိုက်ကားတစ်စီးတန်ဖိုးငွေကျပ် ၂၂၀၀၀၀ တို့ကို သိမ်းဆည်းနိုင်ခဲ့သည်။

ထိုသို့ပေါ်ပေါက်ချက်များအရ စက်သုံးဆီဆိုင်အတွင်းမှ ငွေများခိုးယူခဲ့သည့် ဆိုင်ဝန်ထမ်းဖြစ်သူ ကွမ်းခြံကုန်းမြို့နယ်နေ ထိုက်ကြီး(ခ)သိန်းထိုက်သူ (၂၂)နှစ်အား အမှုဖြင့်ဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝ၄ဝ)**

ဆောင်းပါး

# uefwmfu@Mwemyef,D



cifñrifñd(ab*aA')
a&;om;onf

၂၀၁၄ နှစ်မကုန်ခင်မှာ ကျွန်တော် အလွန်သွားချင်တဲ့ ခရီးတစ်ခုကိုသွားပြီး ကိုယ်ဝါသနာပါတဲ့အလုပ်တွေကို လုပ်ခွင့်ရခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်ထဲမှာ တံတားဦးနိုင်ငံတကာလေဆိပ်ကိုဖြတ်ပြီး ဇာတိရပ်ရွာကို လေးခေါက်လောက်ရောက်ပေမယ့် မိဘများခေါင်းချခဲ့တဲ့ ကိုယ်လည်းနေခဲ့တဲ့ မန္တလေးကို မရောက်ဖြစ်ခဲ့ပါ။ အခုတော့တံတားဦး နိုင်ငံတကာ လေဆိပ်ကနေပြီးတော့ မန္တလေးမြို့ထဲကို ဝင်ခဲ့ပါတယ်။ မွေးစားသမီးတစ်ယောက်ရဲ့အိမ်မှာ တည်းပါတယ်။

တက္ကသိုလ်ဆိုတာ စပြီးတော့ဖွင့်ခါစတုန်းက တစ်ခေါက်ရောက်ဖူးခဲ့ပါတယ်။ နောက်တော့မရောက်ဖြစ်ပါဘူး။ မန္တလေးတက္ကသိုလ်မှာ ညနေပိုင်း စီးပွားရေးလုပ်ငန်းဆိုင်ရာ သင်တန်းတွေဖွင့်တုန်းက တစ်ခါလောက် စာသွားသင်ခဲ့ဖူးပါတယ်။ ဒါ့အပြင် ပုဂ္ဂလိကကျောင်းတွေ၊ အိုင်တီလုပ်ငန်းတွေ၊ ကုမ္ပဏီတွေက ဖိတ်ကြားလို့ သွားရောက်ဟောပြောပို့ချတာတွေ၊ သင်ကြားတာတွေ၊ လုပ်ခဲ့ပေမယ့် တက္ကသိုလ်ကျောင်းဆရာ တစ်ယောက်အနေနဲ့ တက္ကသိုလ်နဲ့ အထိအတွေ့မရှိခဲ့ပါဘူး။ အခုတော့ ရတနာပုံတက္ကသိုလ် ဘောဂဗေဒဌာနမှာ ရောက်နေတဲ့ ဆရာမတစ်ယောက်က ဖိတ်ကြားတဲ့အတွက် ရောက်ခဲ့ပါတယ်။ မနက်ပိုင်းမှာ ကထိန်ကလည်းရှိနေတော့ နေ့ခင်းပိုင်းမှာဟောပြောဖို့ ကတိုက်ကရိုက်စီစဉ်ရတာပါ။ ဒါပေမယ့် ရတနာပုံခန်းမထဲရောက်သွားတဲ့အခါကျတော့ ကျောင်းသူ၊ ကျောင်းသားတွေအပြည့်ကို ဝမ်းသာအားရတွေ့လိုက်ပါတယ်။ လက်ရှိမြန်မာ့စီးပွားရေးနဲ့ ပတ်သက်တဲ့ အခြေအနေတွေ၊ အကြောင်းတွေကို အကျဉ်းချုပ် ဆွေးနွေးဖြစ်ခဲ့ပါတယ်။ အဲဒီ့အပြင် ကျောင်းသားကျောင်းသူတွေကို အားပေးချင်၊ တိုက်တွန်းချင်လို့ နိုင်ငံတကာက အလုပ်အကိုင်အခွင့်အလမ်းတွေ မြန်မာနိုင်ငံမှာလာပြီး ဖန်တီးနေတဲ့အချိန်မှာ အလုပ်အကိုင်ရရှိနိုင်တဲ့၊ အရည်အချင်းရှိတဲ့ ကျောင်းသား၊ ကျောင်းသူတွေ ဖြစ်ကြစေဖို့ ဦးတည် ပြီး ဟောပြောခဲ့ပါတယ်။ ဒါဟာ တော်တော်လေး ကျေနပ်စရာကောင်းတဲ့ကိစ္စပါ။ ရတနာပုံတက္ကသိုလ်ကနေ တန်ဖိုးရှိတဲ့စိတ်ကို ပျော်ရွှင်ကြည်နူးစေနိုင်တဲ့၊ အဖိုးအနဂ္ဃထိုက်တန်တဲ့၊ အတုမရှိတဲ့၊ ရခဲတဲ့၊ ဘုန်းကံရှိတဲ့ သူတွေ သာရယူသုံးနိုင်တဲ့ ပညာရှိတွေ၊ အနာဂတ်ရဲ့ သားကောင်းတွေဖြစ်ကြဖို့ အားထုတ်ဖို့တိုက်တွန်းပြောကြားခွင့် ကျွန်တော်ရခဲ့ပါတယ်။

> ဧရာဝတီမြစ်ဆိပ်က ရေတိုက်စားထားတဲ့ သစ်ပင်ကြီးတွေရဲ့ အမြစ်တွေဆို ကျွန်တော်ရောက်တိုင်း သွားကြည့်ပြီးတော့ အမြဲတမ်း ဓာတ်ပုံရိုက်လေ့ရှိပါတယ်။ ဘုရားပွဲဆိုတာလည်း ကိုယ်ကအာရုံထဲမှာ တရေးရေးပဲ ရှိပါတော့တယ်. . .

အဲဒီကနေပြီးတော့ နှစ်ကူးတဲ့ ဇန်နဝါရီ ၁ ရက်မှာတော့ ကျွန်တော့်ရွာဖြစ်တဲ့ ငါန်းဇွန်ကို အပြေးအလွှား ရောက်သွားခဲ့ပါတယ်။ ကျွန်တော်တို့ ငါန်းဇွန် အ-ထ-က က ထွက်တဲ့ ကျောင်းသား သာမဏေ ၁၅၂ ပါး ရှင်ပြုဖို့ အစီအစဉ်ရှိလို့ပါ။ အစတုန်းကတော့ ဆရာတော်သံဃာတော်တွေကို ဒုက္ခပေးသလို ကလေးထိန်းခိုင်းသလို ဖြစ်နေမယ်ဆိုပြီးတော့ တားပါတယ်။ ဒါပေမယ့်လည်း တက်ကြွနေတဲ့ အသင်းသားတွေရဲ့ နိုးကြားတဲ့ဆန္ဒကို လိုက်လျောပြီး အဲဒီအခမ်းအနား အမီပြေးရတာပါ။ အဲဒီကျောင်းနာမည်ကလည်း ရတနာပုံတဲ့။ အလှူလုပ်ဖို့မွှာရုံကြီးကလည်း အသစ်စက်စက် ဆောက်ပြီးခါစပဲ ရှိပါသေးတယ်။ ကျပ်သိန်း ၅၀၀ လောက်ကုန်ကျတဲ့ မွှာရုံကြီးကိုလည်း မန္တလေးရောက်နေတဲ့ ကျောင်းသားဟောင်းတစ်ယောက်က လှူဒါန်းတာပါ။

အရင်က ကိုရင်ဝတ်ဖူးပြီး ရှင်ပြုတဲ့အလှူပွဲကိုပါချင်ပါတယ်ဆိုတဲ့ ကိုရင်က အပါး(၄၀) လောက်ရှိပါတယ်။ တခါမှ ရှင်မပြုရသေးဘူး ဆိုတဲ့ ကိုရင်လေးတွေက အပါး(၁၀၀) ကျော်ပါတယ်။ အဲဒီကိုရင်လေးတွေကိုလည်း ငါန်းဇွန်မြို့ပေါ်နဲ့ ရွာတွေက ကျောင်းတွေကနေ စုစည်းပြီတော့ခေါ်လာတာပါ။ အဲ့တော့ သူတို့ ကိုရှင်ဝတ်တဲ့အချိန်မှာ ဝတ်ဖို့အတွက် အဖြူအစိမ်း ဝတ်စုံလေးတွေ ဆင်ထားပေးပါတယ်။ နောက်တော့ ကိုရင်ဆိုတဲ့အတိုင်း သက်န်းတစ်စုံစီပေ့ါ ကလေးဆိုတော့ ကလေးပီပီ ပြေးကြလွှားကြ ပျော်ကြပါးကြ အစုံကစားကြပေ့ါလေ။ ရွာလှည့်တဲ့ အချိန်ကျတော့ ငြိမ်ငြိမ်လေးနေကြပါတယ်။ ရွာလှည့်ဆိုတာကလည်း သူများတွေရွာလှည့်တာသာ ကြုံရပြီး အခုကိုယ်တိုင် မပါမိတာတောင် ကြာပါပြီ။ ရဟန်းဒကာ၊ ကိုရင်ဒကာ၊ အလှူ့ဒကာဆိုပြီး သပိတ်လွယ်လို့ လမ်းလျှောက်ရအောင် ပြောကြပါသေးတယ်။ ဒါပေမယ့် ကိုယ့်ခြေထောက်ကို ကိုယ်စိတ်မချတာနဲ့ ဆိုင်ကယ်နဲ့၊ ကားနဲ့ပဲ မြို့တစ်ပတ်ပတ်ဖြစ်ပါတယ်။

မြို့တစ်ပတ်ပတ်ပြီး ကျောင်းကိုပြန်အဝင်မှာတော့ စတုဒိသာအလှူ ထမင်းဟင်း ချက်ပြုတ်နေတဲ့ သူတွေက အလှူ့ရှင်တွေကို ယောက်မကြီးနဲ့ တားတော့တာပါပဲ။ မင်္ဂလာဆောင်တွေမှာ ရွှေကြိုးတားသလို တားကြတာပေ့ါ။ အဲ့ဒါနဲ့ ကိုယ့်အိတ်ထဲမှာ ပါသမျှ အကုန်ထုတ်ပေးမှပဲ ကျေနပ်စွာ ဝင်ခွင့်ပေးကြပါတော့တယ်။ တကယ်တမ်းကျတော့ အဲ့လိုပဲအလှူ မှာ ဒါနပြုကြတဲ့သူတွေကို ဘယ်လိုနည်းနဲ့ ပေးရမလဲ၊ ဘယ်လိုနည်းနဲ့ ပါဝင်ရမလဲဆိုတာ စဉ်းစားထားတာပါ။ အလှူ့ထမင်း၊ အလှူ့ဟင်းဆိုတာကလည်း မစားရတာကြာပြီလေ။ အလှူ့ထမင်း၊ အလှူ့ဟင်းတွေဖြစ်တဲ့ ငါးခြောက်ကြော်တို့ ငရုတ်သီးကြော် တွေကိုဓာတ်ပုံရိုက်ပြီး ဖေ့စ်ဘွတ်ပေါ်မှာ တင်ပေးလိုက်တော့လည်း စားချင်တဲ့သူတွေက အများသား။ ပြီးတော့ အပြန်မှာ တစ်ခါတည်းထည့်ပေးလိုက်မယ်ဆို ပြီးတော့တောင်မှ ပြောထားပါသေးတယ်။ ရန်ကုန်အိမ်ထိကို ဆိုက်ဆိုက်မြိုက်မြိုက်ပါလာတော့တာပါပဲ။

ညနေခင်းကျတော့ ရွာလှည့်ပြီးအပြန်မှာ တချို့ရွာလှည့်ပြီး ပြန်လာတဲ့သူတွေကတော့ ထမင်းစားကြပေ့ါလေ။ ကျွန်တော်ကတော့ အရင်တစ်ခေါက်ကတည်းက မပြည့်တဲ့ဆန္ဒ တစ်ခုကို ဖြည့်ဖို့ကြိုးစားပါတယ်။ အရင်တစ်ခေါက်တုန်းက မုန့်ပေါင်းနဲ့အကြော်စားချင်တယ်ဆိုတော့ အကြော်တော့ရတယ် မုန့်ပေါင်းက ဆောင်းတွင်းမှရတယ်ဆိုတော့ မစားခဲ့ရပါဘူး။ ထန်းပင်မြစ်တို့၊ ပဲမြစ်တို့ ပေါ်နေပေမယ့် ဒါတွေတော့ ကိုယ်ကသိပ်ပြီး မက်မက်စပ်စပ်မရှိပါဘူး။ အဲဒါနဲ့ တပည့်တစ်ယောက်က မုန့်ပေါင်းနဲ့ အကြော်တွေ အရရှာကျွေးတော့ အဝစားခဲ့ရပါသေးတယ်။ အညာသူအညာသားဆိုရင် ဘယ်နေရာရောက်ရောက် ဘယ်လောက်ကောင်းတဲ့ အစားအသောက်တွေ စားနေရစားနေရ နောက်ဆုံးတော့ ကိုယ့်ဇာတိကကိုယ့်ရပ်ရွာက မုန့်လေးတွေကို လွမ်းတသသရှိတာကို။

ငါန်းဇွန်ရောက်ပြီဆိုရင် မပျက်မကွက်စားတာကတော့ ငါန်းဇွန်ခေါက်ဆွဲဖြစ်ပါတယ်။ ငါန်းဇွန် ခေါက်ဆွဲအကြောင်းကလည်း ပြောတာများတော့ လူသိများပြီး ဟောပြောပွဲရောက်လာကြတဲ့ ဆရာညီမင်းညိုတို့လိုပုဂ္ဂိုလ်တွေကလည်း ငါန်းဇွန် ခေါက်ဆွဲကို ညနေစာအဖြစ် အရင်ကသောကမျောကသုတ်ကရက် စားကြရပါသေးတယ်။ ကိုရင်ဝတ်တဲ့ ကလေးတွေကို မေးကြည့်တော့ အချို့ကတော့ သင်္ကန်းကြာကြာမခံပါဘူး ချက်ချင်းပဲ လူဝတ်လဲကြတာပါပဲ။ ကိုရင်လေးတပါးကို ကိုရင် ဘယ်လောက်ကြာကြာဝတ်မှာလည်းလို့ မေးကြည့်တော့ ဘုန်းကြီးဖြစ်တဲ့ထိဝတ်မှာလို့ သူက အားပါးတရပြောရှာပါတယ်။ ကျွန်တော်တို့ ဝတ်ပေးတဲ့ အပါး ၁၀၀ ကျော်တဲ့ထဲက ၁၀ ပါးလောက်သာ ဆရာတော်၊ သံဃာတော်တွေ အနေနဲ့ ဘုန်းတော်ကြီးတွေ အနေနဲ့ ကျန်ရစ်ရင်တော့ ကျွန်တော်တို့ အများကြီး အကျိုးရှိမှာပေ့ါလေ။ ဒါကလည်း ကျွန်တော်တို့က ရဟန်းဒကာ ဖြစ်အုန်းမှကိုး။ ရဟန်းတစ်ခါပဲဆိုရင်တော့ သူတို့လည်း ပြည့်ပြည့်စုံစုံစည်းကြမှာမဟုတ်ပါဘူး။

နောက်ရက်မှာတော့ အာစရိယပူဇော်ပွဲပါ။ အာစရိယပူဇော်ပွဲမှာလည်း အခါတိုင်းက တစ်နှစ်ခြားမှတစ်ခါ၊ နှစ်နှစ်မှ တစ်ခါလုပ်ရာကနေပြီး တစ်နှစ်မှာတခါ လုပ်ကြရအောင်လို့ ကိုယ်ပဲနှိုးဆော်လိုက်တာနဲ့ အားလုံးပါလာကြတာပါပဲ။ အစ တုန်းကတော့ တစ်နှစ်တစ်ခါဖြစ်မှ ဖြစ်ပမလားလို့ စိုးရိမ်ကြပါတယ်။ ဆရာကြီး၊ ဆရာမကြီးတွေသာမက ဘေးရောက်နေတဲ့ ဆရာကြီး၊ ဆရာမကြီးတွေလည်း တက်တက်ကြွကြွ ရောက်လာကြပါတယ်။ ဆရာကြီး၊ ဆရာမကြီးတွေကို တွေ့ရတာ ကျန်းကျန်းမာမာရှိသလောက် ကျွန်တော်တို့ တပည့်တပန်းတွေကတော့ သိပ်ပြီးတော့ ကျန်းကျန်းမာမာမရှိပါဘူး။ ဘုန်းကံချင်းက ကွာခြားတာကိုး။ ဆရာကြီး၊ ဆရာမကြီးတွေက သူတို့အချင်းချင်းလည်း တစ်နှစ်တစ်ခါတွေ့ရ တပည့်တပန်းတွေနဲ့လည်းတွေ့ရ တပည့်တပန်းတွေကလည်း အချင်းချင်းတွေ့ရနဲ့ နှုတ်ဆက်လို့ မပြီးနိုင်ကြပါဘူး။

ဒီနှစ်မှာတော့ အာစရိယပူဇော်ပွဲနဲ့အတူ နှစ်ည စာပေဟောပြောပွဲလုပ်ဖို့ ထည့်ထားတော့ တစ်ည ကျွန်တော် တာဝန်ယူခဲ့ပါတယ်။ ကျွန်တော်တို့ ရပ်ရွာ ဧရာဝတီမြစ်ကမ်းကလာရင် သောင်ထွန်းလို့ အဆင်မပြေဘဲ လမ်းပိတ်နေပေမယ့် ရန်ကုန်နဲ့ တိုက်ရိုက်အမြန်ကား ပေါက်လာတဲ့အတွက်ရယ်၊ နိုင်ငံတကာတံတားဦး လေဆိပ်နဲ့ နှစ်နာရီ ကားမောင်းသွားရင်ရတဲ့ ခရီးမှာရှိနေတာကြောင့် ရန်ကုန်ထိခြေဆန့်ကြဖို့ နိုင်ငံတကာထိ ခြေဆန့်ကြဖို့ ဘယ်လိုပစ္စည်းတွေ ရောင်းကြဝယ်ကြမလဲဆိုတာ စဉ်းစားကြဖို့ မကြာခင်ပေါ်ပေါက်လာမယ့် မြို့သာစက်မှုဇုန်မှာ ကိုယ်ဘယ်လိုနေရာတွေကနေပြီးတော့ အလုပ်ဝင်လုပ်ကြမလဲဆိုတာ စဉ်းစားကြဖို့ ကျွန်တော်တို့ဇာတိ၊ ကျွန်တော်တို့ဒေသ၊ ကျွန်တော်တို့လို၊ မိုးလေဝသကဆရာကြီး ဒေါက်တာဦးထွန်းလွင်တို့လို ပုဂ္ဂိုလ်တွေထွက်တဲ့အတွက် သာမညဒေသ မဟုတ်ဘူးဆိုပြီး ကိုယ့်ရပ်၊ ကိုယ့်ရွာနဲ့ ပတ်သတ်တဲ့ အခွင့်အလမ်းတွေကို ရယူကြဖို့ တယ်လီဖုန်းတွေအင်တာနတ်တွေ ပလူပျံနေတာကနေပြီးတော့ ရတဲ့အကျိုးကျေးဇူးတွေကို ထိထိရောက်ရောက် အသုံးချကြဖို့ သတိပေးစကားတွေ ပြောကြားခဲ့ပါတယ်။

ဒါပေမယ့်လည်း အားမရသေးတာနဲ့ နောက်တစ်နေ့ကျတော့ ကျောင်းသား၊ ကျောင်းသူတွေ တစ်ခါစုပြီး ငါန်းဇွန် အ-ထ-က ရဲ့ အောင်ဆန်းခန်းမမှာ တစ်ခါထပ်ပြီး ပြောပါသေးတယ်။ တကယ်တော့ ညကဟောပြောပွဲမှာလည်း ကျွန်တော့်ပရိတ်သတ်အများစုက ကျောင်းသားကျောင်းသူတွေပါပဲ မြို့ထဲကိုသွားရင် တစ်မြို့လုံးက ဆွေတွေမျိုးတွေဆိုတော့ သိကြတယ်။ မှတ်မိတဲ့သူတွေက နှုတ်ဆက်ကြပါတယ်။ ဒါပေမယ့် အထူးခြားဆုံးကတော့ ကျွန်တော့်ကို နှုတ်ဆက်တဲ့သူအများစုက ကျောင်းသား၊ ကျောင်းသူတွေ၊ ကလေးတွေပါ။ ကျွန်တော်ကလည်း သွားရင်ကလေးတွေကိုဆုပေးတယ်၊ ဟောပြောပွဲ လုပ်ပေးတယ်။ သူတို့ကိုပြောရဲဆိုရဲ ပြောတတ်ဆိုတတ်ဖြစ်အောင်လို့လဲ အမြဲတမ်း လုပ်ပေးထားတယ်။ ဟောပြောပွဲဆိုရင် စာအုပ်ယူခဲ့ ဘောပင်ယူခဲ့ လိုက်မှတ်ပြီးရင် စာရေးဆရာတွေကို လတ်မှတ်ထိုးခိုင်းဆိုတဲ့ အကျင့်လေးကိုလည်း မွေးပေးထားပါတယ်။

နေ့ခင်း ကလေးတွေကို ဟောပြောတဲ့အခါမှာ မေးချင်တာမေးကြဆိုပြီးတော့ မေးချင်တာမေး ပြောချင်တာပြော၊ လူရှေ့သူရှေ့ထွက်ခဲ့၊ ထွက်ရဲရမယ်ဆိုပြီးတော့ သွေးထိုးပေးထားတော့ ပထမတော့ရှန့်တွန့်တွန့် ဖြစ်နေကြပြီး နောက်ကျတော့ သုံးယောက်တွဲ သုံးယောက်တွဲ ထွက်လာပြီး မေးကြမြန်းကြ ပြောကြဆိုကြ ပါတယ်။ ပြောရမယ်ဆိုရင် သူတို့မေးတဲ့မြန်းတဲ့ မေးခွန်းတွေက ဖြေရတာ အခက်ဆုံးပါပဲ။ ကိုယ်ထင်မထားတဲ့ မိသားစုဆိုင်ရာ မိသားစုကိစ္စတွေလည်းပါတယ်။ ကိုးတန်း၊ ဆယ်တန်း ကလေးတွေက သူတို့မှတ်ထားတဲ့ စာအုပ်ထဲက မော်စီတုန်းအကြောင်း၊ ဟစ်တလာအကြောင်း၊ တိန့်ရှောင်ဖိန်အကြောင်း၊ လင်ကွန်းအကြောင်းနဲ့ စတဲ့အကြောင်းတွေလည်းပါတော့ ဟောပြောပွဲကို စီစဉ်ပေးတဲ့ တပည့်တွေက ဘယ်လိုများကိုင်တွယ်ပါ့မလဲဆိုတာ တော်တော်စိုးရိမ်ပူပန်နေကြပါတယ်။ ဒါပေမယ့်လည်း အောင်အောင်မြင်မြင်နဲ့ အချိန်သုံးနာရီ လောက်ကြာတဲ့အခါကြတော့မှ ဒီတစ်ခါတော့ ဘာဘာလက်မြှောက်ပါပြီ တော်ကြပါစို့ မောပြီလို့ ပြောရပါတယ်။ ကိုယ့်ဇာတိရပ်ရွာကို ရောက်တဲ့အချိန်မှာ လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပတဲ့ဆီကိုလည်း တိုက်တိုက်ဆိုင်ဆိုင် ရောက်ခဲ့ပါသေးတယ်။ လွတ်လပ်ရေးကို ဖန်တီးပေးခဲ့ကြတဲ့ ပုဂ္ဂိုလ်ရဲ့ ကျေးဇူးကို သတိရအောက်မေ့ အလေးပြုခဲ့သလို ကိုယ့်ဇာတိရပ်ရွာရဲ့ လွတ်လပ်ရေးနေ့ အခမ်းအနားကိုလည်း မှတ်တမ်းတင်ခဲ့ပါသေးတယ်။

ရတနာပုံခရီးလို့ပြောရတဲ့ အတိုင်းပါပဲ ဒီခရီးမှာ မန္တလေးမှာ နှစ်ရက်၊ ဇာတိရပ်ရွာ ငါန်းဇွန်မှာ ငါးရက်နေခဲ့ပါ တယ်။ အဲ့ဒီထဲမှ ဟိုတုန်းက မိခင်နဲ့ဖခင် ဈေးရောင်းပြီးတော့ လုပ်ကျွေးခဲ့ကြတဲ့ ဈေးထဲကိုကတော့ အခေါက်ခေါက် အခါခါရောက်ပါတယ်။ ဒါပေမယ့် ကိုယ့်ဆိုင်ဘယ်ဟာလည်းဆိုတာ ကောင်းကောင်းမမှတ်မိပါဘူး၊ ဒါဖြစ်လိမ့်မယ်ထင်ပါရဲ့ဆိုတဲ့ဟာပဲ မှတ်မိပါတော့တယ်။ ဒါပေမယ့် ထူးခြားတာက လပြည့်နေ့မှာ ဈေးပိတ်တော့ လမ်းမတန်း ထွက်ရောင်းတာကတော့ အရင်တုန်းက တစ်ခါမှကို မကြုံဖူးဘဲနဲ့ ခုမှပဲကြုံဖူးတာပါ။

လပြည့်နေ့မှာ ထူးထူးခြားခြားတွေ့ရတာကတော့ ဘုရားပွဲပါ။ ကျွန်တော်တို့တုန်းက မြောက်အရပ် ကမ်းနားက ဧရာဝတီမြစ်ဆိပ်က ဘုရားပါ။ ဧရာဝတီမြစ်ဆိပ်က ရေတိုက်စားထားတဲ့ သစ်ပင်ကြီးတွေရဲ့ အမြစ်တွေဆို ကျွန်တော်ရောက်တိုင်း သွားကြည့်ပြီးတော့ အမြဲတမ်း ဓာတ်ပုံရိုက်လေ့ရှိပါတယ်။ ဘုရားပွဲဆိုတာလည်း ကိုယ်က အာရုံထဲမှာ တရေးရေးပဲ ရှိပါတော့တယ်။ ညဘက်မှာ မနက်ဘက်ကို ဘုရားဆွမ်းတော်ကပ်ဖို့ ပြင်ဆင်ထားတာတွေတွေ့ရပြီးတော့ လာသမျှလူတွေကို ဧည့်ခံကျွေးမွေးကြတယ်။ ဘုရားမှာသာမက တစ်ရပ်ကွက်လုံးမှာရှိတဲ့ အိမ်တွေကပါ ဧည့်ခံကျွေးမွေးကြပါတယ်။ ခက်တာက ကျွန်တော်က ဘယ်သူတွေရဲ့အိမ်က ဘယ်နားလည်းဆိုတာကို ကောင်းကောင်း မမှတ်မိတော့လို့ အိမ်တွေထိတော့သွားပြီး မလည်ခဲ့ပါဘူး။ ဒါပေမယ့်လည်း နောက်တစ်နေ့ ဆွမ်းလောင်းတဲ့ အချိန်ကျတော့ ကျွန်တော်တို့ဘုရားပွဲတွေရဲ့ ထုံးစံပေ့ါလေ။ မုန့်ဖက်ထုပ်တို့ မုန့်ဆီကြော်တို့ ထမင်းတွေ ဟင်းတွေဆိုတာကလည်း အလျှံအပယ်ပါပဲ။ စားစရာ သောက်စရာတွေ သံဃာတော်တွေ၊ ဆွမ်းခံကြွတဲ့ ကိုယ်တော်တွေ တော်တော်ကို သယ်ယူရ တော်တော်လေးကို ခံယူကြရပါတယ်။ တော်တော်ကို များများ စားစားရှိပါတယ်။ သံဃာတော်အပါး ၂၀၀ ကျော်လောက် ဆွမ်းကြီးခံကြပါတယ်။ အဲ့ဒီပွဲမှာလည်းဘဲ မှတ်မိတဲ့သူတချို့ကစပြီး နှုတ်ဆက်ရာကနေပြီးတော့ ကျန်တဲ့သူတွေနဲ့လည်း တော်တော်ကို နှုတ်ဆက်ဖြစ်ခဲ့ပါတယ်။

ကျွန်တော်တို့က တခြားမြို့ရွာကို ရောက်နေတဲ့အခါမှာ အဲဒီမြို့ရွာတွေ ဘယ်လောက်ပဲကြီးကျယ်ကြပေမယ့် ကိုယ့်အရပ်ကိုယ့်ရွာက ဘုရားပွဲဆို ပြန်ချင်ကြတာကို။ အဲဒါကြောင့် ဒီဘုရားပွဲမှာ အဝေးကို ရောက်ပြီးတော့ ရေကြည်ရာ မြက်နုရာတွေ သွားပြီးတော့၊ တစ်ရွာပြောင်းပြီးတော့၊ သူကောင်းဖြစ်နေတဲ့ ပုဂ္ဂိုလ်တွေနဲ့ မမျှော်လင့်ဘဲ တွေ့ဆုံရပါတယ်။

ဒီတစ်ခေါက်မှာ ထူးထူးခြားခြားတွေ့ဆုံတာက မြို့သာစက်မှုဇုန်နဲ့ ပတ်သက်တဲ့ ဆန္ဒပြပွဲပါပဲ။ အခုတလော ဆန္ဒပြတဲ့သူတွေ၊ လုံခြုံရေးတွေ အဆင်မပြေဖြစ်ကြတဲ့ သတင်းတွေကြားနေရတော့ ဒါတွေကတော့ ဘယ်သူမှ စိတ်ချမ်းသာမှာ မဟုတ်ပါဘူး။ မြို့သာစက်မှုဇုန်ကလာပြီးတော့ပြတဲ့ ဆန္ဒပြပွဲကတော့ ဆန္ဒပြခွင့်ကလည်းရတယ် စနစ်တကျလေးလည်းရှိတယ်။ ရဲတွေက သူတို့ကို နှောက်အယှက်မပေးတဲ့အပြင် လုံခြုံရေးပါယူပေးတဲ့အတွက် နောက်ဆုံး ဆန္ဒပြပွဲ ပြီးသွားတဲ့အခါမှာ လုံခြုံရေးယူပေးတဲ့ ပုဂ္ဂိုလ်တွေကို ကျေးဇူးတင်တဲ့အကြောင်း ဆန္ဒပြတဲ့သူတွေက ပြောသွားတယ်ဆိုတာ ကြားသိလိုက်ရပါသေးတယ်။ တစ်ယောက်နဲ့ တစ်ယောက် တစ်ဖက်နဲ့တစ်ဖက် တင်းတင်းမာမာ မရှိတဲ့အတွက် ဆန္ဒပြတဲ့သူတွေကလည်း သူတို့လိုတဲ့ လိုချင်တာတွေကို ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမောနဲ့ တောင်းဆိုနေကြတာတွေကို ကျွန်တော်နဲ့တကွ ရောက်လာတဲ့ သတင်းထောက်တွေပါ တွေ့ခဲ့ကြရပါတယ်။ သတင်းထောက်တွေထဲမှာ ကိုယ်နဲ့သိတဲ့ သတင်းထောက်တွေက ပါလာလေတော့ သူတို့က ဆရာဘာလာလုပ်တာလဲလို့ မေးစရာဖြစ်တော့ ဟောပြောပွဲလာတာရယ် ပြီးတော့ ဇာတိရပ်ရွာကိုရောက်နေတာရယ်ဆိုတဲ့ အကြောင်းကို ပြောဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ဒီခရီးဟာ ရတနာပုံခရီးလို့ ပြောတာပါ။ ရတနာပုံတက္ကသိုလ်ကနေစလိုက်တဲ့ခရီး၊ ရတနာပုံကျောင်းတိုက်မှာ ရှင်ပြု၊ ကြွေးသစ်တွေချ၊ ဆရာသမားတွေကို ဂါရဝပြု၊ ကြွေဟောင်းတွေဆပ်၊ ကလေးတွေကို ပြုစုပျိုးထောင်ဖို့ ကြွေးသစ်တွေချ၊ ပြည်သူ့ဝန်ထမ်းနဲ့ ပြည်သူတွေ အဆင်ပြေပြေ၊ ချောချောမွေ့မွေ့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ တွေ့ရကြုံရတာတွေကြောင့်မို့လို့ ဒီခရီးဟာ ရတနာပုံခရီးလို့မြင်မိတာပါဘဲ။ ဒီလိုခရီးမျိုးကို နောက်လည်း အခေါက်ပေါင်းများစွာ သွားချင်ပါသေးတယ်။ သွားပါရစေလို့ ဆုတောင်းနေမိပါတယ်။ ။

# ဗီယက်နမ်ရိုးရာနှစ်သစ်ကူးပွဲတော် ရန်ကုန်မြို့၌ကျင်းပ




**ရန်ကုန် ဇန်နဝါရီ ၂၃**

မြန်မာနိုင်ငံ၏ သတင်းနည်းပညာ အချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာစက်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် မြန်မာအစိုးရအဖွဲ့အစည်းများ၊ နည်းပညာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေရန် ကြိုးပမ်းလျက်ရှိသည့် ဗီယက်နမ်အခြေစိုက် FPT Corporation မှ ဗီယက်နမ်ရိုးရာနှစ်သစ်ကူးပွဲတော်ကို ရန်ကုန်မြို့ Park Royal Hotel၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါပွဲတော်သို့ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင် တက်ရောက်ခဲ့ပြီး ဗီယက်နမ်နိုင်ငံ သတင်းအချက်အလက်နည်းပညာနှင့် ဆက်သွယ်ရေးဆိုင်ရာ ဒုတိယဝန်ကြီး Mr.Nguyen Minh Hong နှင့်အတူ ဂျပန်၊မြန်မာ၊ ဗီယက်နမ်မှ စီးပွားရေးလုပ်ငန်းရှင်များ ဗီယက်နမ်သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဗီယက်နမ်နိုင်ငံမှသတင်းနည်းပညာနှင့်ဆက်သွယ်ရေးဆိုင်ရာ ဒုတိယဝန်ကြီး Mr.Nguyen Minh Hong က သတင်းနည်းပညာနှင့် ဆက်သွယ်ရေးအပါအဝင် မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံ သဘောတူပူးပေါင်းဆောင်ရွက်ရာ၌ သတင်းနည်းပညာနှင့် ဆက်သွယ်ရေးဆိုင်ရာ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် FPT မှအရှိန်အဟုန်မြှင့်တင်ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြောသည်။

ဗီယက်နမ်နှစ်သစ်ကူးပွဲတော်နှင့်အတူ ဗီယက်နမ် ရိုးရာအကအလှများ၊ တေးသီချင်းများ၊မြန်မာ့ရိုးရာ စောင်းတီးခတ်ဖျော်ဖြေမှု အကအလှများဖြင့် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုကို ဖော်ပြသည့် ကကွက်များဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည့်အပြင်မြန်မာနိုင်ငံ၌ FPT Myanmarဖွင့်ပွဲကိုလည်း တစ်ပြိုင်နက် ကျင်းပခဲ့သည်။

**သတင်းနှင့် ဓာတ်ပုံ- သီသီမင်း**

---

# ကမ္ဘောဇမောင်၊ ကမ္ဘောဇမယ် ပြိုင်ပွဲကျင်းပမည်

**တောင်ကြီး ဇန်နဝါရီ ၂၃**

၂၀၁၅ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင်ကျရောက်သည့် ရှမ်းပြည်နယ်နေ့နှင့် ဖေဖော်ဝါရီ ၁၂ ရက် ပြည်ထောင်စုနေ့တို့အားကြိုဆိုသောအားဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကမ္ဘောဇမောင်နှင့်မယ်ပြိုင်ပွဲများကို ဖေဖော်ဝါရီ(၄၊ ၅၊ ၇)ရက်တို့တွင် တောင်ကြီးတက္ကသိုလ်ဘက်စုံခန်းမတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ နာယကအဖွဲ့ဝင် ပြည်နယ် လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်က ဇန်နဝါရီ ၂၂ ရက်က ကျင်းပသည့်ပြိုင်ပွဲကျင်းပရေးညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ပြိုင်ပွဲသို့ ရှမ်းပြည်နယ်အတွင်းရှိ ခရိုင် ၁၃ ခုမှ အသက်(၁၈)နှစ်မှ(၂၇)နှစ်အတွင်း လူပျို ကျားနှစ်ဦး၊ အပျိုမနှစ်ဦး စုစုပေါင်းလေးဦးစီဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ထားပြီး တောင်ကြီးမြို့ပေါ်မှမူ ကန့်သတ်မှုမရှိ ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။ ပြိုင်ပွဲဝင်များအားလုံး တောင်ကြီးမြို့သို့ ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထားရောက်ရှိပြီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ တောင်ကြီးတက္ကသိုလ်နှင့် ရှမ်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာနသို့ သတင်းပို့ရန်နှိုးဆော်ထားသည်။ ပြိုင်ပွဲဝင်များအားတည်းခိုရန်နေရာနှင့် စားစရိတ်များ စီစဉ်ပေးမည် ဖြစ်သည်။

**နိုင်ထွန်း(TGI)**

---

**❖မယ်စကြဝဠာမှ**

ပြိုင်ပွဲဝင် သျှားထွဋ်အိန္ဒြာက "အကြိုပွဲစဉ်တွေအနေနဲ့ နိုင်ငံကိုယ်စားပြုဝတ်စုံပြပွဲအပြင် မယ်စကြဝဠာအဖွဲ့အစည်းက စီစဉ်ပေးတဲ့ ဖွင့်ပွဲဝတ်စုံ အတိုရယ်၊ရေကူးဝတ်စုံရယ်ပြီးတော့ ညနေခင်းဝတ်စုံနဲ့ လျှောက်ခဲ့ပါတယ်။ အတွေ့အကြုံများစွာရတဲ့အပြင် ပြိုင်ပွဲစဉ်တစ်လျှောက်လုံး အဆင်ပြေပြေလုပ်ဆောင်နိုင်ခဲ့ပါတယ်။ ကိုလံဘီယာ၊ အမေရိကန်နဲ့ ဗင်နီဇွဲလားတို့ရဲ့ ပရိသတ်တွေကတော့ အင်အားအတောင့်တင်းဆုံးနဲ့ အပြိုင်အဆိုင် အားပေးကြတာတွေ့ရပါတယ်။မြန်မာပရိသတ်တွေလည်း ခရီးဝေးကနေ တကူးတက လာရောက်အားပေးကြတာ တွေ့ရတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။သျှားကို စိတ်ဓာတ်ခွန်အားပေးကြသူများ အားလုံးကိုလည်း ကျေးဇူးတင်ရှိပါတယ်" ဟု Miss Universe Myanmar အင်တာနက်စာမျက်နှာတွင် ဖော်ပြထားသည်။

၁၉၅၂ ခုနှစ် ကက်တလီနာကျွန်းတွင် ရေကူးဝတ်စုံများဝတ်ဆင်၍ အလှမယ်များ လာရောက်ယှဉ်ပြိုင်ခဲ့ကြရာမှ ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးငယ်များပါဝင်သော နိုင်ငံတကာ မယ်စကြဝဠာအလှမယ်ပြိုင်ပွဲကို ကျင်းပလာနိုင်ခဲ့ကြသည်။ ယခုအခါတွင်မူ ယင်းပြိုင်ပွဲကို တစ်ကမ္ဘာလုံးရှိ သန်းပေါင်းများစွာသော ပရိသတ်များက စောင့်ကြည့်အားပေးမှုကိုရရှိခဲ့ပြီး ယင်းပြိုင်ပွဲမှ နိုင်ငံတစ်ဝန်းရှိ အမျိုးသမီးငယ်များ၏နေ့စဉ်လူနေမှုဘဝများ၊ ၎င်းတို့၏သက်မွေးပညာရပ်များ၊ ကိုယ်ရည်ကိုယ်သွေးနှင့် လူသားချင်းစာနာထောက်ထားမှုများကို တိုးမြှင့်စေမည့်အပြင် မိမိနိုင်ငံ၏ယဉ်ကျေးမှု၊ အလှအပတရားများကို နိုင်ငံတကာက သိရှိစိတ်ဝင်စားလာအောင် ဖော်ပြခွင့်ရရှိပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မယ်စကြဝဠာပြိုင်ပွဲများကို ယခင်က ဒီဇင်ဘာလတွင် ပြုလုပ်ခဲ့သော်လည်း မယ်စကြဝဠာ ၂၀၁၄ ပြိုင်ပွဲကိုမူ ၂၀၁၅ ခုနှစ် ဇန်နဝါရီလသို့ ပြောင်းလဲကျင်းပခဲ့သည်။ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် ၁၉၅၉ ခုနှစ်တွင် ဒေါ်သန်းသန်းအေးက သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး နှစ်ပေါင်း ၅၀ကျော်အတွင်း ၂၀၁၃ ခုနှစ်တွင် ပထမအကြိမ် Miss Universe Myanmar Organization မှ အလှမယ် မိုးစက်ဝိုင်၊ ဒုတိယအကြိမ် အလှမယ် သျှားထွဋ်အိန္ဒြာတို့ သွားရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

**(ခင်ဇာလီနှင့် စန္ဒာဝင်း)**

---

# ကျန်းမာရေးအသိပညာပေး ရှင်းလင်း

**ဇမ္ဗူသီရိ ဇန်နဝါရီ ၂၃**

ဇမ္ဗူသီရိမြို့နယ် အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းဝင်းအတွင်းရောင်းချနေသည့် ဈေးဆိုင်ပိုင်ရှင်ဈေးသည်များ ကျန်းမာရေးအသိပညာပေးခြင်းကို ဇန်နဝါရီ ၂၂ ရက် နံနက် ၁၁ နာရီက အလျင်လို ကျေးလက်ကျန်းမာရေးဌာနခွဲ ကျန်းမာရေးမှူး ဒေါ်ချယ်ရီလှိုင်နှင့် ဇမ္ဗူသီရိမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့က ကျောင်းသားကျောင်းသူများကို အစားအသောက်များ ရောင်းချရာတွင် သက်တမ်းလွန်အစားအစာများ၊ အရောင်တင်အစားအစာများ၊ မှတ်ပုံတင်ခြင်းမရှိသည့် အစားအစာများရောင်းချခြင်းမပြုရန်၊ အစားအစာများကိုင်တွယ်ရာတွင် တစ်ခါသုံးလက်အိတ်များအသုံးပြုရန်၊ အဖုံးများဖြင့် သေချာစွာဖုံးအုပ်ရောင်းချရန်နှင့် အသုံးပြုပြီးအမှိုက်များကို သေချာစွာစနစ်တကျစွန့်ပစ်ရေး စသည့်ကျန်းမာရေးအသိပညာပေး လုပ်ငန်းများပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

---

# ပြည်သူများဆီအရောက်လှမ်းချီ Mobile Library

**ရေနံချောင်း ဇန်နဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် သုံးဆယ့်ခြောက်ကျေးရွာအုပ်စု စက်မှုဇုန်(၁)ရပ်ရှိ မြန်မာ့ဆက်သွယ်ရေးရုံးအနီး ပါရမီလက်ဖက်ရည်ဆိုင်(လမ်းဆုံ)တွင် ရေနံချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဖြိုးမွန်မွန်ထွန်းနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီက "Mobile Library"ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်မှုတွင် စက်မှုဇုန်ရပ်နေ ပြည်သူ ၆၀ ခန့်အား ပြည်သူ့စာကြည့်တိုက်မှ သုတ၊ ရသစာအုပ်ပေါင်း ၈၀ ကို အခမဲ့ ငှားရမ်းပေးနိုင်ခဲ့ပြီး စာအုပ်လာငှားသူ စက်မှုဇုန်ရပ်နေ ဦးအောင်သန်းကလည်း "ဒီအဖွဲ့တွေ စာအုပ်တွေလာငှားပေးနေတာလေးပတ်လောက်ရှိပြီ။ မဂ္ဂဇင်း၊ ဝတ္ထု၊ သုတ၊ ရသစာအုပ်အပြင် ကလေးတွေအကြိုက် ပုံပြင်စာအုပ်၊ ကာတွန်းစာအုပ် အစုံပါပဲဗျာ။ ကျွန်တော်တို့ကတော့ သဘောကျတယ်။ ဘာဖြစ်လို့လဲဆို ရွာစာကြည့်တိုက်နဲ့က နည်းနည်းလှမ်းတော့ စာဖတ်ချင်စိတ်ရှိတောင် အလုပ်တစ်ဖက်နဲ့မို့ အချိန်မပေးနိုင်ဘူးဗျာ။ အခုလို ပြန်/ဆက်က ဒီလို လာငှားပေးတော့ အရမ်းကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ဘက်ကလည်း သူတို့နဲ့ အတူပူးပေါင်းပြီး အခြားသူတွေ စာဖတ်ချင်စိတ်ရှိအောင် ပြောမယ်။ အခုဆိုရင် ဒီစက်မှုဇုန်က မိသားစုလေးတွေက တစ်ပတ်တစ်ခါလာငှားပေးတဲ့ လမ်းဘေးစာအုပ်ဆိုင်လေးကို မျှော် နေတတ်ပါပြီဗျာ"ဟု ပြောကြားခဲ့သည်။

**ငြိမ်းငြိမ်းအိ(ပြန်/ဆက်)**

---

## မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၂၄-၁-၂၀၁၅ (စနေနေ့)

- ၆း၀၀ အဖွင့်
  -လွင်မိုးခရီးသွားနေသည် (မြိတ်ကျွန်းစုများဆီသို့) (အပိုင်း-၁၃)
- ၆း၂၅ မြို့မငြိမ်း(၁၀၅) နှစ်မြောက်အထိမ်းအမှတ်မန္တလေးမြို့မတူရိယာအသင်းနှင့်နိုင်ငံတော်သံစုံတီးဝိုင်းတို့၏ ပူးပေါင်းဖျော်ဖြေတင်ဆက်မှု(အပိုင်း-၂)
- ၆း၅၀ ပျော်ရွှင်စေသောနေ့ရက်များ "ဆယ်ကျော်သက်" (အပိုင်း-၁၁) (ဇာတ်သိမ်း)
- ၇း၀၀ ဝတ်စားဆင်ယင်မှုပြပွဲ (တေးဂီတ-၄)
- ၇း၁၀ ဟိုတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်းများ "ကမ္ဘာပတ်၍လမ်းလျှောက်ခြင်း" (ဝေယံမင်း၊ သာဒိုးအောင်၊ ချိုတေးလွင်လွင်၊ ခိုင်သဇင်) (ဒါရိုက်တာ-သီတာလင်း) (Lurel Art Academy))
- ၇း၄၅ "ဩော် ယောက်ျား" (အောင်မျိုးနိုင်၊ အိသန္တာကျော်၊ သန္တာမြင့်အောင်) (ဒါရိုက်တာ-အတာလွင်၊ မျိုးကိုကိုအောင်)
- ၈း၅၅ ဇာတ်တော်ကြီးပြိုင်ပွဲ (ရုပ်စုံသဘင်) "ကုလ္လိသဒ္ဒိစိတ္တရုပ်စုံဇာတ်တော်ကြီး"
- ၁၀း၁၅ မြန်မာဗီဒီယိုဇာတ်လမ်း "လာဘ်ကောင်" (မြင့်မြတ်၊ ရဲအောင်၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-ကျော်ဇောလင်း (အတွေးပုံရိပ်)

တစ်နေ့ ၆ နာရီစာ လေးကြိမ် ပြသပါမည်။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၄-၁-၂၀၁၅ (စနေနေ့)

- ၅း၀၀ ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅း၄၀ "ဈေးသည်မ အမျိုးသမီးလေးဦး" တရားတော် (ဆရာတော် ဓမ္မဒူတအရှင်သုဓမ္မ)
- ၆း၄၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၂)
- ၇း၃၀ MRTV-4သတင်း
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (ကောင်းစုံကိုယ်ပိုင်အထက်တန်းကျောင်းနှင့်ဘော်ဒါအဆင့်မြင့်စာသင်ဝိုင်းပညာရည်ချွန်ဆုနှင်းသဘင်ပွဲ)
- ၁၀း၄၅ ရန်ကုန်မြင်ကွင်းကျယ် [အထက(၂) လမ်းမတော် စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲ]
- ၂း၄၀ စက်ဘ်ပူဓမ္မရောင်ခြည်ကျောင်း ပန္နက်တော်တင်မင်္ဂလာနှင့် ကျောင်းလမ်းဖွင့်ပွဲအခမ်းအနား
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ" (အပိုင်း-၂)
- ၄း၂၀ ကလေးတို့ကမ္ဘာ
- ၇း၄၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [မျက်စေ့သုံးလုံးနဲ့လူ(အပိုင်း-၁)]
- ၂း၃၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၉၀)

## မြန်မာ့ရုပ်မြင်သံကြား New Channel

၂၄-၁-၂၀၁၅ (စနေနေ့)

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၆း၂၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ (အပိုင်း-၄)
- ၆း၃၀ "မင်းဘူးကရွှေစက်တော်ဖူးကြစို့ တူပျော်ပျော်"
- ၇း၀၀ နံနက်ခင်းသတင်း၊ မိုးလေဝသ အခြေအနေ
- ၉း၃၅ လှပစုံလင်အာဆီယံတစ်ခွင်
- ၉း၄၀ နိုဘယ်-မြန်မာ စာပေပွဲတော်
- ၁၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း (Package)
- ၁၁း၃၅ မျက်မှောက်ရေးရာအဖြာဖြာ
- ၁၂း၃၅ ပြည်သူ့အတွက်ကြိုးပမ်းမှုပုံရိပ်များ
- ၁၂း၅၀ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၄း၃၅ ချစ်သော၍ကမ္ဘာမြေ
- ၅း၃၅ ပြည်သူတို့ရဲ့စကားသံများ
- ၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ -ဂန္ထဝင်အလှ မြန်မာရာမ (အပိုင်း-၁) (ရဲသီဟကို၊ မင်းဟိန်းခန့်၊ ပိုင်ဖြိုးသု၊ စုလဲ့ရတနာ) (ဒါရိုက်တာ-ဇော်ဇော် (Ad.Lenono)) -ဂီတတံခါးလေးဖွင့်ပါဦး

## mitv

**MYANMAR INTERNATIONAL**
**Programme Schedule**
**(24-1-2015)(Saturday)**

(24-1-2015 07:00am-25-1-2015 07:00 am)MST

- -Great Shwedagon
- -A Monk's Robe
- -Shan Novices To Be
- -Myanmar Masterclass:3D
- -Sizes does Matter(Episode-I)
- -Guiding Star of Song Birds
- -News Extra
- -Entrepreneur:Dr.Thin Nwe Win
- -Moving Meditation:Aikido
- -A Visit to Kyauk Kyi
- -Swensen's (Ice Cream)
- -Caves of Myanmar
- -Great Minds of Myanmar

အားကစား

# ၄-၄-၂ ကစားကွက်ကို အမြဲတမ်းအသုံးပြုသွားရန် မလိုလား ဒီမာရီယာကို တိုက်စစ်နေရာတွင် ကစားစေမည်ဟု မန်ယူနည်းပြ ဗန်ဟားလ်ပြော



မန်ယူနည်းပြ လူးဝစ်ဗန်ဟားလ်က ၎င်း၏ လက်ရှိအသုံးပြုနေသော ၃-၅-၂ ကစားကွက်အပေါ် အပြုသဘောဖြင့် ဝေဖန်ခဲ့သည်ကို ကြိုဆိုကြောင်း၊ ၄-၄-၂ ကစားကွက်သည် ကစားသမားများအတွက် ပိုမိုသက်သောင့်သက်သာရှိသော ကစားကွက်ဆိုသည်ကိုလည်း လက်သင့်ခံကြောင်း၊ သို့သော် ယင်းကစားကွက်က နည်းပြများအတွက် စိတ်မောလူမောဖြစ်စေသော ကစားကွက်သာဖြစ်သည်ဟု ပြောကြားခဲ့သည်။

ဆာအဲလက်စ်ဖာဂူဆန်သည် ၄-၄-၂ စိန်ပွင့်ပုံသဏ္ဌာန် ကစားကွက်ကို အသက်သွင်းကာ မန်ယူခေတ်တစ်ခေတ်ကို ၁၀ စုနှစ် နှစ်ခုကြာအောင် ထူထောင်ပေးခဲ့ရာ ၎င်း၏ နောက်ဆက်ခံသူနည်းပြများအနေဖြင့် ပိုမိုဖိအားများကာ ပရိသတ်များ၊ အကြံပေးသူများက ၄-၄-၂ ကစားကွက်သာ ဆက်လက်အသုံးပြုသွားစေရန် လိုလားနေသည်။

သို့သော် ဗန်ဟားလ်က "၄-၄-၂ ကစားကွက်က ရလဒ်တွေကို ပိုမိုကောင်းမွန်စေတယ်ဆိုတာ ကျွန်တော် သိပါတယ်။ ကျွန်တော်တို့အသင်းက ၄-၄-၂ စိန်ပွင့်ကစားကွက်နဲ့ အောင်မြင်တဲ့ခေတ်တစ်ခေတ်ကို ထူထောင်နိုင်ခဲ့တော့ ဒီကစားကွက်ကိုပဲ ဆက်ပြီးအသုံးပြုစေချင်တာပေါ့။ ဝက်ဟမ်းအသင်းနဲ့ မန်ယူတို့ကစားတဲ့ပွဲမှာ ၄-၄-၂ ကစားကွက်ကိုသုံးတော့ အလွယ်တကူ အနိုင်ရခဲ့တယ်။ ဒါပေမယ့် အဲဒါမျိုးကစားကွက်ချည်း အမြဲတမ်းအသုံးပြုဖို့ အဆင်မပြေပါဘူး။ ခင်ဗျားတို့အနေနဲ့ ကစားခဲ့တဲ့ပွဲတွေကို ပြန်ပြီးသုံးသပ်ကြည့်ရင် ၄-၄-၂ ကစားကွက်ကို သုံးတဲ့အခါ နည်းပြတွေအနေနဲ့ ထိုင်ခုံပေါ်မှာ ငြိမ်ငြိမ်ထိုင်မနေနိုင်ဘဲ ဂနာမငြိမ်ဘဲ ပိုပြီးစိတ်မောလူမောဖြစ်နေတာကို တွေ့ရပါလိမ့်မယ်" ဟု ပြောကြားခဲ့သည်။

ဆက်လက်၍ ဗန်ဟားလ်က ပွဲစဉ်များကို ဝေဖန်သုံးသပ်ခြင်းမှာ နည်းပြတစ်ယောက်၏ တာဝန်သာဖြစ်ပြီး ကစားသမားများနှင့် နည်းပြကြား ကောင်းမွန်သောဆက်သွယ်ဆောင်ရွက်နိုင်မှုကသာ အသင်းအောင်မြင်ရေးအတွက် အဓိကကျသည်ဟု ပြန်လည်တုံ့ပြန်ပြောကြားခဲ့သည်။

ယခုအခါ မန်ယူအသင်းမှာ ၃-၅-၂ ကစားကွက်နှင့် အသားကျနေပြီး ရာသီဝက်ကာလတွင် အကောင်းဆုံးရလဒ်များကို ပြန်လည်ရရှိလာခဲ့သည်။ ၄-၄-၂ ကစားကွက်တွင် ဒီမာရီယာက ကွင်းလယ်ဘက်အစွန်တွင် ကစားပြီး ယခုဒဏ်ရာရရှိနေချိန်တွင် ၃-၅-၂ ကစားကွက်ကသာ အသင်းအတွက် အသင့်လျော်ဆုံးကစားကွက် ဖြစ်သည်။

ယင်းကစားသမားမှာ ယခုအခါ ပြန်လည်ကစားနိုင်ပြီဖြစ်၍ တိုက်စစ်မှူးနေရာတွင် ကစားစေမည်ဖြစ်ပြီး ၎င်း၏ တိုးအားနှင့် အကွက်မြင်မှုများက ကွင်းလယ်ကစားသမားကို ပိုမိုနေရာလွတ်များ ရရှိလာစေမည်ဟု ဗန်ဟားလ်က ဆက်လက်ပြောကြားခဲ့သည်။

သို့သော် ဒီမာရီယာအနေဖြင့် တိုက်စစ်မှူး စစ်စစ်နေရာတွင် အံဝင်ခွင်ကျကစားရန်မှာ အချိန်လိုအပ်နေသေးပြီး ယင်းနေရာအတွက် ဗန်ပါစီမှာ အသင့်လျော်ဆုံးကစားသမားဖြစ်သည်။ မန်ယူ၏ လက်ရှိအဓိကပြဿနာတစ်ရပ်မှာ နောက်တန်းဖြစ်ပြီး စမောလင်း၊ ဂျွန်နီအီဗန်စ်၊ အက်ရှ်လေယန်းတို့ သုံးဦးစလုံး ဒဏ်ရာရရှိနေရာ နောက်ခံလူသုံးဦးသာလျှင် အသုံးပြုသော ၃-၅-၂ ကစားကွက်အတွက် အခက်ခဲတစ်ရပ်ဖြစ်သည်။ **(မေလွဲ့သင်း)**



# အာစင်ဝင်းဂါးက အလုပ်လုပ်ခွင့် ခွင့်ပြုချက်ဥပဒေကို ပြင်ဆင်ပေးစေလို



အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ မဟုတ်သော နိုင်ငံခြားသား ကစားသမားများအတွက် အလုပ်လုပ်ခွင့် ခွင့်ပြုချက် ဥပဒေတစ်ရပ်ကို ပြင်ဆင်ပေးရန် ဆန္ဒရှိနေသည်။


အာစင်ဝင်းဂါးက ဗီလာရီးယဲလ်မှ ကွင်းလယ်ကစားသမား ဂေဘရီယယ်ပေါ်လီစတာကိုခေါ်ယူရန် ကြိုးပမ်းနေသော်လည်း အသက်(၂၄)နှစ်အရွယ်ရှိ ယင်းကစားသမားမှာ ဘရာဇီးနိုင်ငံသား ဖြစ်နေခြင်းကြောင့် ပြည်ထဲရေးရုံး၏ တရားဝင်ခေါ်ယူခွင့်အတည်ပြုချက် လိုအပ်နေသေးသည်။

ထို့ကြောင့် ၎င်းက ဥရောပသမဂ္ဂအဖွဲ့မဟုတ်သော နိုင်ငံများမှ နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူ ကစားသမားများအား နောက်နှစ်ဘောလုံးရာသီတွင် အရေးအတွက် လျှော့ချခေါ်ယူရန် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (FA) ၏အဆိုပြုထားခြင်းအပေါ် ဝေဖန်ခဲ့သည်။ ၎င်းက "တကယ်တော့ ကစားသမားတွေအတွက် လမ်းကြောင်းကို ဖွင့်ပေးထားသင့်တယ်။ ဘယ်သူမဆို လာရောက်ကစားနိုင်အောင်လည်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်အနေနဲ့ စီစဉ်ပေးနိုင်ရမယ်။ ကျွန်တော် ဥပမာတစ်ခုအနေနဲ့ ပေးချင်တယ်။ ဒီမာရီယာ အသက်(၁၇)နှစ် အရွယ်တုန်းက သူ့နိုင်ငံမှာပဲ သူကစားနေတာလေ။ အခု နိုင်ငံတကာပြိုင်ပွဲတွေမှာ ကျွန်တော်တို့ သူ့ကိုမြင်တွေ့နေတယ်။ ပြီးတော့ ပရီမီယာလိဂ်မှာ သူ့ကို လာရောက်ကစားစေချင်တော့ သူ့ကို အရောက်ခေါ်ခဲ့တယ်။ ဒါပေမယ့် သူက အာဂျင်တီးနားသားပဲလေ"ဟု ပြောကြားခဲ့သည်။

မကြာသေးမီကပင် အင်္ဂလန်က ဥရောပသမဂ္ဂအဖွဲ့ဝင်မဟုတ်သော နိုင်ငံများမှ နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူ အရေအတွက်မှာ ထိပ်တန်းအဆင့် ၇၀ တွင် ပါဝင်နေပြီး နှစ်နှစ်တာကာလအတွင်း နိုင်ငံခြားသားကစားသမား ပါဝင်နေမှုနှုန်းမှာ ၇၅ ရာခိုင်နှုန်းအထိ ရှိနေပြီဖြစ်သည်။ ယခုအခါ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ် (FA) က ဥရောပသမဂ္ဂအဖွဲ့ဝင်မဟုတ်သော နိုင်ငံများမှ ကစားသမားအင်အားကို ၅၀ ရာခိုင်နှုန်းကျော်အထိ လျှော့ချသွားရန် စီစဉ်နေသည်။

အာဆင်နယ်အသင်းသည် အင်္ဂလိပ်ကစားသမားများထက် အခြားနိုင်ငံသားကစားသမားများကို ပိုမိုနေရာပေးသောအသင်းဖြစ်ပြီး ဝင်းဂါးက အင်္ဂလိပ်လူမျိုးများသည် ခြေစွမ်းမရှိဘဲ ဈေးသာကြီးသော ကစားသမားများဟု ပြောကြားခဲ့ရာ အင်္ဂလန်ဘောလုံးလောက၏ အမျက်ထွက်ခြင်းကို ခံခဲ့ရသူဖြစ်သည်။

# မန်ယူကွင်းလယ်လူ အဒမ်ဂျာနူဇက် ပေါ်တိုအသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်



မန်ယူအသင်း၏ ဘယ်လ်ဂျီယံလူငယ်ကွင်းလယ်ကစားသမား အဒမ်ဂျာနူဇက်သည် လာမည့်ဆောင်းရာသီအပြောင်းအရွှေ့ကာလအတွင်း ပေါ်တူဂီထိပ်သီးကလပ် ပေါ်တိုအသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်နေကြောင်း သိရသည်။ ဂျာနူဇက်မှာ မန်ယူနည်းပြ လူးဝစ်ဗန်ဟားလ် လက်ထက်တွင် ခြေစွမ်းပြသနိုင်ခြင်းမရှိသလို ပုံမှန်နေရာရရှိရန် ရုန်းကန်နေရခြင်းကြောင့် အသင်းပြောင်းရွှေ့ရန် စီစဉ်နေကြောင်း သတင်းများ ထွက်ပေါ်နေခြင်းဖြစ်သည်။ ထို့ပြင် မန်ယူနည်းပြဟောင်းဖြစ်သူ ဒေးဗစ်မိုယက်စ်မှာလည်း ဂျာနူဇက်အား ၎င်းကိုင်တွယ်လျက်ရှိနေသည့် ဆိုစီဒက်အသင်းသို့ အရောက်ခေါ်ယူသွားရန် ပြင်ဆင်နေပြီး မန်ယူအသင်းထံ တရားဝင်ကမ်းလှမ်းသွားရန် စီစဉ်လျက်ရှိကြောင်း ဗြိတိန်သတင်းစာ Daily Mail က ဖော်ပြခဲ့သည်။ သို့သော် မန်ယူအသင်းအနေဖြင့် ၎င်းအား အပြီးတိုင်လက်လွှတ်သွားရန် ဆန္ဒမရှိဘဲ တစ်ရာသီအငှားစာချုပ်ဖြင့်သာ ပြောင်းရွှေ့ခွင့်ပြုဖွယ်ရှိနေပြီး ပေါ်တိုအသင်းထံသာ အငှားချသွားရန် ပိုမိုလိုလားလျက်ရှိကြောင်း goal.com က ဖော်ပြခဲ့သည်။ မန်ယူအသင်းအနေဖြင့် လာမည့်ဆောင်းရာသီအပြောင်းအရွှေ့ကာလမစတင်ကာ အသင်းအား အပြောင်းအလဲများစွာပြုလုပ်ရန် စီစဉ်နေပြီး ဂျာနူဇက်အပါအဝင် ဖယ်လ်ကာအို၊ ဗန်ပါစီ၊ ဖီးလ်ဂျုံးစ်၊ ရာဖေးလ် စသည့် ကစားသမားများမှာ အသင်းနှင့် အနာဂတ်သေချာဖွယ်မရှိတော့ကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။ **(ကိုရဲ)**

# ဘရာဇီးတိုက်စစ်မှူး ပါတိုအား ကျူပီအာအသင်းက အငှားဖြင့်ခေါ်ယူ



ကျူပီအာအသင်းသည် ဘရာဇီးတိုက်စစ်မှူး ပါတိုအား အငှားဖြင့် ခေါ်ယူမည်ဖြစ်ပြီး အသင်း၏လိုအပ်နေသော တိုက်စစ်ပိုင်းအတွက် ဖြည့်ဆည်းပေးရန် ကြိုးပမ်းနေခဲ့ရာ အောင်မြင်ခဲ့ပြီဖြစ်သည်။ အသက်(၂၅)နှစ် အရွယ်ရှိ ယင်းကစားသမားသည် အေစီမီလန်အသင်းတွင် ကာလကြာရှည်စွာ ကစားခဲ့သူဖြစ်ပြီး ယခုအပြောင်းအရွှေ့ဈေးကွက်ဖွင့်ချိန်တွင် လန်ဒန်အနောက်ပိုင်းကလပ်သို့ ပြောင်းရွှေ့မည်ဖြစ်သည်။ ပါတိုသည် မကြာသေးမီကာလကပင် ဆော်ပေါ်လိုမှ ကိုရင်သီယန်သို့ အငှားဖြင့် ပြောင်းရွှေ့လာခဲ့ပြီး စုစုပေါင်း ပွဲ ၃၀ တွင် ၁၂ ဂိုးအထိ သွင်းယူပေးထားသည်။

၂၀၁၂ ခုနှစ် ခြေစွမ်းကျဆင်းလာခဲ့ပြီးနောက် အေစီမီလန်မှ ထွက်ခွာလာခဲ့ကာ ဘရာဇီးမြေတွင် ပြန်လည်ကစားနေခဲ့ခြင်းဖြစ်သည်။ အပြောင်းအရွှေ့တန်ဖိုးကိုမူ မသိရှိရပေ။

# ဒိုက်ဦး၌ မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲဆုချီးမြှင့်

**ဒိုက်ဦး ဇန်နဝါရီ ၂၃**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ၂၀၁၄ ခုနှစ် မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်/ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒိုက်ဦးမြို့နယ် မြို့နယ်အားကစားကွင်း၌ ဇန်နဝါရီ ၁၅ ရက် ညနေ ၅ နာရီခွဲက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်က ပထမဆုရရှိသော အမှတ် (၄) ကျောင်းစုရပ်ကွက်အသင်းအား ဆုချီးမြှင့်ပေးအပ်သည်။

အဆိုပါဘောလုံးပြိုင်ပွဲကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှစတင်ကျင်းပခဲ့၍ ပြိုင်ပွဲဝင်ရပ်ကွက်/ကျေးရွာမှ အသင်း ၁၄ သင်းပါဝင်ပြီး နောက်ဆုံးဗိုလ်လုပွဲ၌ အမှတ် (၃) ဝါဆိုရပ်ကွက်အသင်းနှင့် အမှတ် (၄) ကျောင်းစုရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ရာ အမှတ်(၄) ကျောင်းစုရပ်ကွက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(IPRD)**

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## လောင်းကစားလုပ်သူအား အရေးယူ

**နေပြည်တော်၊ ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များ၊ ရွှေဘိုမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၂၀ ရက် မွန်းတည့် ၁၂ နာရီခန့်က ရွှေဘိုမြို့ သရက်ခြံရပ် အမှတ်(၁၀)ရပ်ကွက်နေ မင်းလွင်(၅၀)နှစ်၏ နေအိမ်သို့ သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ မင်းလွင်အား ချဲထီ လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၁၁၃၂၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ရွှေဘိုမြို့မရဲစခန်းက(ပ) ၄၉/၂၀၁၅၊ လောင်းကစားဥပဒေပုဒ်မ ၁၅(က)/၁၆(က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

## စစ်ကိုင်းတွင် တရားမဝင်သစ်များသယ်ဆောင်လာစဉ် သိမ်းဆည်းရမိ

**မြင်းမူ၊ ဇန်နဝါရီ ၂၃**

စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွေး ဦးဆောင်ပြီး ဇန်နဝါရီ ၂၂ ရက် ည ၁၂ နာရီခန့်က တရားမဝင်သစ်များသယ်ဆောင်လာသည့်ယာဉ်အား ဖမ်းဆီးရမိခဲ့သည်။

သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ထွေး ဦးဆောင်ပြီး မြင်းမူမြို့နယ်သစ်တောဦးစီးမှူးဦးစိုးမုန့်၊ တောအုပ် ဦးသီဟဇော်၊ တောခေါင်း ဦးဝင်းလွင်၊ တောခေါင်း ဦးအောင်စိုးမိုး၊ တောအုပ် ဦးဝင်းနိုင်(စစ်ကိုင်း)၊ မြင်းမူမြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲအုပ်ဇာနည်အောင်၊ သတင်းတပ်ဖွဲ့မှ(တက)အောင်နိုင်ဝင်း၊ (စရဖ)တကကသိန်းခင်တို့ ပူးပေါင်းအဖွဲ့သည် မြင်းမူမြို့ ရွှေတောင်တိုးဂိတ်အနီးတွင် ယာဉ်မောင်း မောင်ပြုံး(ခ)ဖိုးပြူး FOTON AUMARK အဖြူရောင်ယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးခဲ့ရာ မုံရွာမြို့ရှိ စက်မှုကွက်သစ်မှ ဂျုံအိတ်နှင့်ကတ်စက္ကူများဖြင့် ဖုံးအုပ်သယ်လာသော ပိတောက်သစ်ခွဲသား ၄၅ ချောင်းကို ဖမ်းဆီးရမိခဲ့သည်။

ယင်းသစ်များသည် မုံရွာမြို့ စက်မှုကွက်သစ်မှသယ်ယူလာပြီး မန္တလေးမြို့ ပုလင်းဝင်းရပ်ကွက်သို့ ပို့ဆောင်မည်ဟုသိရပြီး သစ်များကို မြို့နယ်သစ်တောရုံးသို့သိမ်းဆည်းကာ ယာဉ်နှင့် (ယာဉ်မောင်း) မောင်ပြုံး(ခ)ဖိုးပြူးအား အရေးယူနိုင်ရန် မြင်းမူမြို့မရဲစခန်းသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

**(ဖ၂၄)**



## ပဲခူး၌ ထော်လာဂျီယာဉ်တိမ်းမှောက် လူတစ်ဦး ပိမိသေဆုံးမှုဖြစ်ပွား

**ပဲခူး၊ ဇန်နဝါရီ ၂၃**

ပဲခူးမြို့နယ် သာယာကုန်းကျေးရွာနှင့် ကုန်းတံဒင်ကျေးရွာသို့သွားသော လမ်းမပေါ်တွင် ဇန်နဝါရီ ၂၀ ရက် ည ၇ နာရီ ၄၅ မိနစ်က ထော်လာဂျီယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့သဖြင့် လူတစ်သေဆုံးခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၀ ရက် ည ၇ နာရီ ၄၅ မိနစ်က ပဲခူးမြို့နယ် အင်းတကော်မြို့နယ် သာယာကုန်းကျေးရွာနှင့် ကုန်းတံဒင်ကျေးရွာသို့သွားသည့် ကားလမ်းမပေါ်တွင် မျိုးမင်း မောင်းနှင်ပြီးယာဉ်ပေါ်တွင် ဦးဌေးဝင်း(၄၈)နှစ် ခရာပေါက်ကျေးရွာ ပေါင်းတည်မြို့နေသူ လိုက်ပါစီးနင်းလာသည့် ထော်လာဂျီစစ်စိမ်းရောင်ယာဉ်သည် ကုန်းတံဒင်ကျေးရွာအနီးအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ နောက်တွင်လိုက်ပါလာသည့် ဦးဌေးဝင်းအား ပိမိပြီး ဒဏ်ရာများရရှိ၍ အခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့သည်။

အခင်းဖြစ်ပွားစဉ် ယာဉ်မောင်းမျိုးမင်းမှာ ထွက်ပြေးတိမ်းရှောင်သွားပြီး အင်းတကော်နယ်မြေရဲစခန်းက ယာဉ်(ပ) ၃/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၀၄/က/၂၀၀၂ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မြင့်တင်(ဟံသာမြေ)**

## ဆိုင်ကယ်ချင်းချိတ်မိ၍ တစ်ဦးသေဆုံး

**အင်းတကော်၊ ဇန်နဝါရီ ၂၃**

အင်းတကော်နယ်မြေရဲစခန်းအပိုင်တွင် ဇန်နဝါရီ ၂၂ရက် နံနက် ၁နာရီ ခန့်က ယာဉ်တိုက်မှုဖြစ်ပြီး လူတစ်ဦးသေဆုံးခဲ့ကြောင်းသိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းရရှိခဲ့၍ အင်းတကော်နယ်မြေရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် အခင်းဖြစ်ပွားရာသို့ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ရန်ကုန်ဘက်မှ ပဲခူးဘက်သို့ ဦးဖိုးဆန်း(၄၈)နှစ် အင်းတကော်ကျေးရွာနေသူသည် HONDA-DREAN (125) အနက်ရောင်ဆိုင်ကယ်သည် လှထွေးမုန်တိုင်းကျေးရွာ ပဲခူးမြို့နယ်နေထိုင်သူမောင်းနှင်လာသည့် HONDA. DREAM ဆိုင်ကယ်နှင့် အပြိုင် ယှဉ်မောင်းလာစဉ် ဆည်မြောင်းအနီးအရောက်တွင်လက်ကိုင်ချင်းချိတ်မိ၍ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေး ညအိပ်ရပ်ထားသော ကွန်တိန်နာ ၁၂ ဘီးယာဉ်အားနောက်မှ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဦးဖိုးဆန်း(၄၈)နှစ် အင်းတကော်ကျေးရွာနေသူမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။

ဦးလှထွေး (၃၁)နှစ်မှာ ဒဏ်ရာများရရှိခဲ့၍ အတွင်းလူနာအဖြစ် ပဲခူးပြည်သူ့ဆေးရုံကြီးတွင် ဆေးကုသမှုခံယူစေပြီး အင်းတကော်နယ်မြေရဲစခန်းမှ ဆိုင်ကယ်မောင်းသူများဖြစ်ကြသော ဦးဖိုးဆန်းနှင့် ဦးလှထွေးတို့နှစ်ဦးအား ယာဉ်(ပ) ၄/၂၀၁၅ ပြစ်မှုပုမ ၃၀၄-က/၃၃၇ဖြင့် အရေးယူအမှုဖွင့်ဆောင်ရွက်ထားကြောင်း သတင်းရရှိသည်။

**ကြယ်စင်သိန်း(ပဲခူး)**

## အရှိန်မထိန်းနိုင်သောယာဉ်က လူနှင့်ယာဉ်များအားဝင်တိုက်

**ရန်ကုန်၊ ဇန်နဝါရီ ၂၃**

အလုံမြို့နယ်တွင် ဇန်နဝါရီ ၂၀ ရက်ည ၇ နာရီခန့်က စကားစိမ်းလမ်းအတိုင်း တောင်မှမြောက်သို့ အလုံမြို့နယ်နေ ယာဉ်မောင်း ကိုထွန်းညို(၃၀)နှစ် မောင်းနှင်လာသော လိုက်ထရပ်ကိုယ်ပိုင်ယာဉ်သည် အာသာဝတီလမ်းထိပ် အနီးအရောက် အရှိန်မထိန်းနိုင်ဘဲ ယာဘက်လမ်းစပ်၌ရပ်ထားသော ဟွန်ဒါဖစ်ကိုယ်ပိုင်ယာဉ်အား ဝင်ရောက်တိုက်မိခဲ့ပြီး လမ်းထိပ်၌ရပ်နေကြသူများဖြစ်သည့် အလုံမြို့နယ်နေ ဒေါ်တင်ညွန့်(၅၄)နှစ်၊ ကိုဇော်မျိုးအောင်(၃၂)နှစ်နှင့် မောင်ကျော်မင်းနိုင်(၁၆)နှစ်တို့အား ဆက်လက်တိုက်မိကာ လက်တွန်းလှည်းနှင့် လျှပ်စစ်ထရန်စဖော်မာတို့အား ထပ်မံတိုက်မိခဲ့ပြန်သည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်နှစ်စီး၊ လက်တွန်းလှည်းနှင့် ထရန်စဖော်မာတို့ပျက်စီးသွားခဲ့သည့်အပြင် ယာဉ်တိုက်ခံရသူ သုံးဦးတို့တွင် ဒဏ်ရာများရရှိခဲ့ကြသဖြင့် ရန်ကုန်ဆေးရုံကြီး၌ အတွင်း၊အပြင်လူနာ(စိုးရိမ်ရ၊ မစိုးရိမ်ရ) များအဖြစ် တင်ပို့ကုသခဲ့ရသောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ကိုထွန်းညိုအား အလုံမြို့မရဲစခန်းက ယာဉ်(ပ)၄/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၃၈/၃၃၇/၂၇၉ ဖြင့် အမှုဖွင့်အရေးထားကြောင်း သိရသည်။

**(စိုးဝင်း–MLA)**

## တရားမဝင်သစ်များ ချင်းတွင်းမြစ်ကမ်းတွင်တွေ့ရှိ

**စစ်ကိုင်း ဇန်နဝါရီ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အထူးစစ်ဆေးရေးဦးစီးဌာနရုံးမှဦးစီးအရာရှိ ဦးသိန်းတန်နှင့်အဖွဲ့ဝင်များ၊ မုံရွာမြို့နယ်သစ်တောဦးစီးဌာနဦးစီးအရာရှိ ဦးမြင့်ကျော်နှင့်ဝန်ထမ်းများပါဝင်သောပူးပေါင်းအဖွဲ့သည် ကျွန်းကြီးကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့်အတူ သတင်းအရ ဇန်နဝါရီ ၂၂ရက် မွန်းတည့် ၁၂နာရီခန့်က မုံရွာမြို့နယ် ကျောင်းစုကျေးရွာ အနောက်ဘက်သုံးမိုင်ခန့်အကွာချင်းတွင်းမြစ်ကမ်းဘေးရှိ ကိုင်းတောအတွင်း ဝင်ရောက်ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ တရားမဝင် သစ်လုံး သစ်ခွဲသား ၁၃ဒသမ၉၂၁၈တန်အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့ကြောင်းသိရသည်။ မုံရွာမြို့နယ်သစ်တောဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်းတရားမဝင် သစ်လုံးတိုင် ခွဲသားစုစုပေါင်း ၄၄၀ဒသမ ၇၄၃၇ တန်နှင့်မော်တော်ယာဉ် ၂၆ စီး၊ ထော်လာဂျီရှစ်စီး၊ ရေယာဉ်ငါးစီးတို့အား ဖမ်းဆီးရမိခဲ့ကြောင်းသိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## သဃ်န်းကျွန်းမြို့နယ်၌ ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ

**ရန်ကုန်၊ ဇန်နဝါရီ ၂၃**

သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းမပေါ် ကောက်လျှင်လမ်းနှင့်မီးဒုံးလမ်းအကြား၌ ဇန်နဝါရီ ၂၀ ရက် ည ၇ နာရီခွဲခန့်က သုဝဏ္ဏဘက်မှ သဃ်န်းကျွန်းဘက် အနောက်မှအရှေ့သို့ မောင်းလာသော ဗီဗင်အငှားယာဉ်နှင့် သဃ်န်းကျွန်းဘက်မှ သုဝဏ္ဏဘက်မျက်နှာချင်းဆိုင် မောင်းလာသော တိုယိုတာလိုက်ထရပ် ကိုယ်ပိုင်ယာဉ်တို့ မျက်နှာချင်းဆိုင်ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၂၀ ရက် ည ၇ နာရီခွဲခန့်က သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းမအတိုင်း သုဝဏ္ဏလမ်းဆုံမှ သဃ်န်းကျွန်းကားကြီးဂိတ်ဘက်သို့ ယာဉ်မောင်း ကျော်သန်း(၅၅)နှစ် မောင်းသော ဗီဗင်အပြာရောင် အငှားယာဉ်သည် မီးဒုံးလမ်း မှတ်တိုင်အလွန်အရောက် အရှိန်လွန်ပြီး တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ မျက်နှာချင်းဆိုင် တစ်ဖက်ယာဉ်ကြောမှ သံသုမာလမ်းအတိုင်း ယာဉ်မောင်း ကျော်ဖြိုးသူ(၂၁)နှစ် မောင်းလာသော တိုယိုတာလိုက်ထရပ်အဖြူရောင်နှင့် မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့သည်။



ထိုသို့ ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိမှုကြောင့် ကားနှစ်စီးလုံး ဦးခေါင်းပိုင်းပျက်စီးသွားခဲ့သည်။

အဆိုပါတိုက်မိသည့် လိုက်ထရပ်ယာဉ်ပေါ်စီးနင်းလာသူ လမင်းဖြိုး၊ မျိုးသူဇင်၊ အောင်ဇော်မိုးနှင့် အငှားယာဉ်ပေါ်ပါလာသူ ဇော်ဌေးအောင်တို့ ထိခိုက်ဒဏ်ရာများရရှိ၍ တာဝန်ရှိသူတို့က သဃ်န်းကျွန်း စံပြဆေးရုံကြီးသို့ တင်ပို့ပြီး အတွင်းလူနာအဖြစ်(မစိုးရိမ်ရ)တင်ပို့ကုသပေးခဲ့သည်။

ယာဉ်မဆင်မခြင် မောင်းနှင်မှုကြောင့် ကားနှစ်စီးပျက်စီးပြီး လူလေးဦးထိခိုက်ဒဏ်ရာ ရရှိစေသော အငှားယာဉ်မောင်း ကျော်သန်းအား အရေးယူနိုင်ရန် ယာဉ်မှုစစ်မှ စစ်ဆေးလျက်ရှိသည်။

**တင်ကြည်(သဃ်န်းကျွန်း)**

## သန်လျင်၌ ခရီးသည်တစ်ဦး ယာဉ်ပေါ်မှ ပြုတ်ကျ

**သန်လျင်၊ ဇန်နဝါရီ ၂၃**

သန်လျင်မြို့နယ်၌ ဇန်နဝါရီ ၂၀ ရက် ည ၁၁ နာရီခွဲက ကျိုက်ခေါက်ဘုရားလမ်းအတိုင်း ရန်ကုန်ဘက်မှ သန်လျင်ဘက်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသော ဟွန်ဒိုင်းအဝါရောင် ရွှေရန်ကုန် ခရီးသည်တင်ယာဉ်သည် သန်လျင်တံတားအဆင်းရှိ သဘာဝဓာတ်ငွေ့အရောင်းဆိုင်အလွန်အရောက် ယာဉ်ပေါ်ပါခရီးသည်ဖြစ်သူ သန်လျင်မြို့နယ်နေဦးအောင်တင့်(၄၆)နှစ်မှာ ပြုတ်ကျသွားခဲ့ပြီး ယာဉ်မောင်းမှာ ယာဉ်အားမောင်းနှင်ထွက်ပြေးသွားခဲ့သည်။

ထိုသို့ယာဉ်ပေါ်မှ ပြုတ်ကျခဲ့သဖြင့်ဦးအောင်တင့်တွင် ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာရရှိခဲ့ပြီး သန်လျင်ဆေးရုံတွင်အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ်တင်ပို့ကုသခဲ့ရသည်။

ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းအား ဆက်လက်စုံစမ်းနေဆဲဖြစ်ပြီး ၎င်းအား သန်လျင်မြို့မရဲစခန်းက ယာဉ် (ပ) ၉/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၃၈/၂၇၉/၂၀၂ ဖြင့်အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝ၄၀)**

# မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကြမ်း

**မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကြမ်း**
**(၂၀၁၄ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)**
**၁၃၇၆ ခုနှစ်၊ လ ရက်**
**(၂၀၁၅ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည်ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကိုမြန်မာနိုင်ငံစာရင်းကောင်စီဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ကောင်စီ**ဆိုသည်မှာဤဥပဒေအရ ဖွဲ့စည်းသည့်မြန်မာနိုင်ငံစာရင်းကောင်စီကိုဆိုသည်။

(ခ) **စာရင်းပညာ**ဆိုသည်မှာဘဏ္ဍာရေးစာရင်းပညာ၊စီမံခန့်ခွဲမှုစာရင်းပညာ၊ တန်ဖိုးတွက်စာရင်းပညာနှင့် စာရင်းစစ်ဆေးခြင်းပညာတို့ကိုဆိုသည်။ ယင်းစကားရပ်တွင်စာရင်းပညာကို အခြေခံပြုသည့်လုပ်ငန်းပညာရပ်များလည်းပါဝင်သည်။

(ဂ) **စာရင်းလုပ်ငန်း**ဆိုသည်မှာ စာရင်းထားသိုခြင်း၊ စာရင်းပြုစုခြင်း၊ဘဏ္ဍာရေးရှင်းတမ်းများ ရေးဆွဲပြုစုခြင်း၊ ဌာနတွင်းစာရင်းစစ်ဆေးခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းများစစ်ဆေးခြင်း၊ စာရင်းရှင်းတမ်း သို့မဟုတ် စာရင်းတင်ပြချက် သို့မဟုတ် စာရင်းဖော်ပြချက်အပေါ် ခိုင်လုံမှုစိစစ်သုံးသပ်ခြင်း၊ ကျသင့်သည့်အခွန် သို့မဟုတ် တန်ဖိုးတွက်ချက်ခြင်း၊ စာရင်းစနစ် တီထွင်ချမှတ်ခြင်း၊ စာရင်းစနစ်စိစစ်ခြင်း၊စာရင်းပညာသင်ကြားခြင်း၊ စာရင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ အတိုင်ပင်ခံခြင်း၊ အကြံပေးခြင်း၊ အခွန်၊ ဘဏ္ဍာရေး၊ စီမံခန့်ခွဲရေး၊ ရင်းနှီးမြှုပ်နှံမှုတို့နှင့် စပ်လျဉ်း၍အတိုင်ပင်ခံခြင်း၊ အကြံပေးခြင်းတို့ကိုဆိုသည်။ယင်းစကားရပ်တွင် ကောင်စီက အခါအားလျော်စွာ သတ်မှတ်သည့် စာရင်းလုပ်ငန်းများလည်းပါဝင်သည်။

(ဃ) **စာရင်းလုပ်ငန်းနယ်ပယ်**ဆိုသည်မှာ စာရင်းပညာဖြင့်အသက်မွေးမှုလုပ်ငန်းနယ်ပယ်များဖြစ်သည့် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းနယ်ပယ်၊ ပုဂ္ဂလိက ကဏ္ဍစာရင်းလုပ်ငန်းနယ်ပယ်၊ အစိုးရကဏ္ဍ စာရင်းလုပ်ငန်းနယ်ပယ်နှင့် သင်ကြားမှုစာရင်းလုပ်ငန်းနယ်ပယ်တို့ကိုဆိုသည်။

(င) **စာရင်းကိုင်အလုပ်သင်**ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းအစီအစဉ်အရ ကောင်စီက သတ်မှတ်သည့်အတိုင်း စာရင်းပညာလက်တွေ့သင်ယူနေသူကိုဆိုသည်။

(စ) **စာရင်းကိုင်အလုပ်သင်လုပ်သက်**ဆိုသည်မှာ ကောင်စီက သတ်မှတ်သည့်အတိုင်း စာရင်းပညာလက်တွေ့ သင်ယူရမည့်ကာလကိုဆိုသည်။

(ဆ) **စာမေးပွဲအောင်လက်မှတ်**ဆိုသည်မှာဤဥပဒေအရဖွင့်လှစ်သည့် ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းအသီးသီးတွင် ပထမပိုင်းနှင့် ဒုတိယပိုင်းစာမေးပွဲနှစ်ခုလုံးအောင်မြင်ပြီးသူများအား ကောင်စီက ထုတ်ပေးသည့် အောင်လက်မှတ်ကိုဆိုသည်။

(ဇ) **စာရင်းပညာရှင်**ဆိုသည်မှာလက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်) ရရှိထားသူ သို့မဟုတ် နိုင်ငံခြားတိုင်းပြည်များမှ အသိအမှတ်ပြုစာရင်း ပညာရှင်လက်မှတ်ရရှိထားပြီး ကောင်စီကစိစစ်ခွင့်ပြုထားသောသူကိုဆိုသည်။

(ဈ) **စာရင်းကျွမ်းကျင်သူ**ဆိုသည်မှာ ဤဥပဒေအရကောင်စီက အသိအမှတ်ပြုထားသော စာရင်းပညာလက်မှတ်ရရှိသူကိုဆိုသည်။

(ည) **လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)**ဆိုသည်မှာ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း ပထမပိုင်းနှင့်ဒုတိယပိုင်းစာမေးပွဲ နှစ်ပိုင်းလုံးအောင်မြင်ပြီးသူကိုဆိုသည်။ယင်းစကားရပ်တွင်ဤဥပဒေပုဒ်မ၄၆အရ ကောင်စီက အသိအမှတ်ပြုထားသူများလည်းအကျုံးဝင်သည်။

(ဋ) **လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)**ဆိုသည်မှာလက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း ပထမပိုင်းနှင့် ဒုတိယပိုင်းစာမေးပွဲနှစ်ပိုင်းလုံးအောင်မြင်သည့်အပြင် သတ်မှတ်သည့်စာရင်းကိုင်အလုပ်သင်လုပ်သက်ပြည့်မြောက်အောင် ကျေနပ်ဖွယ်ရာဆောင်ရွက်ပြီးဖြစ်သူကိုဆိုသည်။ယင်းစကားရပ်တွင် ဤဥပဒေပုဒ်မ၄၆ အရ ကောင်စီက အသိအမှတ်ပြုထားသူများလည်းအကျုံးဝင်သည်။

(ဌ) **စာရင်းလုပ်ငန်းလုပ်ကိုင်သူ**ဆိုသည်မှာလက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)အဖြစ်မှတ်ပုံတင်ပြီးနောက် စာရင်းလုပ်ငန်းကို မိမိ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ်လုပ်ကိုင်ရန်ကောင်စီတွင် မှတ်ပုံတင်ထားသူကိုဆိုသည်။

(ဍ) **အများနှင့်ဆိုင်သောစာရင်းလုပ်ငန်း**ဆိုသည်မှာ အများပိုင်သော သို့မဟုတ် အများ၏အကျိုးစီးပွားနှင့် သက်ဆိုင်သော သို့မဟုတ် ကောင်စီကသတ်မှတ်သောလုပ်ငန်းအဖွဲ့အစည်းများတွင် ဝန်ထမ်းအဖြစ်မဟုတ်ဘဲ စာရင်းလုပ်ငန်းလုပ်ကိုင်သူအဖြစ် ဆောင်ရွက်သည့်အောက်ပါလုပ်ငန်းများနှင့်ကောင်စီက အခါအားလျော်စွာ သတ်မှတ်သည့်လုပ်ငန်းများကိုဆိုသည်-

(၁) ဥပဒေပြဋ္ဌာန်းချက်အရစာရင်းစစ်ခြင်း၊

(၂) လုပ်ငန်းအဖွဲ့အစည်း၏လုပ်ငန်းဆောင်ရွက်မှုအကျိုးအမြတ်အခြေအနေ၊ ဘဏ္ဍာရေးအခြေအနေတို့နှင့်စပ်ဆိုင်သည့်စာရင်းဇယား သို့မဟုတ် ထုတ်ပြန်တင်ပြချက်သို့မဟုတ်ကြေညာချက် သို့မဟုတ် ခန့်မှန်းဖော်ပြချက်တစ်ရပ်ရပ်တွင် မိမိစိစစ်ပြီးကြောင်း သို့မဟုတ် ထောက်ခံကြောင်း သို့မဟုတ် မိမိပြုစုပေးကြောင်း လက်မှတ်ရေးထိုးခြင်း၊

(၃) ဥပဒေပြဋ္ဌာန်းချက်တစ်ရပ်အရလုပ်ငန်းအဖွဲ့အစည်းက အစိုးရဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရသည့်ကိစ္စတွင် လုပ်ငန်းအဖွဲ့အစည်း၏ကိုယ်စား ပါဝင်ဆောင်ရွက်ပေးခြင်း၊

(၄) ဘဏ္ဍာရေးဆိုင်ရာစုံစမ်းစစ်ဆေးအစီရင်ခံတင်ပြခြင်း။

(ဎ) **ပုဂ္ဂလိကကဏ္ဍစာရင်းလုပ်ငန်း**ဆိုသည်မှာ ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများတွင် အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ စာရင်းကိုင်၊ စာရင်းစစ်အဖြစ်ဆောင်ရွက်ခြင်း၊လုပ်ငန်းရပ်အလိုက်အဖိုးအခ ရယူသည်ဖြစ်စေ၊ အဖိုးအခမဲ့ဖြစ်စေ စာရင်းပြုစုပေးခြင်း၊စာရင်းရေးဆွဲပေးခြင်း၊စာရင်းစစ်ဆေးပေးခြင်းတို့ကိုဆိုသည်။

(ဏ) **အစိုးရကဏ္ဍစာရင်းလုပ်ငန်း**ဆိုသည်မှာအစိုးရဌာနအဖွဲ့အစည်းတွင် စာရင်းကိုင်၊ ဌာနတွင်းစာရင်းစစ်၊ အစိုးရစာရင်းစစ်စသည်ဖြင့်စာရင်းပညာဖြင့် တာဝန်ထမ်းဆောင်ခြင်းကိုဆိုသည်။

(တ) **သင်ကြားမှုစာရင်းလုပ်ငန်း**ဆိုသည်မှာဥပဒေပြဋ္ဌာန်းချက်နှင့်အညီကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်ခြင်းကို ဆိုသည်။ဤအဓိပ္ပာယ်ဖွင့်ဆိုချက်တွင် ကောင်စီကအခါအားလျော်စွာထုတ်ပြန်ကြေညာထားသော သင်ကြားမှုစာရင်းလုပ်ငန်းများလည်းပါဝင်သည်။

(ထ) **အသင်း**ဆိုသည်မှာဤဥပဒေပါရည်ရွယ်ချက်များပြည့်မြောက်ရေးအတွက်စာရင်းပညာရှင်များ ကိုယ်တိုင်ထိရောက်စွာပါဝင်ဆောင်ရွက်ရန်ဖွဲ့စည်းထားပြီးကောင်စီက အသိအမှတ်ပြုထားသည့် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း သို့မဟုတ် ယင်းအသင်းကိုဆက်ခံသည့်အဖွဲ့အစည်းကို ဆိုသည်။

(ဒ) **ခွင့်ပြုထားသည့်နိုင်ငံခြားသားစာရင်းပညာရှင်**ဆိုသည်မှာ တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ မြန်မာနိုင်ငံအစိုးရနှင့်နိုင်ငံခြားအစိုးရသို့မဟုတ်နိုင်ငံတကာအဖွဲ့အစည်းတို့ချုပ်ဆိုသောစာချုပ် သို့မဟုတ် သဘောတူညီချက်အရသော်လည်းကောင်း၊ နှစ်နိုင်ငံသို့မဟုတ်နိုင်ငံအများ၏စာရင်းပညာအဖွဲ့အစည်းများ အချင်းချင်းအပြန်အလှန်အသိအမှတ်ပြုခြင်းအစီအမံများအရသော်လည်းကောင်းမြန်မာနိုင်ငံတွင် စာရင်းလုပ်ငန်းလုပ်ကိုင်ရန် ကောင်စီက စည်းမျဉ်းနှင့်အညီမှတ်ပုံတင်ခွင့်ပြုထားသည့်နိုင်ငံခြားသားလက်မှတ်ရပြည်သူ့စာရင်းကိုင်သို့မဟုတ်အလားတူ စာရင်းပညာရှင်ကိုဆိုသည်။

(ဓ) **လုပ်ငန်းအဖွဲ့အစည်း**ဆိုသည်မှာ စီးပွားရေးလုပ်ငန်း၊ စီမံအုပ်ချုပ်မှုလုပ်ငန်း၊ အများပြည်သူဆိုင်ရာဆောင်ရွက်မှုနှင့်လိုအပ်ချက်များဖြည့်ဆည်းစီမံရေးလုပ်ငန်းနှင့်အမြတ်အတွက်ရည်ရွယ်ဆောင်ရွက်ခြင်း မဟုတ်သည့်လုပ်ငန်းတို့ကို ဆိုလိုသည်။ထို့အပြင် နိုင်ငံတော်သို့မဟုတ်ပုဂ္ဂိုလ်အများ၏ငွေကြေး၊ ပစ္စည်းထည့်ဝင်မှု၊ ထောက်ပံ့မှု၊ လှူဒါန်းမှုတို့ဖြင့် လုပ်ငန်းဆောင်ရွက်သည့်အဖွဲ့အစည်းများနှင့် တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ အမိန့်ကြော်ငြာစာတစ်ရပ်ရပ်အရသော်လည်းကောင်းဖွဲ့စည်းထားသောအဖွဲ့အစည်းများလည်းပါဝင်သည်။ဤဥပဒေ၌ အတိအကျခွဲခြားဖော်ပြထားခြင်းမပြုလျှင်အစိုးရ သို့မဟုတ် နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍနှစ်ရပ်လုံး၏လုပ်ငန်းအဖွဲ့အစည်းများနှင့်သက်ဆိုင်သည်။

(န) **လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူ**ဆိုသည်မှာ လုပ်ငန်းအဖွဲ့အစည်းအတွက်အရင်းအနှီးထည့်ဝင်ထားသူများသို့မဟုတ် အရင်းအနှီးထည့်ဝင်ထားသူများကိုယ်စားသို့မဟုတ်ပိုင်ရှင် သို့မဟုတ် ပိုင်ရှင်ကိုယ်စားသို့မဟုတ်နိုင်ငံတော်ကိုယ်စားလုပ်ငန်းအဖွဲ့အစည်းကိုလက်တွေ့အုပ်ချုပ်စီမံဆောင်ရွက်သူသို့မဟုတ် ထိုသို့အုပ်ချုပ်စီမံဆောင်ရွက်ရသည့်အဖွဲ့ကိုဆိုသည်။ ယင်းစကားရပ်တွင်လုပ်ငန်းဖွဲ့စည်းပုံအရစီမံခန့်ခွဲရေးအဖွဲ့၊ဒါရိုက်တာအဖွဲ့၊အလုပ်အမှုဆောင်အဖွဲ့၊ဂေါပကအဖွဲ့၊အုပ်ချုပ်ရေး အဖွဲ့စသည်ဖြင့် အမည်အခေါ်အမျိုးမျိုးရှိသည့်အဖွဲ့များလည်းအကျုံးဝင်သည်။

(ပ) **ဘဏ္ဍာရေးအစီရင်ခံခြင်း**ဆိုသည်မှာလုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူက မိမိစီမံခန့်ခွဲ ဆောင်ရွက်သည့်လုပ်ငန်း အဖွဲ့အစည်း၏လုပ်ငန်းဆောင်တာအခြေအနေ၊ဘဏ္ဍာရေးအခြေအနေနှင့်ငွေရရှိသုံးစွဲမှုအခြေအနေ အချက်အလက်များကို ဘဏ္ဍာရေးရှင်းတမ်းများအဖြစ် ပြုစုလျက်လုပ်ငန်းအဖွဲ့အစည်း၌ အရင်းအနှီးထည့်ဝင်ထားသူများ၊ အရင်းအနှီးထည့်ဝင်ရန် လေ့လာနေသူများ၊လုပ်ငန်းဆက်သွယ်ဆောင်ရွက်နေသူများ၊သက်ဆိုင်ရာဌာန အဖွဲ့အစည်းများသိရှိပြီးလိုအပ်သလို အသုံးပြုနိုင်ရေးအတွက်ထုတ်ပြန်တင်ပြခြင်းကိုဆိုသည်။

(ဖ) မှတ်ပုံတင်အရာရှိဆိုသည်မှာဤဥပဒေအရဖြစ်ပေါ်သည့် ဒီပလိုမာစာရင်းကိုင်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)၊လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)၊အလုပ်သင်စာရင်းကိုင်၊ စာရင်းလုပ်ငန်းလုပ်ကိုင်သူများစာရင်းနှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများစာရင်းကို မှတ်ပုံတင်ထိန်းသိမ်းခြင်းနှင့်လိုအပ်သလိုထုတ်ပြန်ကြေညာခြင်း ဆောင်ရွက်ရန်ကောင်စီကခန့်အပ်ထားသူကိုဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရေးအတွက် အရည်အချင်းပြည့်မီသော စာရင်းပညာရှင်များ၊စာရင်းကျွမ်းကျင်သူများတိုးပွားလာစေရန်၊

(ခ) စာရင်းပညာခေတ်မီတိုးတက်ရေးအတွက်ဆောင်ရွက်ရန်၊

(ဂ) စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၏ကျင့်ဝတ်သိက္ခာ ဂုဏ်ရည်မြင့်မားရေးနှင့် စာရင်းလုပ်ငန်းအရည်အသွေးပြည့်မီရေး ထိန်းသိမ်းဆောင်ရွက်ရန်၊

(ဃ) အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍနှစ်ရပ်လုံး၏ ဘဏ္ဍာရေးအစီရင်ခံခြင်းကိုအပြည်ပြည်ဆိုင်ရာစာရင်းကိုင်စံ၊ စာရင်းစစ်စံများနှင့်အညီဆောင်ရွက်နိုင်စေရန်၊

(င) စာရင်းပညာဖြင့်အသက်မွေးဝမ်းကျောင်းသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးပွားလာခြင်းဖြင့်အလုပ်အကိုင်ရရှိမှုအခွင့်အလမ်းများပိုမိုလာစေရန်။

## အခန်း(၃)
## မြန်မာနိုင်ငံစာရင်းကောင်စီဖွဲ့စည်းခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) မြန်မာနိုင်ငံစာရင်းကောင်စီကို အောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းရမည် -

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုစာရင်းစစ်ချုပ် | ဥက္ကဋ္ဌ |
| (၂) | ဒုတိယစာရင်းစစ်ချုပ် | ဒုတိယဥက္ကဋ္ဌ |
| (၃) | တိုင်းဒေသကြီးစာရင်းစစ်ချုပ်များနှင့်ပြည်နယ်စာရင်းစစ်ချုပ်များ | အဖွဲ့ဝင် |
| (၄) | ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ပါမောက္ခချုပ်များ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီးပွားရေးတက္ကသိုလ်များ | အဖွဲ့ဝင် |
| (၈) | မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ဥက္ကဋ္ဌနှင့်ကိုယ်စားလှယ် (၉)ဦး | အဖွဲ့ဝင် |
| (၉) | ဒုတိယဥက္ကဋ္ဌ၊ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းချုပ် | အဖွဲ့ဝင် |
| (၁၀) | (၅)ဦးထက်မပိုသောသင့်လျော်သည့် နိုင်ငံသားစာရင်းပညာရှင်များ | အဖွဲ့ဝင် |
| (၁၁) | ဥက္ကဋ္ဌကတာဝန်ပေးအပ်သူ | အတွင်းရေးမှူး |

(ခ) လိုအပ်ပါက တွဲဖက်အတွင်းရေးမှူးကို ထပ်မံထည့်သွင်းသတ်မှတ်နိုင်သည်။

(ဂ) ကောင်စီ၏သက်တမ်းကိုသတ်မှတ်နိုင်သည်။

(ဃ) ကောင်စီကိုလိုအပ်သလိုပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါကောင်စီဝင်တစ်ဦးအား ကောင်စီဝင်အဖြစ်မှရပ်စဲရမည်-

(က) နုတ်ထွက်ခြင်း၊

(ခ) ကောင်စီသို့ခွင့်ပန်ခြင်းမရှိဘဲ အစည်းအဝေးတက်ရောက်ရန်သုံးကြိမ်ဆက်တိုက်ပျက်ကွက်ခြင်း၊

(ဂ) ကောင်စီသို့ခွင့်ပန်ခြင်းမရှိဘဲ ကောင်စီနှင့် တစ်နှစ်နှင့်အထက်ကင်းကွာခြင်း၊

(ဃ) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်သို့မဟုတ်လက်မှတ်ရပြည်သူ့စာရင်းကိုင်လက်မှတ်ကို ကာလအပိုင်းအခြားသတ်မှတ်၍ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(င) အကျင့်စာရိတ္တနှင့် သက်ဆိုင်သော ပြစ်မှုတစ်ရပ်ရပ်ကိုကျူးလွန်မှုကြောင့်ပြစ်ဒဏ်ချမှတ်ခံရခြင်း၊

(စ) စိတ်ရောဂါစွဲကပ်ခြင်း၊အသိဉာဏ်ပျက်ယွင်းခြင်းကြောင့်ဖြစ်စေ၊အခြားအကြောင်း တစ်ရပ်ရပ်ကြောင့်ဖြစ်စေ ကောင်စီ၏လုပ်ငန်းတာဝန်များကိုဆောင်ရွက်နိုင်စွမ်းမရှိခြင်း။

၆။ ကောင်စီသည်စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ ကိုယ်ပိုင်တံဆိပ်ဖြင့်ဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိသည်။

၇။ ကောင်စီအစည်းအဝေးကိုတစ်နှစ်လျှင်အနည်းဆုံးသုံးကြိမ်ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေးခေါ်ယူကျင်းပရမည်။

စာမျက်နှာ ၁၆ သို့

●စာမျက်နှာ ၁၅ မှ

## အခန်း(၄)
## အလုပ်အမှုဆောင်အဖွဲ့ဖွဲ့စည်းခြင်း

၈။ ကောင်စီသည်ကောင်စီ၏လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရန်အလို့ငှာအလုပ်အမှုဆောင်အဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(က) ကောင်စီဥက္ကဋ္ဌ — ဥက္ကဋ္ဌ
(ခ) ကောင်စီဒုတိယဥက္ကဋ္ဌ — ဒုတိယဥက္ကဋ္ဌ
(ဂ) မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းဥက္ကဋ္ဌ — ဒုတိယဥက္ကဋ္ဌ
(ဃ) ကောင်စီအဖွဲ့ဝင် (၁၁) ဦး — အဖွဲ့ဝင်
(င) ကောင်စီအတွင်းရေးမှူး — အတွင်းရေးမှူး

၉။ ပုဒ်မ၈၊ပုဒ်မခွဲ(ဃ)ပါကောင်စီအဖွဲ့ဝင် (၁၁)ဦးကို ကောင်စီ၏ ပထမဆုံးအစည်းအဝေးတွင်ရွေးချယ်တာဝန်ပေးရမည်။ ကောင်စီသက်တမ်းအတွင်း ကောင်စီအဖွဲ့ဝင် လစ်လပ်မှုများကို အနီးကပ်ဆုံးကောင်စီအစည်းအဝေးတွင် အစားထိုးရွေးချယ်တာဝန်ပေးရမည်။

၁၀။ အလုပ်အမှုဆောင်အဖွဲ့၏သက်တမ်းသည်ကောင်စီ၏သက်တမ်းအတိုင်းဖြစ်သည်။

၁၁။ အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကိုတစ်လလျှင်အနည်းဆုံးတစ်ကြိမ်ကျင်းပရမည်။ လိုအပ်ပါကအထူးအစည်းအဝေး ခေါ်ယူကျင်းပရမည်။

၁၂။ အလုပ်အမှုဆောင်အဖွဲ့၏ဆောင်ရွက်ချက်များကို ကောင်စီ၏အနီးကပ်ဆုံးကျင်းပမည့် ကောင်စီအစည်းအဝေးသို့တင်ပြ၍အတည်ပြုချက်ရယူရမည်။

## အခန်း(၅)
## ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၃။ ကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည် -

(က) ဒီပလိုမာစာရင်းကိုင်သင်တန်း၊လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်းနှင့် အခါအားလျော်စွာဖွင့်လှစ်သင့်သည့်သင်တန်းများဖွင့်လှစ်ခြင်း၊ဖွင့်လှစ်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊အရည်အချင်းစစ်စာမေးပွဲများ ပြုလုပ်ခြင်း၊သင်တန်းနှင့်စာမေးပွဲဆိုင်ရာစည်းမျဉ်းများ ချမှတ်ခြင်း၊ ဒီပလိုမာနှင့်အောင်လက်မှတ်များပေးအပ်ခြင်း၊

(ခ) ဒီပလိုမာစာရင်းကိုင်သင်တန်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းနှင့် အခါအားလျော်စွာ ဖွင့်လှစ်သင့်သည့်သင်တန်းများ၏သင်ရိုးညွှန်းတမ်းများကိုချမှတ်ပြဋ္ဌာန်းခြင်း၊ လိုအပ်သလိုပြင်ဆင်ခြင်း၊ထိုသင်တန်းများအတွက် ဘာသာရပ်ဆိုင်ရာပြဋ္ဌာန်းစာအုပ်များစီစဉ်ခြင်း၊

(ဂ) စာရင်းကိုင်အလုပ်လက်တွေ့သင်ကြားရေး၊စဉ်ဆက်မပြတ်စာရင်းပညာလေ့လာ ဆည်းပူးရေးလုပ်ငန်း အစီအစဉ်နှင့်စည်းမျဉ်းများချမှတ်ဆောင်ရွက်ခြင်း၊

(ဃ) စာရင်းကိုင်စံများ၊စာရင်းစစ်စံများ၊ ကျင့်ဝတ်သိက္ခာဆိုင်ရာစံများ၊ စာရင်းလုပ်ငန်းအရည်အသွေးခိုင်လုံစိတ်ချရရေး အစီအစဉ်များချမှတ်ပြဋ္ဌာန်းခြင်း၊ ထိုပြဋ္ဌာန်းချက်များကို လက်တွေ့လိုက်နာကျင့်သုံးနိုင်ရေးအတွက်လိုအပ်သည့်သင်တန်းများစီစဉ်ခြင်း၊ညွှန်ကြားချက်များထုတ်ပြန်ခြင်း၊ပြဋ္ဌာန်းချက်အထောက်အကူပြုစာအုပ်စာတမ်းများထုတ်ဝေခြင်း၊

(င) ကောင်စီကချမှတ်ပြဋ္ဌာန်းထားသည့်စံများ၊ အစီအစဉ်များကိုလက်တွေ့လိုက်နာကျင့်သုံးမှုရှိ မရှိစောင့်ကြည့်စိစစ်ခြင်း၊ စစ်ဆေးခြင်း၊ လိုက်နာကျင့်သုံးရန် ပျက်ကွက်မှုအတွက် ဤဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီအရေးယူခြင်း၊

(စ) အပြည်ပြည်ဆိုင်ရာစာရင်းပညာအဖွဲ့အစည်းများနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း၊ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်အပြန်အလှန်အသိအမှတ်ပြုရေးသဘောတူညီချက်များကိုပြည်ပစာရင်းပညာအဖွဲ့အစည်းများနှင့်ချုပ်ဆိုခြင်း၊

(ဆ) ပြည်တွင်းပြည်ပမှစာရင်းပညာဆိုင်ရာ လက်မှတ်နှင့်ဘွဲ့များကိုစိစစ်၍အသိအမှတ်ပြုခြင်း၊ ယင်းသို့ အသိအမှတ်ပြုသည့်လက်မှတ် သို့မဟုတ် ဘွဲ့ရရှိထားသည့်နိုင်ငံသားများအား မှတ်ပုံတင်နိုင်ရန် လိုအပ်ချက်များကို သတ်မှတ်ခြင်း၊

(ဇ) သင့်လျော်သည့်ပုဂ္ဂိုလ်တစ်ဦးအားမှတ်ပုံတင်အရာရှိအဖြစ်ခန့်ထားခြင်း၊ ယင်း၏ တာဝန်ဝတ္တရားများကို သတ်မှတ်ပေးခြင်း၊

(ဈ) မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းကို ကောင်စီ၏အမျိုးသားအဆင့်စာရင်းပညာရှင်အဖွဲ့အဖြစ် အသိအမှတ်ပြုခြင်းနှင့်သင့်လျော်သော နိုင်ငံသားစာရင်းပညာရှင်အဖွဲ့များကိုလည်း စာရင်းပညာရှင်အဖွဲ့အဖြစ် အသိအမှတ်ပြုခြင်း၊

(ည) ဤဥပဒေပါရည်ရွယ်ချက်များ ပြည့်မြောက်ရေးအတွက် ကောင်စီက ဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)များနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)များ ပါဝင်ဆောင်ရွက်ရေးအတွက် တာဝန်သတ်မှတ်လွှဲအပ်ပေးခြင်း၊ယင်းသို့ တာဝန်ယူဆောင်ရွက်မှုများကိုကြီးကြပ်ခြင်း၊

(ဋ) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရေးအတွက်ပြည့်စုံရမည့်လက်တွေ့လုပ်ငန်းအတွေ့အကြုံနှင့် လုပ်သက်ကာလ၊ ကျင့်သုံးရမည့်လုပ်ငန်းနည်းစနစ်ပုံစံနှင့် အခြား လိုအပ်ချက်များကို စာရင်းလုပ်ငန်းနယ်ပယ်အလိုက်၊ စာရင်းလုပ်ငန်းအမျိုးအစားအလိုက်သတ်မှတ်ခြင်း၊

(ဌ) ဤဥပဒေပါရည်ရွယ်ချက်များပြည့်မြောက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ရမည့်ကော်မတီများ၊ လုပ်ငန်းအဖွဲ့များကို ကောင်စီဝင်များ၊ သင့်လျော်သည့်စာရင်းပညာရှင်များဖြင့် လိုအပ်သလိုဖွဲ့စည်းပြီးတာဝန်ပေးအပ်ခြင်း၊ ထိုအဖွဲ့များ၏တာဝန်ယူဆောင်ရွက်မှုများကိုကြီးကြပ်လမ်းညွှန်ခြင်း၊

(ဍ) စာရင်းလုပ်ငန်းလုပ်ကိုင်သူများအတွက်လိုအပ်သည့်လုပ်ငန်းလမ်းညွှန်မှုများထုတ်ပြန်ခြင်း၊ ဤဥပဒေအရ ဆောင်ရွက်သည့် ကိစ္စရပ်များအတွက် လိုအပ်သည့်အချက်အလက်များကို စာရင်းလုပ်ငန်းလုပ်ကိုင်သူများထံမှ ရယူခြင်း၊

(ဎ) ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းများကို သတ်မှတ်သင်ရိုးညွှန်းတမ်းနှင့်အညီ အဆင့်မီသင်ကြားမည့် ကိုယ်ပိုင်သင်တန်းကျောင်းများ ဖွင့်လှစ်ဆောင်ရွက်ရန် တင်ပြခြင်းကိုစိစစ်ခွင့်ပြုခြင်း၊ အဆိုပါသင်တန်းကျောင်းများအား လမ်းညွှန်ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်း၊

(ဏ) နိုင်ငံ့ဝန်ထမ်းမဟုတ်သည့်ကောင်စီဝင်များ၊ကောင်စီ၏ကော်မတီဝင်များအား စရိတ်ချီးမြှင့်ငွေသတ်မှတ်ခံစားခွင့်ပြုခြင်း၊

(တ) အစိုးရဌာနများ၊လုပ်ငန်းအဖွဲ့အစည်းများ၏ စာရင်းပညာ၊စာရင်းလုပ်ငန်းနှင့် စပ်လျဉ်းသည့်လိုအပ်ချက်အတွက် အကြံပြုခြင်း၊

(ထ) ကောင်စီသည်စာရင်း ပညာရပ်ဆိုင်ရာဘာသာရပ်များကို သင်ကြားသည့်မည်သည့်ကျောင်း သို့မဟုတ် အဖွဲ့အစည်းကိုမဆို စိစစ်ကြီးကြပ်ခြင်း သို့မဟုတ် စီမံထိန်းသိမ်းကွပ်ကဲခြင်း၊

(ဒ) တာဝန်ပျက်ကွက်သော သို့မဟုတ် စာရင်းပညာရှင်ကျင့်ဝတ်သိက္ခာဖောက်ဖျက်သောစာရင်းလုပ်ငန်းလုပ်ကိုင်သူ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)၊လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)၊ စာရင်းကိုင်အလုပ်သင်များ၊ စာရင်းကျွမ်းကျင်သူများကိုအရေးယူခြင်း၊

(ဓ) ဤဥပဒေပါရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် ဆောင်ရွက်ခြင်း။

## အခန်း(၆)
## မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

၁၄။ အသင်းသည်ကောင်စီကအသိအမှတ်ပြုထားသည့် အမျိုးသားအဆင့်စာရင်းပညာရှင်များအစုအဖွဲ့ဖြစ်သည်။

၁၅။ အသင်းသည်ဤဥပဒေ၏ရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန်စီမံဆောင်ရွက်သည့်လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်။

၁၆။ ကောင်စီတွင် လက်မှတ်ရပြည်သူစာရင်းကိုင်(ပြည့်)အဖြစ်ဖြစ်စေ၊ စာရင်းလုပ်ငန်းလုပ်ကိုင်သူအဖြစ်ဖြစ်စေ မှတ်ပုံတင်ရန်လျှောက်ထားသူသည် အသင်းတွင်အသင်းဝင်အဖြစ်ပါဝင်ပြီးဖြစ်ရမည်။

၁၇။ အသင်း၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပြဋ္ဌာန်းချက်များအရဆောင်ရွက်သည့်စာရင်းပညာဆိုင်ရာ၊စာရင်း လုပ်ငန်းဆိုင်ရာကိစ္စရပ်များတွင် ကောင်စီနှင့်တွဲဖက်၍ပညာရှင်အင်အားစုအဖြစ်ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) စာရင်းပညာ၊စာရင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ချမှတ်သင့်သော သို့မဟုတ် ပြင်ဆင်သင့်သော သင်ရိုးညွှန်းတမ်း၊စည်းမျဉ်း၊စည်းကမ်း၊စံ၊လုပ်ထုံးလုပ်နည်းတို့ကို ကောင်စီအားအကြံပြုတင်ပြခြင်း၊

(ဂ) စာရင်းပညာခေတ်မီတိုးတက်ရေးအတွက် အပြည်ပြည်ဆိုင်ရာစာရင်းပညာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဃ) စဉ်ဆက်မပြတ်စာရင်းပညာလေ့လာဆည်းပူးရေးလုပ်ငန်းကို စီစဉ်ဆောင်ရွက်အကောင်အထည်ဖော်ခြင်း၊

(င) စာရင်းလုပ်ငန်းလုပ်ကိုင်သူများလက်ခံကျင့်သုံးရမည့်လုပ်ငန်းစဉ်၊လုပ်ငန်းလမ်းညွှန်၊စံများ၊ လက်စွဲ၊ လုပ်ငန်းအရည်အသွေးထိန်းသိမ်းမှုအစီအမံနှင့် လုပ်ငန်းဆိုင်ရာကျင့်ဝတ်စည်းကမ်းများကိုစာရင်းလုပ်ငန်းနယ်ပယ် သို့မဟုတ် စာရင်းလုပ်ငန်းအမျိုးအစားအလိုက်သင့်လျော်သလို ချမှတ်ပြဋ္ဌာန်းနိုင်ရန် ကောင်စီထံ ထောက်ခံတင်ပြခြင်း၊

(စ) ပုဒ်မခွဲ(င)တွင်ဖော်ပြသောပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ သင်တန်းသို့မဟုတ်ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ ပြဋ္ဌာန်းချက်များကို ထုတ်ဝေဖြန့်ချိခြင်း၊

(ဆ) ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီးသို့မဟုတ်ပြည်နယ်အစိုးရအဖွဲ့၏မေတ္တာရပ်ခံချက်အရ စာရင်းနှင့်စပ်လျဉ်းသည့်အကြံဉာဏ်များပေးခြင်း၊

(ဇ) အသင်း၏စည်းမျဉ်းများသို့မဟုတ်ကောင်စီ၏ဆုံးဖြတ်ချက်များနှင့်အညီ ဝင်ကြေး၊ ထည့်ဝင်ကြေး၊ ဝင်ငွေ၊ ဆောင်ရွက်ခ၊ ငှားရမ်းခ၊မူပိုင်ကြေးနှင့်ထောက်ပံ့ငွေလက်ခံရယူခြင်း၊

(ဈ) စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊စာရင်းပညာရှင်များ၏နစ်နာချက်သို့မဟုတ်တိုင်ကြားချက်များနှင့်စပ်လျဉ်း၍ ကောင်စီထံ စိစစ်တင်ပြခြင်း၊

(ည) အသင်း၏ဆောင်ရွက်ချက်များကို ကောင်စီထံတင်ပြခြင်း၊

(ဋ) အသင်း၏သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများတွင် ဖော်ပြထားချက်များအတိုင်း ဆောင်ရွက်ခြင်း။

၁၈။ အသင်းနှင့်စပ်လျဉ်း၍ ကောင်စီက အောက်ပါအတိုင်းဆောင်ရွက်ပေးနိုင်သည်-

(က) အသင်းအားထိုက်သင့်သည့် ထောက်ပံ့မှုများခွင့်ပြုခြင်း၊ ထိုအတွက် လိုအပ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့ထံ ထောက်ခံတင်ပြခြင်း၊

(ခ) ကောင်စီကဖွဲ့စည်းသည့်ကော်မတီများ၊လုပ်ငန်းအဖွဲ့များတွင် သင့်လျော်သည့်အသင်းဝင်များအား ထည့်သွင်းဖွဲ့စည်းတာဝန်ပေးခြင်း၊

(ဂ) လုပ်ငန်းတစ်ရပ်သို့မဟုတ်ကိစ္စတစ်ရပ်ကိုကောင်စီကိုယ်စား ဆောင်ရွက်ရန်အသင်းအားတာဝန်လွှဲအပ်ခြင်း၊

(ဃ) လိုအပ်ပါကကောင်စီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို အသင်းသို့ လွှဲအပ်ခြင်း။

## အခန်း(၇)
## ကော်မတီများဖွဲ့စည်းတာဝန်ပေးခြင်း

၁၉။ ကောင်စီသည်အောက်ဖော်ပြပါကော်မတီများနှင့် လိုအပ်သောကော်မတီများကိုကောင်စီဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များ၊သင့်လျော်သည့်နိုင်ငံသားများဖြင့်ဖွဲ့စည်းရမည်။ကော်မတီအလိုက်ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊သင့်လျော်သည့်အဖွဲ့ဝင်အင်အားတို့ဖြင့် ဖွဲ့စည်းလျက်တာဝန်နှင့် လုပ်ပိုင်ခွင့်များသတ်မှတ်ပေးရမည်-

(က) စာရင်းကိုင်အလုပ်သင်နှင့်ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများကြီးကြပ်ရေးကော်မတီ၊

(ခ) သင်ရိုးညွှန်းတမ်းများစိစစ်ရေးနှင့်ပြင်ဆင်ရေးကော်မတီ၊

(ဂ) စာမေးပွဲလုပ်ငန်းနှင့်စာစစ်ကော်မတီ၊

(ဃ) စာရင်းဆိုင်ရာစံများကော်မတီ၊

(င) စာရင်းစစ်ကျင့်ဝတ်စောင့်ထိန်းမှု၊ စာရင်းစစ်စံကျင့်သုံးမှုနှင့်စာရင်းလုပ်ငန်းအရည်အသွေးထိန်းသိမ်းမှု စောင့်ကြည့်စစ်ဆေးရေးကော်မတီ၊

(စ) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်စိစစ်ရေးကော်မတီ၊

(ဆ) ဒီပလိုမာစာရင်းကိုင်နှင့်လက်မှတ်ရပြည်သူ့စာရင်းကိုင်လက်မှတ်စိစစ်ရေးကော်မတီ၊

(ဇ) လုပ်ငန်းအဖွဲ့အစည်းများ၏စာရင်းကိုင်စံ၊ဘဏ္ဍာရေးအစီရင်ခံမှုစံများစောင့်ကြည့်စစ်ဆေးရေးကော်မတီ။

၂၀။ ကောင်စီသည်အောက်ဖော်ပြပါ အဖွဲ့နှင့်ကော်မတီကိုကောင်စီဝင်များ၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များ၊ သင့်လျော်သည့်နိုင်ငံသားများဖြင့် ကိစ္စရပ်အလိုက်လိုအပ်သည့်အခါ ဖွဲ့စည်းလျက်တာဝန်ပေးနိုင်သည် -

(က) စုံစမ်းစစ်ဆေးရေးအဖွဲ့၊

(ခ) စည်းကမ်းထိန်းသိမ်းရေးကော်မတီ။

၂၁။ ပုဒ်မ ၁၉ တွင် ဖော်ပြသည့်ကော်မတီများ၏သက်တမ်းသည်ကောင်စီ၏သက်တမ်းအတိုင်းဖြစ်သည်။

၂၂။ ပုဒ်မ၂၀တွင် ဖော်ပြသည့်အဖွဲ့နှင့် ကော်မတီတို့၏ တာဝန်နှင့်သက်တမ်းသည် ကောင်စီကသတ်မှတ်သည့်အတိုင်းဖြစ်သည်။

၂၃။ ကောင်စီသည်ကော်မတီနှင့်အဖွဲ့အသီးသီးကိုလိုအပ်သလိုပြင်ဆင်ဖွဲ့စည်းနိုင်သည်။ ယင်းတို့အတွက် တာဝန်သတ်မှတ်ချက်များကို ပြင်ဆင်နိုင်သည်။ လုပ်ငန်းသဘာဝအရလိုအပ်လျှင်ဆပ်ကော်မတီများ ဖွဲ့စည်းပေးနိုင်သည်။

၂၄။ ကော်မတီ၊အဖွဲ့နှင့်ဆပ်ကော်မတီများ၏ဆောင်ရွက်မှုအခြေအနေကိုကောင်စီထံသတ်မှတ်ချက်နှင့် အညီတင်ပြရမည်။

၂၅။ ကောင်စီကဖွဲ့စည်းတာဝန်ပေးသည့် ကော်မတီ၊ အဖွဲ့နှင့်ဆပ်ကော်မတီများတွင် ပါဝင်ဆောင်ရွက်ခြင်းကို နိုင်ငံ့တာဝန်ထမ်းဆောင်ခြင်းဟု မှတ်ယူရမည်။

## အခန်း(၈)
## ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းများ

၂၆။ ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့်လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းများကိုကောင်စီမှ ဖွင့်လှစ်သည့် သင်တန်းကျောင်း သို့မဟုတ် ဤဥပဒေ ပုဒ်မ ၃၃ အရ ကောင်စီကဖွင့်လှစ်ခွင့်ပြုသည့်ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများတွင်ဖွင့်လှစ်ရမည်။

၂၇။ ကောင်စီသည်ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း) စာမေးပွဲအောင်မြင်သူများကို ဒီပလိုမာစာရင်းကိုင် အောင်လက်မှတ်အပ်နှင်းရမည်။

၂၈။ ကောင်စီသည်လက်မှတ်ရပြည်သူ့စာရင်းကိုင် (ဒုတိယပိုင်း) စာမေးပွဲအောင်မြင်သူများကိုလက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်) လက်မှတ်အပ်နှင်းရမည်။

၂၉။ ကောင်စီသည် -

(က) စာရင်းကိုင်သင်တန်းများတက်ရောက်ခွင့်အတွက် သင်တန်းဝင်ခွင့်စာမေးပွဲ ကျင်းပခြင်း သို့မဟုတ် သင်တန်းဝင်ခွင့်အရည်အချင်းကန့်သတ်ခြင်းနှင့် စိစစ်ခြင်းကိုလိုအပ်သလိုပြုလုပ်နိုင်သည်။

(ခ) သင်တန်းစည်းကမ်းများကိုချမှတ်နိုင်သည်။

(ဂ) သင်တန်းစည်းကမ်းဖောက်ဖျက်ခြင်းအတွက်သက်ဆိုင်ရာသင်တန်းမှထုတ်ပယ်သည်အထိ အရေးယူနိုင်သည်။

(ဃ) မမှန်ကန်သည့်အချက်များဖြင့်သင်တန်းဝင်ခွင့်လျှောက်ထားကြောင်းပေါ်လွင်ထင်ရှားပါက သင်တန်းဝင်ခွင့်ငြင်းပယ်ခြင်း သို့မဟုတ် သင်တန်းမှထုတ်ပယ်ခြင်း သို့မဟုတ် အပ်နှင်းထားပြီးသည့် စာမေးပွဲအောင်လက်မှတ်ကို ပယ်ဖျက်ခြင်းပြုနိုင်သည်။

(င) မမှန်ကန်သည့်နည်းလမ်းဖြင့် စာမေးပွဲဖြေဆိုကြောင်း ပေါ်လွင်ထင်ရှားပါက ဖြေဆိုထားသည့် စာမေးပွဲတွင် ကျရှုံးအဖြစ် သတ်မှတ်ခြင်း၊ နောင်စာမေးပွဲ၌ဖြေဆိုခွင့်ပိတ်ပင်ခြင်း၊ အပ်နှင်းထားပြီးသည့် စာမေးပွဲအောင်လက်မှတ်ကို ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း(၉)
## ဒီပလိုမာစာရင်းကိုင်နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်များမှတ်ပုံတင်ခြင်း

၃၀။ ကောင်စီသည်ဒီပလိုမာစာရင်းကိုင် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်) သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်) အဖြစ် မှတ်ပုံတင်ရန်လျှောက်ထားခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းအတွက် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ မှတ်ပုံတင်ခွင့်သို့မဟုတ်သက်တမ်းတိုးခွင့်ပြုရမည်။

စာမျက်နှာ ၁၇ သို့○

## ဥပဒေကြမ်း

စာမျက်နှာ ၁၆ မှ

၃၁။ ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်အရ စာမေးပွဲအောင်လက်မှတ် ပယ်ဖျက်ခံရသူအား သက်ဆိုင်ရာမှတ်ပုံတင်စာရင်းမှ နုတ်ပယ်ရမည်။

၃၂။ လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)အဖြစ် ကောင်စီကအသိအမှတ်ပြုထားသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သည်-

(က) အသင်းတွင်အသင်းဝင်အဖြစ်မှတ်ပုံတင်ပြီးဖြစ်ရမည်။

(ခ) အသင်း၏စာရင်းပညာနှင့် စာရင်းပညာလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ဂ) မိမိ၏စာရင်းပညာရှင်အဆင့်ကို ထိန်းသိမ်းရန်အလို့ငှာ တိုးတက်ပြောင်းလဲနေသည့် စာရင်းပညာရပ်များကိုစဉ်ဆက်မပြတ်ဆက်လက်လေ့လာဆည်းပူးရန်တာဝန်ရှိသည်။

(ဃ) စာရင်းပညာရှင်ဆိုင်ရာကျင့်ဝတ်သိက္ခာကို လိုက်နာစောင့်ထိန်းရမည်။

(င) စာရင်းလုပ်ငန်းဆိုင်ရာကျင့်ဝတ်စည်းကမ်းများ၊ စံများကို လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

(စ) အသင်းတွင်အသင်းဝင်ဖြစ်သူသာ 'လက်မှတ်ရပြည်သူ့စာရင်းကိုင်' သို့မဟုတ် 'စီပီအေ' သို့မဟုတ် 'CPA' ဘွဲ့ဖော်ပြချက်ကို မိမိအမည်နှင့်တွဲစပ်သုံးစွဲခွင့်ရှိသည်။

### အခန်း(၁၀)
### ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများ

၃၃။ ကောင်စီသည် ဒီပလိုမာစာရင်းကိုင်သင်တန်းနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းအတွက် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ဖွင့်လှစ်လုပ်ကိုင်ခွင့်လျှောက်ထားခြင်းကို စိစစ်၍ခွင့်ပြုနိုင်သည်။

၃၄။ ကောင်စီသည်ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းဖွင့်လှစ်လုပ်ကိုင်ခွင့်လက်မှတ်ထုတ်ပေးရေးအတွက် စိစစ်ရေးမူနှင့် ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းမှတ်ပုံတင်ခြင်းဆိုင်ရာ သတ်မှတ်ချက်များကို ချမှတ်ရမည်။

၃၅။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းတွင်ကထိကနှင့် နည်းပြအဖြစ် ဆောင်ရွက်သူများအတွက်ပြည့်စုံရမည့် အရည်အချင်းနှင့် အတွေ့အကြုံ လိုအပ်ချက်ကို ကောင်စီက သတ်မှတ်နိုင်သည်။

၃၆။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းကထိကနှင့်နည်းပြများသည် ကောင်စီတွင်မှတ်ပုံတင်ရမည်။

၃၇။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း ကထိကနှင့် နည်းပြများ မှတ်ပုံတင်ခြင်းအတွက်စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများကိုကောင်စီက ချမှတ်ရမည်။

၃၈။ ကောင်စီသည်ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်း၏တာဝန်နှင့် အခွင့်အရေးများကိုသတ်မှတ်ရမည်။

၃၉။ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများနှင့် စပ်လျဉ်းသည့် ကောင်စီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သင်တန်းကျောင်းဖွင့်လှစ်လုပ်ကိုင်ခွင့်လျှောက်ထားခြင်းကို ခိုင်လုံသောအကြောင်းအချက်အရ ငြင်းပယ်နိုင်ခြင်း၊

(ခ) သင်တန်းကျောင်း၏ သင်ကြားပို့ချမှုကိုစိစစ်ခြင်း၊ ဆောင်ရွက်ရန်လိုအပ်ချက်အတွက် လမ်းညွှန်ခြင်း၊

(ဂ) သင်တန်းကျောင်းဖွင့်လှစ်လုပ်ကိုင်ရာတွင် ပြုပြင်ဆောင်ရွက်ရန် သို့မဟုတ် ဖြည့်စွက်ဆောင်ရွက်ရန် လိုအပ်ချက်ရှိကြောင်း တွေ့ရှိရလျှင် သင်တန်းကျောင်းဖွင့်လှစ်လုပ်ကိုင်ခွင့်ကို ရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်သိမ်းခြင်း၊

(ဃ) ထိုသို့ ရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်သိမ်းခြင်းခံရသည့် သင်တန်းကျောင်းက ပြုပြင်ဆောင်ရွက်ပြီးဖြစ်၍ သို့မဟုတ် ဖြည့်စွက်ဆောင်ရွက်ပြီးဖြစ်၍ ပြန်လည်ဖွင့်ခွင့်ပေးပါရန် လျှောက်ထားလာပါက စိစစ်၍ ပြန်လည်ဖွင့်ခွင့်ပေးခြင်း၊

(င) သင်တန်းကျောင်းအလိုက်မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးနှုန်းများသတ်မှတ်ခြင်း၊ နှုန်းများပြင်ဆင်ခြင်း၊ လျှော့နှုန်းဖြင့် ခွင့်ပြုခြင်း၊

(စ) သင်တန်းသားမှတ်ပုံတင်ကြေးနှင့် စာမေးပွဲကြေးများ သတ်မှတ်ခြင်း၊ သတ်မှတ်ချက်ကို ပြင်ဆင်ခြင်း၊ အခကြေးကို လျှော့နှုန်းဖြင့် ခွင့်ပြုခြင်း။

၄၀။ ကောင်စီသည် စာဖြေဌာနများ သတ်မှတ်ခြင်း၊ စာမေးပွဲ ကျင်းပခြင်း၊ အောင်စာရင်းထုတ်ပြန်ခြင်းတို့ကို ဆောင်ရွက်ရမည်။

### အခန်း(၁၁)
### စာရင်းကိုင်အလုပ်သင်လက်တွေ့ဆောင်ရွက်ခြင်း

၄၁။ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ သင်ကြားလေ့ကျင့်ခြင်းတွင် စာရင်းလုပ်ငန်းလက်တွေ့လုပ်ကိုင်ရသည့် စာရင်းကိုင်အလုပ်သင်အစီအစဉ် ပါဝင်ရမည်။

၄၂။ ကောင်စီသည် ပြည့်မြောက်ရမည့်စာရင်းကိုင်အလုပ်သင်လုပ်သက်ကိုသတ်မှတ်ရမည်။

၄၃။ ကောင်စီသည်စာရင်းကိုင်အလုပ်သင်အစီအစဉ်အတွက် အောက်ဖော်ပြပါအချက်များကိုသတ်မှတ်ထုတ်ပြန်ရမည်-

(က) အလုပ်သင်ကြားပေးနိုင်သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်များနှင့်အလုပ်သင်ကြားပေးနိုင်သည့် လုပ်ငန်းအဖွဲ့အစည်းများ၊

(ခ) အလုပ်သင်စည်းကမ်းများ၊

(ဂ) အလုပ်သင်စာချုပ်ပုံစံ၊

(ဃ) သင်ကြားရန်လိုအပ်သည့်စာရင်းအလုပ်များ။

၄၄။ ကောင်စီကတာဝန်လွှဲအပ်သည့်အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်သည်စာရင်းကိုင်အလုပ်သင်ကြားမှုများကို အခါအားလျော်စွာ သွားရောက်စစ်ဆေးနိုင်သည်။

၄၅။ ကောင်စီသည် စာရင်းကိုင်အလုပ်သင်၏ အလုပ်သင်စည်းကမ်းချိုးဖောက်မှုနှင့်စပ်လျဉ်း၍ စာရင်းကိုင်အလုပ်သင်အဖြစ်မှထုတ်ပယ်သည်အထိ အရေးယူနိုင်သည်။

### အခန်း(၁၂)
### နိုင်ငံခြားစာရင်းပညာလက်မှတ်ရသူနိုင်ငံသားကိုအသိအမှတ်ပြုခြင်း

၄၆။ နိုင်ငံအများကအသိအမှတ်ပြုထားသည့်နိုင်ငံခြားစာရင်းပညာဘွဲ့ သို့မဟုတ် စာရင်းပညာရှင်လက်မှတ်တစ်ခုခုကို ရရှိထားသူနိုင်ငံသားအား လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်) သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)အဖြစ် သတ်မှတ်ချက်များနှင့်အညီ ကောင်စီကအသိအမှတ်ပြုနိုင်သည်။ ကောင်စီကအသိအမှတ်ပြုသည့် နိုင်ငံခြားစာရင်းပညာဘွဲ့ သို့မဟုတ် လက်မှတ်အမည်စာရင်းများကို ကောင်စီက ထုတ်ပြန်ကြေညာရမည်။

၄၇။ ကောင်စီသည် နိုင်ငံခြားစာရင်းပညာဘွဲ့ သို့မဟုတ် စာရင်းပညာရှင်လက်မှတ်ရသူနိုင်ငံသားကိုအသိအမှတ်ပြုရေးအတွက် လျှောက်လွှာစိစစ်ခြင်း၊ အရည်အချင်းစစ်ဆေးခြင်း၊ လိုအပ်ပါက စာရင်းပညာလက်တွေ့သင်ယူစေခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၄၈။ ကောင်စီသည် -

(က) လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် အသိအမှတ်ပြုရေးအတွက်လျှောက်ထားခြင်းကို ခိုင်လုံသောအကြောင်းအချက်အရငြင်းပယ်နိုင်သည်။

(ခ) အသိအမှတ်ပြုပြီးနောက် မမှန်ကန်သည့်အထောက်အထားဖြင့် လျှောက်လွှာတင်ပြခဲ့သည်ဟုသိရှိရလျှင် အသိအမှတ်ပြုချက်ကို ပယ်ဖျက်သည့်အပြင် ထိုပုဂ္ဂိုလ်အားနာမည်ပျက်စာရင်းသွင်း မှတ်တမ်းတင်ရမည်။

၄၉။ ပုဒ်မ ၄၆ အရ လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် ကောင်စီက အသိအမှတ်ပြုထားသူသည်ပုဒ်မ ၃၂ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

### အခန်း(၁၃)
### စာရင်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်း

၅၀။ အစိုးရကဏ္ဍစာရင်းလုပ်ငန်းနှင့် ပုဂ္ဂလိကကဏ္ဍ စာရင်းလုပ်ငန်းနယ်ပယ်တွင် လုပ်ကိုင်ဆောင်ရွက်နေသည့်စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများ၏ အင်အားအခြေအနေနှင့် အချက်အလက်တို့ကို စာရင်းပြုစုစည်းရေးအတွက် အစိုးရနှင့်ပုဂ္ဂလိကဌာနအဖွဲ့အစည်းအသီးသီးသည် စာရင်းပညာဘွဲ့ သို့မဟုတ် စာရင်းပညာလက်မှတ်ရဝန်ထမ်းခန့်ထားမှုအခြေအနေ နှစ်စဉ်ပြန်တမ်းကိုသတ်မှတ်ထားသည့်အတိုင်း ကောင်စီထံတင်ပြရမည်။

၅၁။ လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူများသည် စာရင်းလုပ်ငန်းနယ်ပယ်တွင်လုပ်ကိုင်ဆောင်ရွက်နေသည့် စာရင်းပညာရှင်နှင့် စာရင်းကျွမ်းကျင်သူများအတွက်အသင်း၏စည်းမျဉ်းနှင့်အညီ အသင်းတွင် မှတ်ပုံတင်ရန် တာဝန်ရှိသည်။

၅၂။ ဒီပလိုမာစာရင်းကိုင်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)လက်မှတ်ရသူများသည် ဤဥပဒေတွင် ဖွင့်ဆိုဖော်ပြသည့်သင်ကြားမှုစာရင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။ သင်ကြားမှုစာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်ရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်အားသက်တမ်းတိုးရန်သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၅၃။ လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်) လက်မှတ်ရသူများသာဤဥပဒေတွင် ဖွင့်ဆိုဖော်ပြသည့် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းကိုလုပ်ကိုင်ခွင့်ရှိသည်။ အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်ရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်အား သက်တမ်းတိုးရန် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၅၄။ စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်ပေးရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင် သက်တမ်းတိုးရန် လျှောက်ထားသူပုဂ္ဂိုလ်အလိုက်ဖြစ်စေ၊ လုပ်ငန်းအဖွဲ့အစည်းအလိုက်ဖြစ်စေ ပြည့်စုံရမည့်လက်တွေ့လုပ်ငန်းအတွေ့အကြုံနှင့်လုပ်သက်ကာလ၊ ကျင့်သုံးရမည့်လုပ်ငန်းနည်းစနစ်ပုံစံနှင့် အခြားလိုအပ်ချက်များကို လုပ်ငန်းအမျိုးအစားအလိုက် ကောင်စီက သတ်မှတ်နိုင်သည်။

၅၅။ ကောင်စီသည်စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်ပေးရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့်မှတ်ပုံတင်သက်တမ်းတိုးရန် လျှောက်ထားသူ၏ လျှောက်လွှာကိုစိစစ်ပြီး သတ်မှတ်ချက်များနှင့် ကိုက်ညီပါက လျှောက်ထားသူကို-

(က) မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့်ပြုရမည်။

(ခ) သတ်မှတ်ထားသည့်မှတ်ပုံတင်ကြေး သို့မဟုတ် သက်တမ်းတိုးကြေးကို ပေးသွင်းစေရမည်။

(ဂ) သက်ဆိုင်ရာမှတ်ပုံတင်တွင် အမည်စာရင်းရေးသွင်းပြီး သင်ကြားမှုစာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် သို့မဟုတ် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ကို ထုတ်ပေးရမည်။

၅၆။ လိုအပ်ပါကကောင်စီသည် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ကို အတန်းအစား သို့မဟုတ် အမျိုးအစားများခွဲခြားသတ်မှတ်နိုင်သည်။ လုပ်ကိုင်ခွင့်လက်မှတ်အတန်းအစား သို့မဟုတ် အမျိုးအစားအလိုက် လိုက်နာရမည့်အချက်များနှင့် ဆောင်ရွက်ခွင့်မရှိသည့် လုပ်ငန်းများကို ကောင်စီက ချမှတ်ပေးနိုင်သည်။

၅၇။ စာရင်းလုပ်ငန်းလုပ်ကိုင်သူ အတန်းအစားအလိုက် တစ်ဦးချင်းအနေဖြင့်ဖြစ်စေ၊ အဖွဲ့အစည်းအနေဖြင့်ဖြစ်စေဖွဲ့စည်းတည်ထောင်မှုများကိုလည်း သတ်မှတ်ချက်များနှင့်အညီ ကောင်စီတွင် မှတ်ပုံတင်ရမည်။

၅၈။ ကောင်စီသည် ပုဒ်မ ၅၂ နှင့် ပုဒ်မ ၅၃ တို့အရ လျှောက်ထားရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိခြင်းအတွက် မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့်ကိုငြင်းပယ်နိုင်သည်။ သတ်မှတ်ချက်များ ကိုက်ညီအောင် လိုအပ်ချက်များဖြည့်ဆည်းဆောင်ရွက်ပြီးမှသာ မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့်ပြုရမည်။

၅၉။ ကောင်စီတွင်အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်ထားသူသည် ပုဒ်မ ၃၂ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရမည်။

### အခန်း(၁၄ )
### ခွင့်ပြုထားသည့်နိုင်ငံခြားသားစာရင်းပညာရှင်အား စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်း

၆၀။ အောက်ဖော်ပြပါပြဋ္ဌာန်းချက် သို့မဟုတ် သဘောတူညီထားချက် သို့မဟုတ် အစီအမံတစ်ရပ်ရပ်နှင့် အကျုံးဝင်ကိုက်ညီသည့်နိုင်ငံခြားသား စာရင်းပညာရှင်များသာလျှင် မြန်မာနိုင်ငံတွင် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန်ကောင်စီထံသတ်မှတ်ချက်နှင့်အညီ လျှောက်ထားနိုင်သည်-

(က) မြန်မာနိုင်ငံအစိုးရနှင့် နိုင်ငံခြားအစိုးရတို့ ချုပ်ဆိုသော စာချုပ်ပါအချက်အရ ခွင့်ပြုနိုင်ခြင်း၊

(ခ) မြန်မာနိုင်ငံနှင့်နှစ်နိုင်ငံချင်း သို့မဟုတ် မြန်မာနိုင်ငံ အပါအဝင် နိုင်ငံအများစာရင်းပညာအဖွဲ့အစည်းများ အပြန်အလှန်အသိအမှတ်ပြုခြင်းသဘောတူညီချက်အစီအမံများ အရခွင့်ပြုနိုင်ခြင်း။

၆၁။ ပုဒ်မ ၆၀ ပါ ပြဋ္ဌာန်းချက်အရလျှောက်ထားသည့်နိုင်ငံခြားသား စာရင်းပညာရှင်သည် အောက်တွင်ဖော်ပြသည့်အချက်များကို ပြည့်စုံခိုင်လုံသည့်အထောက်အထားဖြင့် ဦးစွာတင်ပြရမည်-

(က) မိမိသည်နိုင်ငံရင်းအမျိုးသားစာရင်းပညာရှင်အဖွဲ့အစည်းတွင် မှတ်ပုံတင်ထားသောစာရင်းပညာရှင်လက်မှတ်နှင့် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် ရရှိထားသူဖြစ်ခြင်း၊

(ခ) မိမိနိုင်ငံ၏ အမျိုးသားစာရင်းပညာရှင်အဖွဲ့အစည်းက မြန်မာနိုင်ငံ စာရင်းကောင်စီတွင်မှတ်ပုံတင်ထားသည့် မြန်မာနိုင်ငံသား လက်မှတ်ရပြည်သူ့စာရင်းကိုင်များကို အသိအမှတ်ပြုထားပြီးဖြစ်ခြင်း၊

(ဂ) မြန်မာနိုင်ငံသား လက်မှတ်ရပြည်သူ့စာရင်းကိုင်များအနေဖြင့်မိမိနိုင်ငံသားများနည်းတူ စာရင်းလုပ်ငန်းများကို မိမိနိုင်ငံတွင် လုပ်ကိုင်ခွင့်ရှိခြင်း။

၆၂။ ပုဒ်မ ၆၁ ပါ ပြဋ္ဌာန်းချက်အရတင်ပြချက်များမှန်ကန်မှု၊ခိုင်လုံမှု မရှိဟုယူဆရလျှင် ထိုနိုင်ငံခြားသားစာရင်းပညာရှင်၏ တင်ပြချက် သို့မဟုတ် လျှောက်ထားချက်ကိုငြင်းပယ်ရမည်။

၆၃။ ပုဒ်မ၆၁ပါပြဋ္ဌာန်းချက်အရတင်ပြချက်များမှန်ကန်ကြောင်းခိုင်လုံလျှင်ထိုနိုင်ငံခြားသားစာရင်းပညာရှင်အား မြန်မာနိုင်ငံတွင် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိရန်ကောင်စီထံ အောက်ပါအထောက်အထားစာရွက်စာတမ်းများနှင့် တင်ပြလျှောက်ထားစေရမည်-

(က) သက်ဆိုင်ရာအဖွဲ့အစည်းကထုတ်ပေးသည့် မြန်မာနိုင်ငံ ပြည်ဝင်ခွင့်နှင့် နေထိုင်ခွင့်ပြုကြောင်း အထောက်အထား စာရွက်စာတမ်းများ၊

(ခ) လျှောက်ထားသူ၏နိုင်ငံကူးလက်မှတ်မူရင်းနှင့် ၎င်းမိတ္တူ၊

(ဂ) လျှောက်ထားသူ၏နိုင်ငံရင်းအမျိုးသားစာရင်းပညာရှင် အဖွဲ့အစည်းက ထုတ်ပေးသည့်စာရင်းပညာ အောင်လက်မှတ်မူရင်းနှင့် ၎င်းမိတ္တူ၊

(ဃ) လျှောက်ထားသူ၏ နိုင်ငံရင်းအမျိုးသားစာရင်းပညာရှင် အဖွဲ့အစည်း သို့မဟုတ် သက်ဆိုင်ရာဌာနအဖွဲ့အစည်းက ထုတ်ပေးသည့် ထိုနိုင်ငံတွင် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်လက်မှတ်၊

(င) ကောင်စီကလိုအပ်ချက်အရ တင်ပြရန်သတ်မှတ်သည့် စာရွက်စာတမ်းများ။

၆၄။ ပုဒ်မ ၆၃ အရ တင်ပြချက်များပြည့်စုံခိုင်လုံပါက အဆိုပါနိုင်ငံခြားသား စာရင်းပညာရှင်ကို လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် အသိအမှတ်ပြုရေးအတွက် ပုဒ်မ ၄၇ ပါ ပြဋ္ဌာန်းချက်အတိုင်းဆက်လက်စိစစ်ဆောင်ရွက်ရမည်။

၆၅။ လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် အသိအမှတ်ပြုခြင်းခံရသူသည် သတ်မှတ်သည့် မှတ်ပုံတင်ကြေးပေးသွင်းလျက် ကောင်စီတွင် မှတ်ပုံတင်ရမည်။

၆၆။ ကောင်စီ၏ခွင့်ပြုချက်လက်မှတ်ရရှိပြီးလျှင် အဆိုပါနိုင်ငံခြားသား စာရင်းပညာရှင်သည် မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များ အသင်းစည်းမျဉ်းများနှင့်အညီ ထိုအသင်း၌ အသင်းဝင်ရမည်။

၆၇။ တည်ဆဲအခြားဥပဒေတစ်ရပ်ရပ်အရ မှတ်ပုံတင်ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံတွင် လုပ်ငန်းဖွင့်လှစ်လုပ်ကိုင်ခွင့်ရရှိသော နိုင်ငံတကာစာရင်းလုပ်ငန်းအဖွဲ့အစည်းများသည် စာရင်းလုပ်ငန်းကို ကောင်စီက သတ်မှတ်သည့် ဖွဲ့စည်းမှုပုံစံဖြင့်သာ ဆောင်ရွက်ရမည်။ စာရင်းလုပ်ငန်းကို ထိုဖွဲ့စည်းမှုပုံစံဖြင့် ဆောင်ရွက်ခွင့်ရရန် စည်းမျဉ်းနှင့်အညီ ကောင်စီထံ လျှောက်ထားရမည်။

၆၈။ ကောင်စီသည် ပုဒ်မ ၆၇ အရ လျှောက်ထားခြင်းကို စိစစ်၍ မှတ်ပုံတင်ခွင့်ပြုနိုင်သည်။ လုပ်ငန်းလုပ်ကိုင်ခွင့်သက်တမ်းတိုးလျှောက်ထားခြင်းကို စည်းမျဉ်းနှင့်အညီ စိစစ်ပြီးခွင့်ပြုနိုင်သည်။

### အခန်း(၁၅)
### ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ

၆၉။ လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူသည် လုပ်ငန်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ဘဏ္ဍာရေးအခြေအနေ၊ ငွေစီးဆင်းမှုအခြေအနေတို့ကို စာရင်းကာလ သို့မဟုတ် ဘဏ္ဍာရေးနှစ်အလိုက် သင့်တင့်လျောက်ပတ်စွာ သို့မဟုတ် အရှိအရင်းအတိုင်း ပြည့်စုံမှန်ကန်စွာ အစီရင်ခံတင်ပြရန်တာဝန်ရှိသည်။ ထို့အတွက်လုပ်ငန်းအဖွဲ့အစည်း၏ ဘဏ္ဍာရေးရှင်းတမ်းများကို ကောင်စီကချမှတ်ပြဋ္ဌာန်းသည့်စာရင်းကိုင်စံ၊ဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ ပြုစုထုတ်ပြန်ရန် စီမံဆောင်ရွက်ရမည်။

စာမျက်နှာ ၁၈ သို့❖

❖စာမျက်နှာ ၁၇ မှ

၇၀။ အရည်အသွေးပြည့်ဝပြီး ယုံကြည်စိတ်ချရမှုရှိသည့်ဘဏ္ဍာရေးရှင်းတမ်းများဖြင့် ဘဏ္ဍာရေးအစီရင်ခံခြင်းဖြစ်စေရန် သက်ဆိုင်ရာပုဂ္ဂိုလ်အသီးသီးသည် အောက်တွင်ဖော်ပြသည့်အတိုင်း တာဝန်ခံဆောင်ရွက်ရမည်-

(က) စာရင်းပညာရှင် သို့မဟုတ် စာရင်းကျွမ်းကျင်သူများသာ လုပ်ငန်းအဖွဲ့အစည်းတစ်ခုခု၏ ဘဏ္ဍာရေးရှင်းတမ်းများ၊ လုပ်ငန်းအလိုက် လိုအပ်သည့် စာရင်းရှင်းတမ်းများပြုစုရေးဆွဲသူ၊လက်မှတ်ရေးထိုးအတည်ပြုသူအဖြစ် တာဝန်ခံခြင်း၊

(ခ) လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူသည်အဆိုပါဘဏ္ဍာရေးရှင်းတမ်းများကို အတည်ပြုတင်ပြသူအဖြစ် တာဝန်ခံခြင်း၊

(ဂ) ဥပဒေပြဋ္ဌာန်းချက်အရစာရင်းစစ်အဖြစ်ဆောင်ရွက်သည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် သို့မဟုတ် အစိုးရစာရင်းစစ်သည် အဆိုပါဘဏ္ဍာရေးရှင်းတမ်းများ၏ သင့်တင့်လျောက်ပတ်စွာ ဖော်ပြမှုအပေါ် ထင်မြင်ယူဆချက် ထုတ်ဖော်တင်ပြသူအဖြစ် တာဝန်ခံခြင်း။

၇၁။ လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူသည် လုပ်ငန်းအဖွဲ့အစည်း၏ ဘဏ္ဍာရေးရှင်းတမ်းများကို ကောင်စီကချမှတ်ထားသည့် ဘဏ္ဍာရေးအစီရင်ခံခြင်း စံများနှင့်အညီတင်ပြရေးအတွက် အောက်ဖော်ပြပါလိုအပ်ချက်များကို လုပ်ငန်းအဖွဲ့အစည်း၏ သဘောသဘာဝ၊ အရွယ်အစား၊ အနေအထားတို့နှင့်ကိုက်ညီဆီလျော်အောင်စီမံဆောင်ရွက်ရမည်-

(က) စာရင်းကိုင်ခြင်း၊စာရင်းပြုစုခြင်းအတွက်လုံလောက်သည့် စာရင်းကျွမ်းကျင်သူ၊ စာရင်းပညာရှင်အင်အားဖြင့် ဖွဲ့စည်းတာဝန်ပေးရန်၊

(ခ) အဆိုပါစာရင်းကိုင်ခြင်း၊ စာရင်းပြုစုခြင်းတာဝန်များမှ သီးခြားကင်းလွတ်သည့် လွတ်လပ်သောဌာနတွင်းစာရင်းစစ်ဆေးခြင်းအစီအမံကို ချမှတ်ဆောင်ရွက်ရန်။

၇၂။ လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူသည် စာရင်းများ၏ သင့်တင့်လျောက်ပတ်စွာ ဖော်ပြချက်ကို ထိခိုက်ပျက်ပြားအောင် စာရင်းကိုင်ခြင်း၊ စာရင်းပြုစုခြင်းတာဝန်ခံဆောင်ရွက်သူများအပေါ် မလျော်သြဇာသုံး၍ စွက်ဖက်ညွှန်ကြားခြင်းမပြုရ။

၇၃။ ပုဒ်မ ၇၀၊ ပုဒ်မခွဲ(က)ပါ တာဝန်ထမ်းဆောင်သောစာရင်းပညာရှင် သို့မဟုတ် စာရင်းကျွမ်းကျင်သူသည် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ကောင်စီတွင် မှတ်ပုံတင်ရမည်။

၇၄။ ကောင်စီသည် ပုဒ်မ ၆၉ မှ ပုဒ်မ ၇၂ ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်သည့် လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူများအား လိုအပ်သလိုအရေးယူဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာစီမံခန့်ခွဲပိုင်ခွင့်ရှိသည့်အဖွဲ့အစည်းထံသို့ အကြောင်းကြားရမည်။

## အခန်း(၁၆)
## စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)များ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)များ၊ စာရင်းကိုင် အလုပ်သင်များ၏ တာဝန်၊ ကျင့်ဝတ်သိက္ခာနှင့် ရပိုင်ခွင့်များ

၇၅။ စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)များ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)များသည်အောက်ပါ တာဝန်များရှိသည်-

(က) မိမိတာဝန်ယူဆောင်ရွက်သည့် စာရင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍အမှန်ကန်ဆုံးဖြစ်နိုင်ရေးအတွက် ရိုးသားဖြောင့်မတ်စွာဆောင်ရွက်ခြင်း၊

(ခ) ဤဥပဒေအရထုတ်ပြန်သောနည်းဥပဒေများ၊လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ နိုင်ငံတကာတွင် လက်ခံကျင့်သုံးသည့်စာရင်းကိုင်စံများ၊ စာရင်းစစ်စံများကို လိုက်နာဆောင်ရွက်ခြင်း၊

(ဂ) မိမိအားကောင်စီကပေးအပ်သည့် စာရင်းပညာဆိုင်ရာ တာဝန်များကို ကျေပွန်စွာဆောင်ရွက်ခြင်း။

၇၆။ စာရင်းကိုင်အလုပ်သင်များသည်အောက်ပါတာဝန်များရှိသည်-

(က) ကောင်စီကချမှတ်ထားသောစာရင်းကိုင်အလုပ်သင်ဆိုင်ရာ စည်းကမ်းများကိုလိုက်နာရမည်။

(ခ) စာရင်းကိုင်အလုပ်သင်ကြားပေးသည့်စာရင်းလုပ်ငန်းသို့မဟုတ်အစိုးရအဖွဲ့အစည်းက ချမှတ်ထားသော စာရင်းကိုင် အလုပ်သင်ဆိုင်ရာ၊ အလုပ်ခွင်ဆိုင်ရာစည်းကမ်းများကို လိုက်နာရမည်။

၇၇။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် စာရင်းလုပ်ငန်းဆောင်ရွက်ရာတွင် စောင့်ထိန်းရမည့်ကျင့်ဝတ်သိက္ခာများနှင့်မညီသည့် အောက်ပါအပြုအမူများအပြင် ကောင်စီကထုတ်ပြန်ပြဋ္ဌာန်းထားသည့်မြန်မာနိုင်ငံစာရင်းစစ်စံပြဋ္ဌာန်းချက်များပါကျင့်ဝတ်သိက္ခာမညီသည့် အပြုအမူများကို မပြုလုပ်ရ-

(က) မိမိ၏စာရင်းလုပ်ငန်းအတွက် အများသိရှိစေရန် ကြော်ငြာရာတွင်မိမိကိုယ်တိုင် တာဝန်ခံဆောင်ရွက်ပေးနိုင်သည်ထက် သို့မဟုတ် မိမိတွင်ရှိသော အရည်အချင်း သို့မဟုတ် အတွေ့အကြုံထက်ပိုမိုထုတ်ဖော်ခြင်း၊ အခြားစာရင်းလုပ်ငန်းလုပ်ကိုင်သူအားထိခိုက်နစ်နာစေသည့် အချက်အလက်ဖြင့် မိမိလုပ်ငန်းကိုကြော်ငြာခြင်း၊

(ခ) အမြတ်ရာခိုင်နှုန်းပေါ်တွင်အခြေတည်၍လုပ်ခငွေတောင်းယူခြင်း၊

(ဂ) ကောင်စီကလိုအပ်၍ တောင်းဆိုသည့် စာရင်းများနှင့် စပ်လျဉ်းသည့်အချက်အလက်များကို တင်ပြပေးရန် ပျက်ကွက်ခြင်း၊

(ဃ) မိမိတစ်ဦးတည်းသာသိရှိစေသောအကြောင်းအချက်များကိုအလုပ်ရှင်၏ခွင့်ပြုချက်မရဘဲ သို့မဟုတ် တည်ဆဲဥပဒေတစ်ရပ်ရပ်အရမဟုတ်ဘဲအခြားသူထံထုတ်ဖော်အသိပေးခြင်း၊

(င) မိမိအားပေးအပ်သည့်စာရင်းပညာဆိုင်ရာအလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင် ထိုက်သင့်သောသတိမထားရှိဘဲ ဆောင်ရွက်ခြင်း၊

(စ) ဤဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဍ)၊ ပုဒ်မခွဲငယ်(၁)နှင့် (၂)ပါ လုပ်ငန်းများကို စာရင်းလုပ်ငန်းလုပ်ကိုင်သူမဟုတ်သူများနှင့် ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(ဆ) ယခင်စာရင်းစစ်အဖြစ်ဆောင်ရွက်ခဲ့သူနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမပြုဘဲ ထိုစာရင်းစစ်ရာထူးကိုလက်ခံခြင်း သို့မဟုတ် အခြားသူတစ်ဦးဆောင်ရွက်နေသည့်စာရင်းလုပ်ငန်းကို မိမိအတွက်တောင်းယူခြင်း၊

(ဇ) စာရင်းစစ်များခန့်ထားခြင်းကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ သို့မဟုတ် သက်ဆိုင်ရာအခြား ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီခြင်းမရှိသည့်ခန့်ထားမှုကို လက်ခံဆောင်ရွက်ခြင်း၊

(ဈ) ကုမ္ပဏီညွှန်းတမ်းတွင်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း ပုံနှိပ်ထုတ်ဝေရန် အနာဂတ်အမြတ်ငွေကိုခန့်မှန်းတွက်ချက်အတည်ပြုပေးခြင်း သို့မဟုတ် တစ်နှစ်စီအတွက် အရှုံးအမြတ်များကို သီးခြားဖော်ပြခြင်းမပြုဘဲ တစ်နှစ်ထက်ပိုသော နှစ်များအတွက်ပျမ်းမျှအမြတ်ငွေရှင်းတမ်းများကိုပုံနှိပ်ထုတ်ဝေရန် အတည်ပြုပေးခြင်း၊ သို့ရာတွင် လုပ်ငန်းလိုအပ်ချက်အရရေးဆွဲတင်ပြရမည့် ကိစ္စရပ်များနှင့် သက်ဆိုင်ခြင်းမရှိစေရ၊

(ည) လုပ်ငန်းရှင်က ယုံမှတ်အပ်နှံထားသည့် ငွေကြေးများကို ကိုင်တွယ်ခန့်ခွဲရပါက ယင်းငွေကြေးများကိုစနစ်တကျ သုံးစွဲခန့်ခွဲကြောင်း သိသာပေါ်လွင်စေရေးအတွက် လိုအပ်သော စာရင်းမှတ်တမ်းများ၊ သီးခြားဘဏ်စာရင်းများ ဖွင့်လှစ်ထိန်းသိမ်းရန်ပျက်ကွက်ခြင်း၊

(ဋ) ရည်ရွယ်ချက်တစ်စုံတစ်ရာဖြင့်လုပ်ငန်း၏အမြတ် သို့မဟုတ် အရှုံးကိုမမှန်မကန်ဖော်ပြခြင်း၊ ထိုသို့ ဖော်ပြထားကြောင်း စစ်ဆေးတွေ့ရှိချက်ကို ထုတ်ဖော်တင်ပြရန်ပျက်ကွက်ခြင်း။

၇၈။ စာရင်းကိုင်အလုပ်သင်သည် စာရင်းပညာလုပ်ငန်းသင်ယူရာတွင် မိမိထိန်းသိမ်းရမည့်ကျင့်ဝတ်သိက္ခာများ နှင့်မညီသောအောက်ပါအပြုအမူတို့ကို မပြုလုပ်ရ -

(က) လက်တွေ့အလုပ်သင်ဆင်းသည့်ကာလအတွင်း သက်ဆိုင်ရာ အလုပ်သင်ကြားပေးသည့်စာရင်းလုပ်ငန်း သို့မဟုတ် အစိုးရဌာနအဖွဲ့အစည်းကပေးအပ်သည့်လုပ်ငန်းများကိုလိုလားစွာ၊ သစ္စာရှိစွာနှင့်ကျေပွန်စွာထမ်းဆောင်မှုမရှိခြင်း၊

(ခ) လက်တွေ့အလုပ်သင်ဆင်းသည့်ကာလအတွင်းသက်ဆိုင်ရာ အလုပ်သင်ကြားပေးသည့်စာရင်းလုပ်ငန်း သို့မဟုတ် အစိုးရဌာနအဖွဲ့အစည်းကချမှတ်ထားသောစည်းကမ်းများကိုလိုက်နာရန်ပျက်ကွက်ခြင်း၊

(ဂ) သက်ဆိုင်ရာအလုပ်သင်ကြားပေးသည့် စာရင်းလုပ်ငန်း သို့မဟုတ် အစိုးရဌာနအဖွဲ့အစည်း၏ စာရင်းများ၊ စာရွက်စာတမ်းများ၊ပိုင်ဆိုင်မှုများကို မိမိကိုယ်ကျိုးအတွက်အသုံးပြုခြင်း၊ ဖျက်ဆီးခြင်း၊ အလွဲသုံးခြင်း၊ခွင့်ပြုချက်မရရှိဘဲ မိတ္တူကူးယူခြင်း၊

(ဃ) မိမိလုပ်ကိုင်ခဲ့သောအလုပ်သင်လုပ်ငန်းနှင့် ပတ်သက်သည့် စာရင်းများ၊သတင်းအချက်အလက်များကိုပြင်ပသို့ပေါက်ကြားစေခြင်း။

၇၉။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် -

(က) ယင်းလုပ်ငန်းကိုအသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်ခွင့်ရှိသည်။

(ခ) သင့်တင့်မျှတသောလုပ်ခကိုတောင်းခံပိုင်ခွင့်ရှိသည်။

(ဂ) ကောင်စီသို့အကြံပြုခွင့်ရှိသည်။

(ဃ) နစ်နာချက်များကို ကောင်စီသို့တင်ပြခွင့်ရှိသည်။

## အခန်း(၁၇)
## စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)များ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)များ၊ စာရင်းကိုင်အလုပ်သင်များအားအရေးယူခြင်း

၈၀။ ကောင်စီသည် ပုဒ်မ ၇၅ နှင့် ပုဒ်မ ၇၆ တို့တွင် ပြဋ္ဌာန်းထားသည့် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သည့် သို့မဟုတ် ပုဒ်မ ၇၇ နှင့် ပုဒ်မ ၇၈ တို့တွင် ပြဋ္ဌာန်းထားသည့်ကျင့်ဝတ်သိက္ခာတစ်ရပ်ရပ်ကို ဖောက်ဖျက်သည်ဟု စွပ်စွဲခံရသောစာရင်းလုပ်ငန်းလုပ်ကိုင်သူ၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်)များ၊လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)များ၊ စာရင်းကိုင်အလုပ်သင်အားစုံစမ်းစစ်ဆေးရန်ကောင်စီဝင်အနည်းဆုံး (၂)ဦး ပါဝင်သောအဖွဲ့ဝင် (၅) ဦးဖြင့်စုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖွဲ့စည်း၍ တာဝန်ပေးအပ်နိုင်သည်။

၈၁။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည်မိမိ၏စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို ကောင်စီက ဤကိစ္စရပ်အလို့ငှာ ကောင်စီဝင်(၅) ဦးဖြင့်ဖွဲ့စည်းသည့် စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ တင်ပြရမည်။

၈၂။ စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်) လက်မှတ် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)လက်မှတ် သို့မဟုတ် စာရင်းကိုင် အလုပ်သင်အဖြစ် ဆောင်ရွက်ခွင့်ကို ကာလအပိုင်းအခြား သတ်မှတ်၍ရုပ်သိမ်းခြင်း၊

(ဂ) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်) လက်မှတ် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)လက်မှတ် သို့မဟုတ် စာရင်းကိုင် အလုပ်သင်အဖြစ် ဆောင်ရွက်ခွင့်ကို ပယ်ဖျက်ခြင်း။

၈၃။ စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် အကျင့်စာရိတ္တ ပျက်ပြားရာရောက်သည့်ပြစ်မှုဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်းခံရသောပုဂ္ဂိုလ်ကို ပုဒ်မ ၈၂ ပုဒ်မခွဲ (ခ)နှင့် ပုဒ်မခွဲ(ဂ) ပါ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်။

၈၄။ (က) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင်(အောင်) လက်မှတ် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင်(ပြည့်)လက်မှတ် သို့မဟုတ် စာရင်းကိုင်အလုပ်သင်အဖြစ် ဆောင်ရွက်ခွင့်ကို ကာလအပိုင်းအခြားသတ်မှတ်၍ ရုပ်သိမ်းခံရသူသည် သတ်မှတ်ကာလကုန်ဆုံးသည့်အခါ ပြန်လည်မှတ်ပုံတင်ခွင့် သို့မဟုတ် စာရင်းကိုင်အလုပ်သင်အဖြစ် ပြန်လည်ဆောင်ရွက်ခွင့်အတွက် ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် လျှောက်ထားသူအား သတ်မှတ်ထားသော အခကြေးငွေပေးဆောင်စေပြီး ပြန်လည်မှတ်ပုံတင်ခွင့် သို့မဟုတ် စာရင်းကိုင်အလုပ်သင်အဖြစ် ပြန်လည်ဆောင်ရွက်ခွင့်ပြုနိုင်သည်။

## အခန်း(၁၈)
## အယူခံခြင်း

၈၅။ စည်းကမ်းထိန်းသိမ်းရေးကော်မတီက ပုဒ်မ ၈၂ သို့မဟုတ် ပုဒ်မ ၈၃ အရချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သောနေ့မှ ရက်ပေါင်း (၆၀) အတွင်း ကောင်စီသို့အယူခံနိုင်သည်။

၈၆။ ကောင်စီသည် ပုဒ်မ ၈၅ အရ တင်သွင်းသည့်အယူခံမှုများနှင့် စပ်လျဉ်း၍ အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-

(က) အတည်ပြုခြင်း၊

(ခ) ပယ်ဖျက်ခြင်း၊

(ဂ) ပြင်ဆင်ခြင်း၊

(ဃ) ပြန်လည်စုံစမ်းစစ်ဆေးခြင်း။

၈၇။ ကောင်စီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၁၉)
## တားမြစ်ချက်များ

၈၈။ လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူသည် လုပ်ငန်းအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ဘဏ္ဍာရေးအခြေအနေ၊ ငွေစီးဆင်းမှုအခြေအနေတို့ကို မမှန်မကန်ဖော်ပြခြင်းမပြုရ။

၈၉။ လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူသည် စာရင်းများ၏သင့်တင့်လျောက်ပတ်စွာ ဖော်ပြချက်ကိုထိခိုက်ပျက်ပြားအောင် စာရင်းကိုင်ခြင်း၊ စာရင်းပြုစုခြင်း၊ တာဝန်ခံဆောင်ရွက်သူများအပေါ် မလျော်သြဇာသုံး၍ စွက်ဖက်ညွှန်ကြားခြင်းမပြုရ။

၉၀။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် စာရင်းလုပ်ငန်း ဆောင်ရွက်ရာတွင် စောင့်ထိန်းရမည့်ကျင့်ဝတ်သိက္ခာများနှင့် မညီသည့် ဤ**ဥပဒေပုဒ်မ ၇၇ ပါပြဋ္ဌာန်းချက်**အပြင် ကောင်စီက ထုတ်ပြန်ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံစာရင်းစစ်စံပြဋ္ဌာန်းချက်များပါ ကျင့်ဝတ်သိက္ခာမညီသည့် အပြုအမူများကို မပြုလုပ်ရ။

၉၁။ မည်သူမျှအများနှင့်ဆိုင်သောစာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်မရှိဘဲ အောက်ပါစာရင်းလုပ်ငန်းများကို လုပ်ကိုင်ခြင်းမပြုရ-

(က) အများနှင့်ဆိုင်သောစာရင်းလုပ်ငန်း၊

(ခ) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ သို့မဟုတ် ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီများအက်ဥပဒေ သို့မဟုတ် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့်ကုမ္ပဏီနှင့် အဖွဲ့အစည်းများတွင် ဥပဒေအရ စစ်ဆေးရမည့် ပြင်ပစာရင်းစစ်အဖြစ်ဆောင်ရွက်ခြင်း။

၉၂။ စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ကို ကာလသတ်မှတ်၍ ရုပ်သိမ်းခြင်းခံရသူ သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူသည် စည်းကမ်းထိန်းသိမ်းရေးကော်မတီက အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချသည့်နေ့မှ ရက်ပေါင်း(၃၀) အတွင်း စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ်ကို ကောင်စီထံပြန်လည်အပ်နှံရန်ပျက်ကွက်ခြင်းမရှိစေရ။

၉၃။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် မည်သည့်စာရင်းဖော်ပြချက်၊ ကြေညာချက်၊ ရှင်းတမ်း၊ အစီရင်ခံစာ၊ ငွေစာရင်းစာအုပ်၊ လက်မှတ် သို့မဟုတ် ပုံစံတွင်မဆို မဟုတ်မမှန်သည့်အချက်ကို သိလျက်နှင့် ထည့်သွင်းဖော်ပြခြင်း သို့မဟုတ် ထောက်ခံလက်မှတ်ရေးထိုးခြင်းမပြုရ။

၉၄။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိလုပ်ငန်း၏ အစုဝင်ကသော်လည်းကောင်း၊မိမိ၏ဝန်ထမ်းကသော်လည်းကောင်း ကြီးကြပ်ကွပ်ကဲ၍ပြည့်စုံစွာ စစ်ဆေးထားခြင်းမရှိသော လက်ကျန်ရှင်းတမ်း၊အရှုံးအမြတ်စာရင်း သို့မဟုတ် မည်သည့်စာရင်းဇယားကိုမျှ အတည်ပြုမပေးရ သို့မဟုတ် မိမိကိုယ်စား လက်မှတ်ရေးထိုးခွင့်မပြုရ။

၉၅။ မည်သူမျှကောင်စီ၏ခွင့်ပြုချက်မရဘဲ ဒီပလိုမာစာရင်းကိုင်နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင် ကိုယ်ပိုင်သင်တန်းကျောင်းဖွင့်လှစ်ခြင်း မပြုရ။

၉၆။ မည်သူမျှအကျိုးစီးပွားချင်းပဋိပက္ခဖြစ်မှု၊ဆန့်ကျင်ဘက်ဖြစ်မှု၊ လွတ်လပ်မှုကို ထိခိုက်စေမှုဖြစ်စေသောလုပ်ငန်းများကို လက်ခံဆောင်ရွက်ခြင်း မပြုရ၊ ထိုသို့ လက်ခံဆောင်ရွက်ရန်ခိုင်းစေခြင်းမပြုရ။

## အခန်း(၂၀)
## ပြစ်ဒဏ်များ

၉၇။ လုပ်ငန်းအဖွဲ့အစည်းစီမံခန့်ခွဲသူသည် ပုဒ်မ ၈၈ သို့မဟုတ် ပုဒ်မ ၈၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# မန်းရွှေစက်တော်တွင် ဘုရားဖူးများဈေးနှုန်းသက်သာ၍ စိတ်ချမ်းမြေ့စေရန် ယခုနှစ်မှစ၍ကော်မတီငါးရပ်ဖြင့် စီမံ



**မကွေး၊ ဇန်နဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူး-စကုမြို့နယ် မန်းရွှေစက်တော်ဘုရားကြီးသို့ လာရောက်ဖူးမျှော်ကြသော ဘုရားဖူးပြည်သူများအတွက် တည်းခိုးဆောင်များ ဈေးနှုန်းသက်သာပြီး စိတ်ချမ်းမြေ့စွာဘုရားဖူးလာရောက်နိုင်ရန် ယခုနှစ်တွင် ကော်မတီငါးရပ်ဖြင့် စနစ်တကျ စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မန်းရွှေစက်တော်ဘုရားပွဲတော်ကြီး ကျင်းပပြုလုပ်ချိန်တွင် ယခင်နှစ်များက ဘုရားကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ဦးစီးဆောင်ရွက်ခဲ့သော်လည်း ယခုနှစ်မှစတင်၍ ဘုရားဖူးလာမိဘပြည်သူများ လုံခြုံစိတ်ချအေးချမ်းစွာ ဘုရားဖူးနိုင်ရန် မင်းဘူးခရိုင် စီမံကိန်း၊ မြို့နယ်စီမံကိန်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု၊ မြို့နယ်စည်ပင်သာယာကော်မတီ၊ ရွှေစက်တော်ဘုရားဂေါပကအဖွဲ့ စသည့်ကော်မတီငါးဖွဲ့ဖြင့် ကြီးကြပ်စီမံဆောင်ရွက်လျက်ရှိသည်။

အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ အကုန်ကျသက်သာ၍ စိတ်အနှောက်ယှက်ကင်းဝေးစေရန် မန်းရွှေစက်တော်ဘုရားသွားရာ သုံးမိုင်လမ်းခွဲအား ဘုရားကြီးဘဏ္ဍာငွေသိန်းပေါင်း ၇၀၀၀ ကျော်ဖြင့် နှစ်လမ်းသွားလမ်းမကြီးအဖြစ် ဖောက်လုပ်ထားသည်။ လှေတင်တံတားကိုလည်း အသွားအပြန်နှစ်စင်းအဖြစ် ဘုရားဖူးလာပြည်သူများ လှူဒါန်းသော ဘုရားကြီးဘဏ္ဍာငွေသိန်း ၁၈၀ ခန့်အကုန်ကျခံဆောက်လုပ်ခဲ့သောကြောင့် ယခုနှစ်တွင် ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်နိုင်တော့ကြောင်း သိရသည်။

သုံးမိုင်လမ်းနှင့် လှေတင်တံတားဖြတ်သန်းခများအား ကောက်ခံတော့မည် မဟုတ်ကြောင်း၊ ကားရပ်နားကွင်းကိုလည်း ဘုရားကြီးရှိ လေယာဉ်ကွင်း၌ အသစ်ပြုလုပ်ထားပြီးဖြစ်ရာ ဘုရားဖူးပြည်သူများ စိတ်ချမ်းသာစွာ လာရောက်နိုင်ပြီဖြစ်ကြောင်း၊ ထိုနည်းတူ ဌာနဆိုင်ရာများမှ ဘုရားဖူးလာရောက်လျှင် စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရန် တည်းခိုဆောင်များ နေရာချထားပေးထားပြီးဖြစ်ကြောင်း၊ မန်းရွှေစက်တော်ဂေါပကဥက္ကဋ္ဌ မင်းဘူးခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်က သတင်းမီဒီယာများနှင့် တွေ့ဆုံစဉ်ပြောပြခဲ့သည်။

မန်းရွှေစက်တော်ဘုရားသို့သွားရာ ငါးမိုင်လမ်းခွဲဖြတ်သန်းခနှုန်းထားများ ပြီးခဲ့သည့်နှစ်က အဆမတန်မြင့်မားခဲ့၍ ဒေသခံများနှင့် ဘုရားဖူးလာပြည်သူများက ဝေဖန်ပြောဆိုမှုများရှိခဲ့သော်လည်း ယခုနှစ်တွင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဈေးနှုန်းများ ပွင့်လင်းမြင်သာစွာဖြင့် ယာဉ်ကြီး ၅၀၀ ကျပ်၊ ယာဉ်လတ် ၂၀၀ ကျပ်၊ ယာဉ်သေး ၁၀၀ ကျပ်သာကောက်ခံပြီး ဆိုင်ကယ်ဖြတ်သန်းခ လုံးဝမကောက်ခံတော့၍ အစစအရာရာ စတင်ပြောင်းလဲသောနှစ်အဖြစ် မိဘပြည်သူများ စိတ်ချမ်းသာစွာဖြင့် လာရောက်ဖူးနိုင်မည်ဖြစ်ကြောင်း ဒေသခံတစ်ဦးကပြောသည်။

ယခုနှစ်မန်းရွှေစက်တော် ဘုရားကြီးဂေါပကအဖွဲ့ အပြောင်းအလဲနှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်နေရသောကြောင့် လုပ်ငန်းဆောင်ရွက်မှုများ အနည်းငယ်နောက်ကျသော်လည်း ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများ၏ အမြန်ဆုံးဆောင်ရွက်မှုများကြောင့် ဘုရားဖူးများ အဆင်ပြေနိုင်ရန် ပုဂ္ဂလိကတည်းခိုဆောင်များ၊ စားသောက်ဆိုင်ခန်းများ၊ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များအား လျှောက်လွှာများအခမဲ့ဖြင့် စနစ်တကျ ဆောင်ရွက်ပေးထားပြီး လုပ်ငန်းများ၈၅ ရာခိုင်နှုန်းကျော် ပြီးစီး ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ဂေါပကအဖွဲ့မှ တာဝန်ရှိသူတဦးက ပြောပြခဲ့သည်။

သမိုင်းဝင် မန်းရွှေစက်တော်ဘုရားကြီး ခြေတော်ရာမြတ်ဖွင့်ပွဲကို ဇန်နဝါရီ ၂၄ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်သောကြောင့် ဖွင့်ပွဲမတိုင်ခင်ကပင် လာရောက်ဖူးမြော်သူများဖြင့် စတင်စည်ကားနေပြီဖြစ်ကြောင်း သိရသည်။

**ပိုင်ဇေ(မကွေး)**

## တောင်စကိုင်းကျေးရွာအတွက် မြစိမ်းရောင်ရန်ပုံငွေပေးအပ်

**ကံမ၊ ဇန်နဝါရီ ၂၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တောင်စကိုင်းကျေးရွာအတွက် မြစိမ်းရောင်ရန်ပုံငွေကျပ်သိန်း ၃၀၀ ပေးအပ်ပွဲအခမ်းအနားကို ကံမမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဇန်နဝါရီ ၁၉ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်စိုးမိုးထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသီဟစိုးက တောင်စကိုင်းကျေးရွာ၊ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှု ကော်မတီအား ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ရာ ကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးဝင်းက လက်ခံရယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီမှအဖွဲ့ဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများအပါအဝင် အင်အား ၄၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး၌ စလင်းမြို့နယ်၊ မင်းလှမြို့နယ်နှင့် သရက်မြို့နယ်၊ ကံမမြို့နယ်များ အတွင်းရှိ ကျေးရွာ ၈၃ ရွာအတွက် တစ်ရွာလျှင် အရင်းမပျောက်မတည်ငွေကျပ်သိန်း ၃၀၀ အသုံးပြု၍ မြစိမ်းရောင်စီမံကိန်းအား ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိပြီး ၂၀၁၄-၂၀၁၅ ဘတ်ဂျက်နှစ်အတွင်း ကျပ်သန်း ၂၄၉၀ အသုံးပြုမတည်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရှိပြီး ပြည်ထောင်စုအစိုးရမှ ယခုဘတ်ဂျက်နှစ်တွင် ကျေးရွာပေါင်း ၁၁၅၀ ရွာအတွက် ငွေကျပ် ၃၄ ဒသမ ၅ လီလျံ အသုံးပြုကာ မြစိမ်းရောင်စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။ **ဇေယျာတု(မကွေး)**


www.myanmarnoblecollege.com.mm
edexcel Approved Centre No. 93711
MYANMAR NOBLE COLLEGE
ကျောင်းသားသစ်များလျှောက်လွှာခေါ်ယူခြင်း

HND Engineering
- Construction & the Built Environment (Civil Engineering)
- Electrical & Electronics
- Mechanical
HND Business
HND Computing (IT)

Uk နိုင်ငံ Edexcel မှပေးအပ်မည့် Higher National Diploma (HND)တန်းခွဲသစ်အား (5.1.2015) ရက်နေ့တွင်ဖွင့်လှစ်ခဲ့ပြီး (31.1.2015) ရက်နေ့အထိကျောင်းအပ်နှံမှုကိုလက်ခံပေးရန် စီစဉ်ထားပါသည်၊
အခြေခံပညာ အထက်တန်းအောင်မြင်ထားသူများ၊ GCE 'O' Level, LCCI Level '3' အောင်မြင်ထားသူများလျှောက်ထားနိုင်ပါသည်၊
(HND) Certificate ရပြီးနောက် UK, Singapore, Thai နှင့် Malaysia နိုင်ငံများရှိ တက္ကသိုလ် များသို့တက်ရောက် BEng, BSc(Hons), BA(Hons) ဘွဲ့များအား ရယူနိုင်ပါသည်၊
UK နိုင်ငံ Edexcel ပညာရေးအဖွဲ့အစည်း၏ Syllabus အတိုင်းသင်ကြားလျက်ရှိပြီး ၊ နိုင်ငံတကာပညာရေးနယ်ပယ်သို့ Myanamar Noble Colleg မှတစ်ဆင့်ဝင်ရောက်နိုင်ပါမည်၊
ဝါသနာ နှင့် သင်ယူမှုတထပ်တည်းကျစေနိုင်မည့် အခွင့်အရေးကောင်းများအား Myanmar Noble College တွင်အသေးစိတ်စုံစမ်းနိုင်ပါသည်၊
Contact Info : အမှတ်(၁၀၈)၊နှင်းဆီလမ်း(အထက်)၊အလုံမြို့နယ်၊ရန်ကုန်၊
၀၁-၂၂၀၄၇၆/၀၉ ၇၃၁၆၃၉၇၅ ၊

မဂ္ဂျိမတစ်သက်တာဟောစာတမ်း
တန်ဖိုး (၁)အုပ် ၁၀၀၀/-ကျပ်
ဓမ္မာစရိယဦးအောင်ကျော်မိုး
ဘဝတစ်သက်စာဟောစာတမ်းနှင့်အတူ(၅)နှစ်စာအထူးဟောကိန်းများနှင့် အထူးယတြာများပါထည့်သွင်းပေးထားပါသည်။ လှူတိုင်းဆောင်ထားသင့်သော ၁၀၀၀/-နှင့်မကထိုက်တန်သောစာအုပ်တစ်အုပ်ဖြစ်ပါသည်။
*မှတ်ချက်။ (၇)ရက်သားသမီးများအတွက် (၇)အုပ်ထွက်ရှိထားပါသည်။ ဆိုင်တိုင်းတွင် မိမိတို့နေ့သားအလိုက်မေး၍ဝယ်ယူနိုင်ပါသည်။
မဂ္ဂျိမစာပေ အမှတ်(၂၃၇)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။ ဖုန်း - ၃၉၂၈၃၅၊ ၀၉၅၀၅၆၈၄၃၊ ၀၉၇၃၀၅၉၉၃၅

အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးအကြောင်းနှင့် ကျန်းမာရေး သိမှတ်ဖွယ်ရာအဖြာဖြာ
တန်ဖိုး ၁၀၀၀/-ကျပ်
ပေါက်ပေါက်
အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုးအကြောင်းနှင့် ကျန်းမာရေးသိမှတ်ဖွယ်ရာအဖြာဖြာ၊ ခြေထောက်ကျိုးလူနာအတွက် ရှေးဦးသူနာပြုစုနည်း၊ အအေးမိ-တုပ်ကွေး-နှာစေး-ချောင်းဆိုးခြင်းအတွက် နည်းလမ်း(၁၉)သွယ်၊ ရေကျောက်ရောဂါ၊ ရင်းသွေးငယ်များကျန်းမာရေး ခြေဖနောင့်ကွဲအက်ခြင်းအတွက် နည်းလမ်းများ တရားရှုမှတ်ခြင်းဖြင့် ကျန်းမာရေးအကျိုး ကျေးဇူး၊ အသားအရေထိန်းသိမ်းနည်းများ၊ အပူကန်နာများအတွက် စိတ်မညစ်စေလို၊ အမျိုးသမီးလစဉ်သုံးပစ္စည်းများနှင့် ကင်ဆာရောဂါအန္တရာယ်၊ မျက်စိနာခြင်းအတွက် အိမ်တွင်းကုထုံး၊ မိုးရာသီရောဂါများ၊ ဆောင်ရန် ရှောင်ရန် အစားအစာများ၊ အပူပြိမ်းစေမဲ့ အအေးစာ၊ နေပူဒဏ်ကာကွယ်ရန် နည်းလမ်းကောင်းများ အစရှိသော ကျန်းမာရေးသိမှတ်ဖွယ်ရာများ ....
စာရေးသူ၏ ရေးသားထားသော (၁)ကျန်းမာရေးအတွက် လက်တစ်ကမ်းမှ ဆေးဖက်ဝင်သီးနှံများ (၁၊ ၂)၊ (၂) သက်ရှည်ကျန်းမာ အသက်(၁၀၀) နေလိုလျှင် (၁၊ ၂)၊ တပင်တိုင်မြန်နန်းအစွမ်း အုံ့မခန်းနှင့် ဆေးဖက်ဝင်အပင်များစာအုပ်များပါ ဝယ်ယူရရှိနိုင်ပါသည်။
မဂ္ဂျိမစာပေ အမှတ်(၂၃၇)၊ ၃၉လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။ ဖုန်း - ၃၉၂၈၃၅၊ ၀၉၅၀၅၆၈၄၃၊ ၀၉၇၃၀၅၉၉၃၅



# ဘဒ္ဒန္တနာရဒမဟာထေရ်မြတ်ကြီး၏ ကြေးရုပ်တုတော်နှင့် ရုပ်တုတော် အပူဇော်ခံရာ ရဋ္ဌဂုရုဗိမာန်တော်ကြီး ဖွင့်ပွဲကျင်းပ

**စစ်ကိုင်း၊ ဇန်နဝါရီ ၂၃**

စစ်ကိုင်းမြို့ မဟာသုဗောဓာရုံကျောင်းတိုက် အာရာမသမုဒ္ဒပက ပဓာနနာယက ရွှေကျင်နိကာယဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင်သာသနာပိုင် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနာရဒမဟာထေရ်မြတ်ကြီး၏ ကြေးရုပ်တုတော်နှင့် ရုပ်တုတော် အပူဇော်ခံရာ ရဋ္ဌဂုရုဗိမာန်တော်ကြီးဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် နံနက် ၆ နာရီခွဲက အဆိုပါကျောင်းရှိ ရဋ္ဌဂုရုဗိမာန်တော်ကြီးရှေ့ မဏ္ဍပ်လာနေရာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနေ့က အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တနန္ဒမာလာဘိဝံသ M.A (သီရိလင်္ကာ) Ph.D (အိန္ဒိယ) အမှူးပြုသော ပင့်သံဃာသြဝါဒါစရိယဆရာတော်ကြီးများနှင့် တပည့်အလှူရှင်များက ရဋ္ဌဂုရုဗိမာန်တော်ကြီးအားဖွင့်လှစ်၍ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တနာရဒ မဟာထေရ်မြတ်ကြီး၏ ကြေးရုပ်တုတော်ကို ဦးခိုက်ပူဇော်ကြည်ညိုကြပြီး မဟာသုဗောဓာရာမိကရဋ္ဌဂုရုဗိမာန်၏ မော်ကွန်းကမ္ပည်းအား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနောက် သြဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာအပါး ၁၅၀ တို့အား နယ်မြေခံတပ်ရင်း တပ်ဖွဲ့များမှ မိသားစုဝင်များ၊ ရပ်ဝေးရပ်နီးမှ အလှူရှင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့များ၊ အခြားဖိတ်ကြားထားသူများက စာရေးတံမဲများ ဆက်ကပ်လောင်းလှူခဲ့ကြပြီး မဟာသမယဓမ္မာရုံကျောင်းတော်ကြီးပေါ်၌ ပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တနန္ဒမာလာဘိဝံသထံမှ ရှစ်ပါးသီလခံယူဆောက်တည်ခဲ့ကြသည်။

အခမ်းအနားသို့တက်ရောက်လာသူများက ဆရာတော်သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ဆက်လက်၍ သီလရှင်ဆရာကြီး၊ ဆရာလေး အပါး ၁၂၀ တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။ **မျိုးဝင်း(စစ်ကိုင်း)**

# ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်း(၂၀၁၅)အခမ်းအနားကျင်းပ

**ချမ်းအေးသာစံ၊ ဇန်နဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ၂၀၁၅ ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်စိုးက ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးပေးမည့်အစီအစဉ်များအား ရှင်းလင်းတင်ပြသည်။ တိုင်းဒေသကြီးဝန်ကြီးနှင့် ဧည့်သည်များသည် ချမ်းအေးသာစံမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအား အတန်းလိုက် ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းအား ကြည့်ရှုအားပေးခဲ့ကြသည်။

ဝက်သက်ရောဂါကာကွယ်ဆေးလွှမ်းခြုံမှု ၈၅ ရာခိုင်နှုန်းရရှိအောင်ဆောင်ရွက်နိုင်သည်။ ဝက်သက်ရောဂါနှင့်ဂျိုက်သိုးရောဂါ ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်တွင် ရပ်ကွက်များရှိ အသက် ၉ လမှ ၁၅ နှစ်အောက်ကလေး ၁၃၇၃၄၀၅ ဦး ကိုကာကွယ်ဆေးထိုးစုရပ် ၇၄၂၄ နေရာတွင် ဆေးထိုး အဖွဲ့ ၁၅၀၈ ဖွဲ့ဖြင့် ကာကွယ်ဆေးထိုးလျက်ရှိကြောင်းသိရသည်။ **သီဟကိုကို(မန္တလေး)**

# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ပညာပေးဆွေးနွေးပွဲများကျင်းပ

**ကျောက်ပန်းတောင်း၊ ဇန်နဝါရီ ၂၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စပါးခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မိုးကြည်နှင့် ဒု-လက်ထောက်ဦးစီးမှူး ဦးဟိန်းမင်းမောင်တို့က မျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးရေးနှင့် ပြောင်းလဲလာသောရာသီဥတုကိုအခြေခံ၍ ပြောင်းလဲစိုက်ပျိုးသင့်သော သီးနှံနှင့်ဖြစ်ပွားတတ်သော ရောဂါပိုးမွှားများ ကာကွယ်နှိမ်နင်းခြင်းနှင့်ပတ်သက်၍လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ အပူပိုင်းဒေသစိမ်းလန်းစိုပြေရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်မင်းကလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနေ့က မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကျော်ဝင်းက ထောင့်သန်းရောဂါနှင့် ပေါင်ပုပ်၊ လက်ပုပ်ရောဂါများ၏ ရှေ့ပြေးလက္ခဏာများ ကာကွယ်ကုသရမည့် နည်းလမ်းများနှင့် ပတ်သက်၍လည်း ဟောပြောခဲ့ကြောင်းသိရသည်။

ဆွေးနွေးပွဲသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာအထောက်အကူပြုကော်မတီဝင်များ စုစုပေါင်း ၁၀၉ ဦး တက်ရောက်ခဲ့ကြပြီး သရက်တော၊ လက်ပံပျား၊ ပွေးကျစ်ကျေးရွာအုပ်စု ရှေ့တန်းစခန်းများတွင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

MINN KYAN SITT TRAVELS & TOURS
အမှတ်(၆၆)၊ အခန်း(၃၀၁)၊ ၃လွှာ၊ သုမင်္ဂလာလမ်း၊ ၈ဝန်၊ သဃ်န်းကျွန်း။
ဖုန်း-၀၁ ၅၆၆၇၁၃-၇၁၄ ၊ ၀၉ ၂၅၄၂၆၃၃၅၇ ၊ ၀၉ ၄၆၃၁၈၆၂၀
ပုဂံ (ရွှယ်တော်လေးဆူ)-ပုပ္ပါး Feb 20
တောင်ကြီး-အင်းလေး Feb 20
မန္တလေး-ပြင်ဦးလွင်-စစ်ကိုင်း-မုံရွာ Feb 20
ကျိုင်းတုံ-တာချီလိတ်-မယ်ဆိုင် Feb 20
မြိတ်-အကောက်တောင်(နေ့ချင်းပြန်) Feb 14, 28
ဘားအံ-ဘီးလင်း-မဲလ်တောင်(နေ့ချင်းပြန်) Feb 14, 28
ကျိုက်ထီးရိုး (နေ့ချင်းပြန်) Feb 14, 28
အကောက်တောင် (နေ့ချင်းပြန်) Feb 14, 28
နေပြည်တော် (နေ့ချင်းပြန်) Feb 14, 28
လစဉ်ပုံမှန်ခရီးစဉ်များ ရှိပါသည်။
ချောင်းသာ အထူးခရီးစဉ် Feb 13
ပန်ကောက် ➤ စင်္ကာပူ ➤ ဗီယက်နမ် ➤ ကမ္ဘောဒီးယား ➤ ချင်းမိုင်-ချင်းရိုင်
မဟာဗုဒ္ဓဂယာ ➤ မတ် ၇ ၊ ဧပြီ ၄ (သင်္ကြန်ပိတ်ရက် အထူးခရီးစဉ်)
(၁၄ ညအိပ် ၁၅ ရက်)
သံဝေဇနီယလေးဌာန+အဝိဓေဟိတလေးဌာန+နယူးဒေလီ+တပ်ချ်မဟာ+(အိန္ဒိယ+နီပေါ)
* အမှတ်တရလက်ဆောင်များနှင့် မှတ်တမ်းတင်အခွေများမေတ္တာလက်ဆောင်ပေးပါမည်။
* ခရီးစဉ်တွင် (၁၅)ဦးနှင့်အထက်စုစည်းလိုက်ပါလျှင် (၁)ဦးအခမဲ့ပို့ဆောင်ပေးပါမည်။
* ပတ်စ်ပို့ရှိသူများအတွက် (၃၀၀၀၀ ကျပ်) ပြန်လျှော့ပေးပါမည်။
* လိုက်ပါလိုသူများ တစ်လကြိုတင်စာရင်းပေးသွင်းရန် မေတ္တာရပ်ခံပါသည်။
E-mail: info@minnkyansitt-travels.com, Website: www.minnkyansitt-travels.com Facebook: www.facebook.com/minnkyansitttravelsandtours

ရွှေနဂါး ခရီးသွားလုပ်ငန်း
Scania,Volvo,Yutong အဆင့်မြင့်ကားများဖြင့်
❖ ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်)
❖ ငွေဆောင်(သောကြာ) ကားစီးလုံးငှားသည်။
Ph: 209077, 209388, 09-73167000, 09-73168000

မြေကွက်ဝယ်လိုသည်
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း
09 250644566
09 255781353
09 254046497

ဝယ်လိုသည်
Second hand အဲယားကွန်း၊ မီးအားမြှင့်စက်များဝယ်သည်။
ဖုန်း-၀၉-၇၃၀၆၅၅၆၂ (ကိုသစ္စာ)

ဟိုက်ဒြောလစ်/လေဖိအား
Full Auto အုတ်ရိုက်စက်
PH:09 731 99 410
09420035882, 73199257

(၁၅)ကြိမ်မြောက် (၁၉၆၈-၁၉၇၂) ခုနှစ်
ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်
မြန်မာစာ (အဓိက)
ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။
နေ့ရက် - ၈-၂-၂၀၁၅ (တနင်္ဂနွေနေ့)
အချိန် - နံနက် (၉း၀၀) နာရီမှ (၁၁း၀၀)နာရီထိ
နေရာ - M-3 Food Centre

ခင်
ဆာဘော်လီ
စိတ်တိုင်းကျ၍ စိတ်ချမ်းသာစေရပါမည်။
မိတ်ဟောင်း၊ မိတ်သစ်များအား ကျေးဇူးအထူးတင်ပါသည်။
ပင်ရင်း အမှတ်(၅၄)၊ နိဗ္ဗာန်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊
ဖုန်း ၀၁-၅၁၇၀၉၂၊ ၀၉-၇၃၁၂၇၁၁၉

အသိပေးခြင်း
သဘာဝမြေပဲဆီသန့်နှင့် ဆန်ရောင်းဝယ်ရေးလုပ်ငန်းမှ အရောင်းတာဝန်ခံဖြစ်သူ ဦးသိန်းထူးအောင် မှတ်ပုံတင်အမှတ် [၁၂/မဂဒ(နိုင်)၁၄၃၃၉၅]သည် ဆီနှင့် ဆန်များရောင်းချရငွေများ ကောက်ခံပြီး ရုံးသို့ ပြန်လည်ပေးသွင်းခြင်းမပြုဘဲ ရှောင်တိမ်းနေပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ဖြေရှင်းပေးရန်နှင့် မဖြေရှင်းပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။
သဘာဝမြေပဲဆီနှင့်ဆန်ရောင်းဝယ်ရေးလုပ်ငန်း

ကိုယ်ပိုင်အထက်တန်းကျောင်း မှတ်ပုံတင်နံပါတ်-ကက-၁၃/၁၉/၀၂၉
ပိုလ်မှူးကြီးသန်းမြင့် (ငြိမ်း) B.A တည်ထောင်အုပ်ချုပ်သည့်
ပင်လုံနှင်းဆီ
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် (ဘော်ဒါ)
(မူလတန်း / အလယ်တန်း / အထက်တန်း)
● ပညာရေးမှူး(ငြိမ်း)ဆရာမကြီးမှ အနီးကပ် ကြီးကြပ်အုပ်ချုပ်သူအဖြစ် တာဝန်ယူထားပါသည်။
● ပညာရေးဝန်ကြီးဌာနမှ တရားဝင်ခွင့်ပြုထားသော ကိုယ်ပိုင်ဆရာမှတ်ပုံတင်လက်မှတ်ရ အတွေ့အကြုံရင့် (Ph.D, B.Ed, M.Sc, M.A, ဆရာအတတ်သင်ဆင်း) ဆရာ/ဆရာမများမှ စာသင်ခန်းအတွင်းတစ်ထိုင်တည်းရအောင် သင်ကြားပေးပါသည်။ (ကျူရှင်ထပ်မံယူစရာ မလိုပါ)
● ဂုဏ်ထူးဦးအောင်နိုင် (အင်္ဂလိပ်စာ) နှင့် ပါမောက္ခ ၊ တွဲဖက်ပါမောက္ခ၊ ကထိကများ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ နှင့်လည်း ထပ်ဆောင်းသင်ကြားပေးပါသည်။
● Study Guide များ နှင့် တစ်နေ့တာတစ်နေ့ အပြီးကျက်မှတ်ပေးပါသည်။
● တိုင်းနှင့်ပြည်နယ်စာမေးပွဲ မေးခွန်းဟောင်းများကို နေ့စဉ်၊ အပတ်စဉ်၊ လစဉ် လေ့ကျင့်ဖြေဆိုစေပါသည်။
● အဆင့်မြင့်ဆိတ်ငြိမ် လုံးချင်းအိမ်ရာတွင် ကျောင်းသား/ကျောင်းသူ သီးသန့်စီ လုံးချင်းနှစ်ထပ်တိုက်များ၊ ခုတင်၊ မွေ့ယာ၊ စောင်၊ ခြင်ထောင်၊ ခေါင်းအုံး၊ ပန်ကာ၊ လေအေးပေးစက်၊ ၂၄နာရီလျှပ်စစ်မီး၊ ကိုယ်ပိုင်အစီစဉ်ဖြင့်ပြီးပြည့်စုံ အဆင့်မြင့် သောဝန်ဆောင်မှုဖြစ်ပါသည်။
● တည်ထောင်အုပ်ချုပ်သူနှင့် ဇနီးဖြစ်သူဒေါ်နီနီစိုး(B.Agri) မှကလေးများ၏ပညာရေး၊ စားဝတ်နေရေး၊ လူမှုရေး၊ စည်းကမ်းထိန်းသိမ်းရေးကိစ္စအဝဝကို အနီးကပ်ကြီးကြပ်၍ မိဘများသဖွယ် စောင့်ရှောက်ပေးပါသည်။
● ကျန်းမာရေးအတွက် ဆရာဝန်ထား၍ စောင့်ရှောက်ပေးပါသည်။
● နေ့ကျောင်းသားများအတွက် Ferry ကားများ စီစဉ်ပေးပါသည်။
● တက္ကသိုလ်ဝင်တန်းအတွက် Scholar ပေးမည်ဖြစ်ပါ၍ စုံစမ်းလျှောက်ထားနိုင်ပါသည်။
● 2013-2014 ပညာသင်နှစ်တွင် (၆)ဘာသာဂုဏ်ထူးရှင်(၁)ဦး၊ (၅)ဘာသာဂုဏ်ထူးရှင်(၃)ဦး၊ (၄)ဘာသာဂုဏ်ထူးရှင်(၅)ဦး နှင့် ဂုဏ်ထူးရှင်များစွာ မွေးထုတ်ပေးခဲ့ပါသည်။
၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွက် ဘော်ဒါကျောင်းသား/သူများလက်ခံနေပါပြီ
- အမှတ်(၆၅)၊ ဘုရင့်နောင်လမ်းမကြီး၊ ရွှေပင်လုံအဆင့်မြင့်အိမ်ရာ၊ အမှတ်(၆၆-ခ)၊ နှင်းဆီလမ်း၊ ရွှေပင်လုံအဆင့်မြင့်အိမ်ရာ (Rose Park II)၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။
Ph : 01-580396, 01-581668, 09-87 92106, 09-2400261, 09-43193522

ပြည်တွင်းရေးရာ

# လွိုင်လင်မြို့နယ် ပါဟုတ်နှင့် ခဲလောင်းကျေးရွာများတွင် မြေသားလမ်းဖောက်လုပ်

**လွိုင်လင်၊ ဇန်နဝါရီ ၂၃**

လွိုင်လင်မြို့နယ် ပါဟုတ်ခဲလောင်းကျေးရွာများတွင် ကျေးလက်မြေသားလမ်း အရှည် ငါးမိုင်ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၇၂ ဒသမ ၇၅၀ သန်းဖြင့် Golden Majesty Co;Ltd မှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၅ ရက် အထိ မြေသားလမ်းအူကြောင်း ငါးမိုင်အထိ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်းသိရသည်။

ယခုနှစ် မိုးမကျမီ မြေသားလမ်းအချောကို အပြီးဆောင်ရွက်သွားမည်ဖြစ်ပြီး မကြာမီကာလတွင် ဒေသခံ ကျေးလက်ပြည်သူများသည် ဒေသထွက်ကုန်ပြောင်းနှင့် ပဲမျိုးစုံတို့ကို လွယ်ကူချောမွေ့စွာဖြင့် မြို့ပေါ်ရှိအဝယ်ဒိုင်များဆီသို့ တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်သည်။

"ကျွန်တော်တို့ငယ်ငယ်ကတည်းက ဒီရွာကနေ ကားလမ်းပေါ်ရောက်ဖို့ ငါးမိုင် ၊ကားလမ်းပေါ်ကနေ မြို့ပေါ်ကို ရှစ်မိုင် စုစုပေါင်း ၁၃ မိုင်ကို တစ်နေကုန်အောင်လမ်းလျှောက်သွားပြီး ဈေးဝယ် ဈေးရောင်းရပါတယ်။ နောက်ပိုင်းမှာ ဆိုင်ကယ်တွေပေါ်လာတော့ နည်းနည်းသက်သာသွားတယ်။ ကားလမ်းမရှိတော့လူသွားလမ်းကနေ သွားရတော့ခက်ခဲပါတယ်၊ ရွာကကလေးတွေဆိုရင်ကားကိုမမြင်ဖူးကြဘူး။ အခုကားလမ်းဖောက်ပေးတော့ ကားတွေလဲမြင်ဖူးလာပြီ။ ကျွန်တော်တို့ လယ်ကထွက်တဲ့စပါး၊ တောင်ယာခြံတို့ကထွက်တဲ့ ပြောင်း၊ ပဲစတာတွေဟာ အခုဆိုရင်မြို့ပေါ်ကိုအလွယ်တကူ သွားရောင်းလို့ရပါပြီ" ဟုဒေသခံတောင်သူတစ်ဦးက ပြောသည်။

အဆိုပါ ခဲလောင်း၊ပါဟုတ်ကျေးရွာများအတွက် အရင်းမပျောက်မတည်ငွေ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေကျပ်သိန်း၃၀၀ ကိုလည်း ခွင့်ပြုချထားပေးထားသောကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်နောင်ထွေးနှင့် ဝန်ထမ်းများသည် ကျေးရွာအရောက်ကွင်းဆင်း၍ ဒေသခံများကိုယ်တိုင် ရွေးချယ်တင်မြောက်ထားသည့် မြစိမ်းရောင်စီမံကိန်းကော်မတီသို့ ခွင့်ပြုရန်ပုံငွေများကို ဒေသခံများကိုယ်တိုင် စီမံဆောင်ရွက်နိုင်ရန် ဇန်နဝါရီ ၁၅ရက်က လွှဲပြောင်းပေးအပ်ခဲ့သည်။



အဆိုပါမြစိမ်းရောင်စီမံကိန်းရန်ပုံငွေသည် လွိုင်လင်မြို့နယ်တွင် ပထမဦးဆုံး ရရှိသည့် ကျေးရွာများဖြစ်ပြီး မြစိမ်းရောင်ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တွင်ကျယ်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကာ ခဲလောင်း၊ပါဟုတ် ကျေးရွာများသည် ယခင်နှင့်မတူ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။

အဆိုပါ ခဲလောင်း၊ ပါဟုတ်ကျေးရွာများတွင် အိမ်ခြေ ၂၂၉ အိမ်ရှိပြီး လူဦးရေ၁၆၉ ဦး နေထိုင်ကြကာလယ်နှင့် တောင်ယာလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ကြသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် တောင်ပေါ်ဒေသများတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလမ်းတံတားများဖောက်လုပ်ပေးခြင်း၊ မြစိမ်းရောင်စီမံကိန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ **မိုးလွင်ဦး(လွိုင်လင်)**

## ကော့မှူးတွင် ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

**တွံတေး၊ ဇန်နဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ဆူးကလပ်ရေကျော်ကျေးရွာတွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ၂၁ရက်ညနေ၄နာရီခွဲက အဆိုပါကျောင်း၌ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းထွန်းနိုင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန်းထိုက်တို့က အမှာစကားပြောကြားပြီး ဂျပန်နိုင်ငံစစ်သံမှူး မစ္စတာမာရိုရာမားက ကျောင်းဆောင်သစ်ဆောက်လုပ်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။

ထို့နောက်ဂျပန်စစ်သံမှူး မာရိုရာမားက ဒုတိယမြို့နယ်ပညာရေးမှူးအား ကျောင်းဆောင်သစ်ဆိုင်ရာစာရွက်စာတမ်းများလွှဲပြောင်းပေးအပ်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါက်တာခင်ရွှေက ကျောင်းသား၅၉၈ဦးအတွက် ဗလာစာအုပ်ဒါဇင် ၉၀ ပေးအပ်လှူဒါန်းခဲ့သည်။

အဆိုပါကျောင်းဆောင်သစ်အား ဂျပန်အစိုးရနှင့်ပြည်သူတို့၏ထောက်ပံ့ငွေဖြင့်ကျောင်းအဆောက်အအုံဆက်စပ်ပစ္စည်းများကို၂၀၁၃ခုနှစ်အသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ်အရ အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်းသိရသည်။ အဆိုပါကျောင်းဆောင်မှာအလျားပေ ၁၂၀၊ အနံပေ ၃၀၊အမြင့် ၁၂ပေ အာစီတစ်ထပ်ကျောင်းဆောင်ဖြစ်ကြောင်းသိရသည်။

**မျိုးလှိုင်(တွံတေး)**

## ၂၀၁၅ ခုနှစ်ဇန်နဝါရီအတွင်း ခရီးသည်များတိုင်ကြားလာမှု၈၀ကျော်ရှိနေ

**ရန်ကုန်၊ ဇန်နဝါရီ ၂၃**

ယခုနှစ်ဇန်နဝါရီလအတွင်း ယာဉ်လိုင်းများသို့ခရီးသည်များမှတိုင်ကြားလာမှုပေါင်း ၈၀ ကျော်ရှိနေကြောင်း ဇန်နဝါရီ ၂၂ရက်က ကျင်းပသည့် မထသ(ဗဟို) မီဒီယာတွေ့ဆုံပွဲမှ သိရသည်။

ဇန်နဝါရီ ၁ ရက်မှ ၁၈ ရက်အတွင်းတွင် တိုင်ကြားမှုပေါင်း ၈၄ မှုရှိသည့်အနက် ယာဉ်စီးခပိုတောင်းခြင်းကြောင့်တိုင်ကြားလာမှုသည် ၆၁မှုဖြင့် အများဆုံးဖြစ်နေပြီး မချေမငံရိုင်းပျစွာ ဆက်ဆံခြင်းကြောင့် တိုင်ကြားလာမှုသည် ၁၃မှုဖြင့် ဒုတိယအများဆုံး တိုင်ကြားလာသော အမှုများဖြစ်နေကြောင်း သိရသည်။

သတ်မှတ်လမ်းကြောင်းအတိုင်း မမောင်းခြင်းကြောင့်တိုင်ကြားသောအမှုတစ်မှု၊ သတ်မှတ်မှတ်တိုင်တွင် ရပ်မပေးခြင်းကြောင့် တိုင်ကြားမှုငါးမှု၊ ဂိတ်စဂိတ်ဆုံးမမောင်းခြင်းကြောင့်တိုင်ကြားမှုတစ်မှု၊ မဆင်မခြင်မောင်းနှင်ခြင်းကြောင့် တိုင်ကြားမှု နှစ်မှုပါဝင်ခဲ့ကြောင်းသိရသည်။

"တိုင်ကြားလာတဲ့အပေါ်မှာစိစစ်ပြီး အစိုးရအဖွဲ့ကအသိအမှတ်ပြုထားတဲ့ ၁၃၈ချက်နဲ့အညီ အရေးယူဆောင်ရွက်မှု တွေပြုလုပ်နေပါတယ်"ဟု မထသ(ဗဟို)ဥက္ကဋ္ဌ ဦးလှအောင်ကပြောသည်။ ထိုတိုင်ကြားမှုများအနက် အမှုပေါင်း ၂၈ မှုသည် မထသ(ရန်ကုန်တိုင်းဒေသကြီး)အောက်တွင်ရှိသော ယာဉ်လိုင်းများကို တိုင်ကြားလာခြင်းဖြစ်သလို မထသ(အရှေ့ပိုင်းခရိုင်)အောက်ရှိ ယာဉ်လိုင်းများသို့တိုင်ကြားမှု ၁၀မှု၊ မထသ(အနောက်ပိုင်းခရိုင်)အောက်ရှိ ယာဉ်လိုင်းများသို့တိုင်ကြားမှု ၂၃ မှု၊ မထသ (တောင်ပိုင်းခရိုင်)အောက်ရှိ ယာဉ်လိုင်းများသို့တိုင်ကြားမှုတစ်မှု၊ မထသ(မြောက်ပိုင်းခရိုင်)အောက်ရှိ ယာဉ်လိုင်းများသို့တိုင်ကြားမှုခုနစ်မှု၊ သန်မြန်သူလိုင်းရှိ ယာဉ်လိုင်းများသို့တိုင်ကြားမှု ၁၀မှု၊ ဗန္ဓုလ(ပါရမီ)လိုင်းရှိ ယာဉ်များသို့တိုင်ကြားမှုနှစ်မှု၊ ရွှေရန်ကုန်လိုင်းရှိ ယာဉ်များသို့တိုင်ကြားမှုနှစ်မှု၊ ကန္ဒာရဝတီယာဉ်လိုင်းမှ ယာဉ်များသို့တိုင်ကြားမှုတစ်မှု ပါဝင်ခဲ့ကြောင်းသိရသည်။

ယခုနောက်ပိုင်းတွင် ဟိုင်းလတ်များအစား အစားထိုးပြေးဆွဲလာသောမီနီဘတ်စ်ယာဉ်လိုင်းများနှင့် ပတ်သက်၍လည်း တိုင်ကြားမှုများရှိလာကြောင်း၊ အဆိုပါမီနီဘတ်စ်ယာဉ်လိုင်းများတွင်ခရီးစဉ်တစ်ဖြတ်လျှင်ငွေကျပ် ၅၀ နှုန်းဖြင့် ပိုင်းဖြတ်ကောက်ခံရန်သတ်မှတ်ထားသော်လည်း အတက်အဆင်း ငွေကျပ်၂၀၀ဖြင့်တောင်းခံနေခြင်း၊ ခေါင်းခန်းခ ဟုဆိုကာငွေကျပ် ၅၀၀ တောင်းခံနေခြင်းကြောင့် ခရီးသည်များမှတိုင်ကြားလာခဲ့ကြခြင်းလည်း ဖြစ်သည်။

"အဲကွန်းဖွင့်ပေးတာ မဖွင့်ပေးတာတော့ မထသက ဘာမှ မညွှန်ကြားထားဘူး၊ ပုံမှန်အတိုင်းပဲ၊ ခရီးစဉ်ပိုင်းဖြတ်မှုအတိုင်းပဲကောက်ခံဖို့ပဲညွှန်ကြားထားတာပါ၊ အဲယားကွန်းဖွင့်ပေးတယ်ဆိုပြီးတော့ ပိုတောင်းတာမျိုး ခွင့်မပြုဘူး" ဟု ၎င်းကဆက်လက်ရှင်းပြခဲ့သည်။ **ထက်နိုင်(စမ်းချောင်း)**


မန္တလေး-ရန်ကုန်ဗုဒ္ဓတက္ကသိုလ် တည်ထောင်သူ-ပါမောက္ခချုပ်ဆရာကြီး ဦးမြင့်ဆွေ (မဟာဝိဇ္ဇာ-လန်ဒန်) သာသနဇောသိရီပဝရဓမ္မာစရိယ၊ မဟာသဒ္ဓမ္မဇောတိကဓဇ၏ ကွယ်လွန်ခြင်း တစ်နှစ်ပြည့်အထိမ်းအမှတ်ပြုပွဲ ဆွမ်းဆက်ကပ်လှူဒါန်းအမျှဝေခြင်းနှင့် ကျောင်းသားဟောင်းများ တွေ့ဆုံပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်သဖြင့် အောက်ပါ အစီအစဉ်အတိုင်း ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - (၁၃၇၆ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်) ၄-၂-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့)

အချိန် - မွန်းလွဲ ၁ နာရီမှ ၄ နာရီအထိ

နေရာ - ရန်ကုန်ဗုဒ္ဓတက္ကသိုလ်၊ သာဓုပရိယတ္တိစာသင်တိုက်၊ နတ်စင်လမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။

အလှူငွေများကို အောက်ပါ ဖုန်းနံပါတ်များနှင့် ကမ္ဘောဇဘဏ်စာရင်းအမှတ် ၁၂၂၁၂၂၀၀၀၄၅၇၂ တွင် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဖုန်း-၀၉-၇၃၀၁၆၆၄၄၊ ၀၉-၄၅၀၀၂၈၀၉၉၊ ၀၉-၄၄၈၀၁၆၁၄၀၊ ၀၉-၇၃၂၃၁၉၇၆

မှတ်ချက် - ရန်ကုန်ဗုဒ္ဓတက္ကသိုလ် ကျောင်းသားဟောင်းများ ဖိတ်စာ/ပင့်စာ ရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်။

အခမ်းအနားဖြစ်မြောက်ရေးအဖွဲ့
ရန်ကုန်ဗုဒ္ဓတက္ကသိုလ်



**အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၄-၁-၂၀၁၅ ရက်တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၅ ဖြင့် မိုးကုတ်မြို့၊ မြို့မရပ်နေ သုဓမ္မမဏိဇောတဓရ သီဟသုဓမ္မမဏိဇောတဓရ ဦးနန္ဒ (နာယက - ဥက္ကဋ္ဌ နေပါလီဂေါ်ရခါး ဓမ္မသာလ၊ မန္တလေး)အား သိရီသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်တော်ကို ထိုက်တန်စွာ ချီးမြှင့်အပ်နှံခြင်းခံရသည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ နေပါလီ(ဂေါ်ရခါး) ဓမ္မသာလ အကျိုးဆောင်အဖွဲ့မှ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်တွင်လည်း သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံနှင့်လူမျိုး၊ ဘာသာ၊ သာသနာအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

နေပါလီ (ဂေါ်ရခါး) ဓမ္မသာလ ဓမ္မာရုံ
အကျိုးဆောင်အဖွဲ့၊ မန္တလေး




# အပြိုင်အဆိုင်ဝန်ဆောင်မှု

aeZmZmxGalu;r)kd

ယနေ့ ၂၁ ရာစုခေတ်ကြီးတွင် လူသားတို့၏ တီထွင်ဆန်းသစ်မှုကြောင့် တိုးတက်ပြောင်းလဲလာရုံမျှမက နည်းပညာအသစ်အဆန်းများ သူ့ထက်ငါ အပြိုင်အဆိုင် ထုတ်လုပ်ရောင်းချကာ သုံးစွဲသူများအား ဝန်ဆောင်မှုများဖြင့် ပြန်တည်တုံ့ပြန်လာသည်ကို တွေ့ကြရမည်ဖြစ်သည်။ ယနေ့ဆိုလျှင် ပြည်သူများ မျှော်လင့်တောင့်တခဲ့ကြရသည့် ဖုန်းအိပ်မက်လေးများမှာ အမှန်တကယ် အကောင်အထည်ပေါ်လာရုံမျှမက ရွေးချယ်ဝယ်ယူခွင့်များကိုပါ ရရှိလာပြီဖြစ်သည်။ ဤသည်မှာ တိုးတက်မှု၏ လမ်းစပင်ဖြစ်ပေသည်။

တစ်ချိန်က မြန်မာ့ဆက်သွယ်ရေးမှ ဆင်းမ်ကတ်တစ်ကတ်လျှင် ငွေကျပ် သိန်း ၂၀၊ ၃၀ ဝန်းကျင် ပေးဝယ်ခဲ့ကြရရာမှ ယခုအခါ တဖြည်းဖြည်းလျော့ကျလာရာ ငွေကျပ် နှစ်သိန်းမှ ငွေကျပ် ၁၅၀၀ဖြင့်ပင် ဝယ်ယူနိုင်ပြီဖြစ်သည်။ ၂၀၁၄ခုနှစ်အတွင်း ပြည်ပဆက်သွယ်ရေးကုမ္ပဏီနှစ်ခုဖြစ်သည့် အော်ဒီဒူးနှင့် တယ်လီနောတို့ဈေးကွက်အတွင်း ထပ်မံထိုးဖောက်ဝင်ရောက်လာခဲ့သည်။ ယင်းကဲ့သို့ ဆက်သွယ်ရေးဈေးကွက်အတွင်း အပြိုင်အဆိုင်ပေါ်ထွက်လာခြင်းသည် ပြည်သူတို့စိတ်ကြိုက် ရွေးချယ်ဝယ်ယူနိုင်ရန် အခွင့်အလမ်းကောင်းတစ်ရပ်ပင်ဖြစ်သည်။

ဈေးကွက်စီးပွားရေးစနစ်အရ လွတ်လပ်စွာယှဉ်ပြိုင်ထုတ်လုပ်လာခြင်းဖြင့် ပြည်သူများ ရွေးချယ်ဝယ်ယူနိုင်ခွင့် ပိုမိုရရှိလေပင်ဖြစ်သည်။ ကုန်ပစ္စည်းထုတ်လုပ်တော့မည်ဆိုလျှင် ထိုပစ္စည်း၏ အမှတ်တံဆိပ်သည် သုံးစွဲသူပြည်သူများသိရှိရန် ဦးစွာအရေးပါပေသည်။ ၎င်းနောက်မှဆက်စပ်၍ ထိုပစ္စည်းသည် သုံးစွဲသူများအား မည်မျှဝန်ဆောင်မှုပေးနိုင်မှု အပေါ်တွင် များစွာမူတည်လျက်ရှိသည်။ ထုတ်လုပ်မှုပစ္စည်း၏ ဈေးနှုန်းပြိုင်ဆိုင်မှုဖြင့် ဝန်ဆောင်မှုပေးရုံမျှမက အရည်အသွေးပိုင်းသည်လည်း အဓိကလုပ်ဆောင်ရမည့်ပြိုင်ဆိုင်မှုတစ်ရပ်ပင်ဖြစ်ပါသည်။ ထို့ပြင် နာမည်ကြီး အမှတ်ကုန်ပစ္စည်းများသည် ဈေးနှုန်းယှဉ်ပြိုင်ရုံမက အရည်အသွေးပိုင်းကိုပါ ဆက်လက်မြှင့်တင်ထိန်းသိမ်းရင်း အသစ်အသစ်သော သုံးစွဲသူများကို ဆွဲဆောင်လျက်ရှိသည်။



ယနေ့တွင် ပြည်သူများမက်ခဲ့ရသည့် ဖုန်းအိပ်မက်လေးများ အကောင်အထည်ပေါ်နေပြီဖြစ်သကဲ့သို့ ယခုလက်ရှိတွင်လည်း ပြည်သူများ၏ရင်ထဲနှင့် ပြည်သူများ၏ နှုတ်ဖျားတွင် ဆက်လက်စွဲထင် ရေပန်းစားနေဆဲပင်ဖြစ်သည်။ ယခုနှစ် အစောပိုင်းတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ဝန်ဆောင်မှု အပြောင်းအလဲတစ်ခုအဖြစ် ဆွေသဟာအစီအစဉ်သစ်ဖြင့် ဖုန်းသုံးစွဲသူပြည်သူများအား ထပ်မံဆွဲဆောင်လာခဲ့သည်။ ထိုအစီအစဉ်သစ်၏နောက်တွင် သုံးစွဲလသူပြည်သူများအကြား ဝေဖန်မှုအမျိုးမျိုး ပေါ်ထွက်လာခဲ့သည်။



> **ဈေးကွက်ယှဉ်ပြိုင်မှုအဖြစ် အသစ်အသစ်သော ဝန်ဆောင်မှုများသည် သုံးစွဲသူပြည်သူများအား အာရုံဖမ်းစားစေသည့် စွဲဆောင်မှုတစ်ခုပင်ဖြစ်**

ပြည်သူများ၏ ဝေဖန်မှုများကို ဆန်းစစ်အဖြေရှာရင်း ဈေးကွက်ပြိုင်ဆိုင်မှုကိုထိုးဖောက်ကာ ထုတ်ကုန်အမှတ်တံဆိပ် အဖြစ်သုံးစွဲသူ ပြည်သူများ လက်ဝယ်သို့ အရောက် ပို့နိုင်ပါက အောင်မြင်သောဈေးကွက်ကို ပိုင်ဆိုင်နိုင်မည် ဖြစ်သည်။ ဈေးကွက်ပြိုင်ဆိုင်မှု စနစ်အရထုတ်ကုန်ပစ္စည်းထုတ်လုပ်မှု အောင်မြင်မှု၊ မအောင်မြင်မှုသည် သုံးစွဲသူ ပြည်သူများအပေါ်တွင် များစွာမူတည်နေပါသည်။ ဆက်သွယ်ရေးကဏ္ဍတွင်ပြိုင်ဆိုင်မှုများ ပြင်းထန်လာရာ လွတ်လပ်စွာရွေးချယ် ဝယ်ယူနိုင်ခွင့်များ၏ ရလဒ်များနောက်တွင် ဖုန်းနှင့်အကျွမ်းတဝင်ရှိလာလေ သုံးစွဲမှုတန်ဖိုးလည်း ပိုမိုနားလည်သိရှိလာလေဖြစ်သည်။ ပစ္စည်းသုံးစွဲမှုတန်ဖိုး ပိုမိုသိရှိလာမှုနှင့် အတူဝေဖန်ဆန်းစစ်နိုင်စွမ်းများ၊ ရွေးချယ်ဝယ်ယူနိုင်စွမ်းများ ပိုမိုရှိလာမည်ဖြစ်သည်။ ဈေးကွက်ယှဉ်ပြိုင်မှုအဖြစ် အသစ်အသစ်သော ဝန်ဆောင်မှုများသည် သုံးစွဲသူပြည်သူများ အာရုံကို ဖမ်းစားစေနိုင်သည့် စွဲဆောင်မှုတစ်ခုပင်ဖြစ်သည်။ ထိုသို့ပြောင်းလဲမှုများနှင့် အာရုံစိုက်မှုများ နောက်တွင် ဝေဖန်မှုများဆက်လက်ဖြစ်ပေါ်တတ်သည်မှာလည်း လူတို့၏ သဘာဝပင်ဖြစ်သည်။ မိမိတို့ထုတ်ကုန်များကို သုံးစွဲသူပြည်သူများ၏ အဆန်းစစ်ခံပြီးကောင်းမွန်သော ဝန်ဆောင်မှုများ ပေးခြင်းဖြင့်အောင်မြင်သော ဈေးကွက်ကို ပိုင်ဆိုင်နိုင်မည်ဖြစ်သည်။

ပြည်သူကို ဗဟိုပြု၍ ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်နေချိန်တွင် ပြည်သူများအား အာရုံဖမ်းစားနိုင်ဆဲ ပြည်သူ့လိုအပ်ချက်ဖြစ်သည့် မိုဘိုင်းဖုန်းကဏ္ဍကို နှစ်ဦးနှစ်ဖက်မျှတသည့် ဝန်ဆောင်မှုကောင်းများဖြင့် အောင်မြင်သော ဈေးကွက်ကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။ မိုဘိုင်းဝန်ဆောင်မှု အပြိုင်အဆိုင်များကြားမှ ပြည်သူများ၏ လိုအင်ဆန္ဒအတွက် နောက်ထပ်မည်ကဲ့သို့ ဝန်ဆောင်မှုကောင်းများ ဖန်တီးပေးဦးမလဲဆိုတာကို မိဘပြည်သူများအားလုံးက ရင်ခုန်စိတ်လှုပ်ရှားစွာဖြင့် စောင့်မျှော်လျက်။ ။


## ကိုးဘွဲ့ရရိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာခံယူပါ။

နိုင်ငံကျော် ဓမ္မကထိက၊ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရအရှင်သူမြတ် တည်ဆောက်သော ဝိပဿနာရိပ်သာ၌ (၁) မြေ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၂)ကျောင်း ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၃)သိမ် ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၄)ဘုရားစေတီ ငါးပေပတ်လည် ငါးသောင်းကျပ်၊ (၅)အုတ်တံတိုင်း ဆယ်ပေတစ်ခန်း ငါးသောင်းကျပ်၊ (၆)ပစ္စည်းလေးပါးပဒေသာပင် ငါးသောင်းကျပ်နှုန်းဖြင့်-ရန်ကုန်၊ မြောက်ဒဂုံ၊ (၄၂)ရပ်ကွက်၊ ဝိလ်မှူးဝထူးလမ်း၊ ကိုးဘွဲ့ရကျောင်းသို့ဖြစ်စေ၊ အရှင်အာစာရာလင်္ကာရ-မြောက်ဥက္ကလာ ကမ္ဘောဇဘဏ်၊ အကောင့်နံပါတ် ဝ၇ဝ-၁၂-၁ဝဝ-၇၃-၇၃၃ သို့ဖြစ်စေ လှူဒါန်းနိုင်ကြပါပြီ။ (ဖုန်း ၀၉ ၂၁-၁၁ ၃၀၅၊ ၀၉ ၄၂-၁၁ ၄၃ ၃၈၆၊ ၀၉ ၄၄ ၀၀၀ ၁၄၁၄)

## ရန်ကုန်ဂေါက်အသင်း(တည်းကုန်း)

ဖုန်း-၀၉-၇၃၂၃၀၆၇၈၊ ၀၉-၇၃၂၅၄၈၃၅၊ ၀၉-၂၅၀၃၇၁၁၄၆

ရန်ကုန်ဂေါက်အသင်း(တည်းကုန်း)၏ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် ၂၀၁၄-၂၀၁၅ခုနှစ်များအတွက် အလုပ်အမှုဆောင်ကော်မတီဝင်အသစ် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို ၂၀၁၅ခုနှစ်၊ ဖေဖော်ဝါရီလ ၈ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရန်ကုန်ဂေါက်အသင်းအစည်းအဝေးခန်းမဆောင်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များအားလုံး မပျက်မကွက် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

၂၀၁၄-၂၀၁၅ခုနှစ်များအတွက် အလုပ်အမှုဆောင်ကော်မတီဝင်အသစ် ရွေးချယ်တင်မြှောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံမည့် အသင်းသားများသည် လျှောက်လွှာကို မိမိကိုယ်တိုင်လက်ရေးဖြင့်ရေးသားပြီး အခြားအသင်းသား(၂)ဦး၏ ထောက်ခံချက်နှင့်အတူ အတွင်းရေးမှူး၊ ရန်ကုန်ဂေါက်အသင်းသို့ ၂၉-၁-၂၀၁၅(ကြာသပတေးနေ့) နောက်ဆုံးထား ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ရန်ကုန်ဂေါက်အသင်း
(တည်းကုန်း)

## ဗောဓိထူး အပြည်ပြည်ဆိုင်ရာခရီးသွားလုပ်ငန်း

**ဗုဒ္ဓဂယာ ခရီးစဉ်**
14ည 15ရက် ခရီးစဉ် (၉သိန်း ၉သောင်း)
7ည 8ရက် ခရီးစဉ် (၈သိန်း)
Feb 13 ခရီးစဉ်အတွက် (၁၀) ဦးသာလိုပါတော့သည်။

**ဗန်ကောက် ခရီးစဉ်**
4ည 5ရက် ခရီးစဉ်
5ည 6ရက် ခရီးစဉ်

ခရီးစဉ်များအားလစဉ်ထွက်ရှိပါမည်။ (၂ လ) ကြိုတင်စာရင်းပေးသွင်းရပါမည်။

ရန်ကုန်ရုံးချုပ်-အမှတ်(၂၆၄)၊ပန်းဆိုးတန်းလမ်း(ဂုံးတံတားအနီး)။Ph: 01-377 814, 01-378 465
မန္တလေးမြို့-အမှတ်(၁၃၅)၊၈၅လမ်း၊၃၃× ၃၄လမ်းကြား။Ph: 02-64959, 09-4311 5598
Hot Line: 09 320 777 99

ဦးကြည်စိုးသောင်း (ဆေးတက္ကသိုလ်) M.A. (English), Dip.ELTM

## Must ENGLISH LANGUAGE CENTRE

- Ph.D Entrance For Doctors and other Health Professionals
- M.Sc Entrance For Doctors and other Health Professionals
- IELTS (FOUNDATION / PREPARATION)
- FOUR SKILLS WITH GRAMMAR REVIEW
- FOUR SKILLS + VOCAB

FEBRUARY 2015 တန်းခွဲသစ်များ

English is a Must for everyone. Must is a Must for the learners of English.

32 A (ဒုတိယထပ်)ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: 09 504 3424, 09 731 52 995, 09 730 99 562

## အိမ်ခံ့မြေ

SAT , SUN နှင့် စာပေးစာယူ
ကြည်စိုး I.C ၀၉-၇၉၆ ၂၂၂၂ ၉၆

## ပိုင်ရှင်ကိုယ်တိုင် ငှားရမ်း ပေးလိုပါသည်။

- ဒေါပုံမြို့နယ်၊ ရန်ကုန်တိုင်း(နွယ်အေးရပ်ကွက်)၊ မင်းနန္ဒာလမ်းမကြီး၊ (၁)ဈေးကွေ့အနီး။
- ၂၅'×၅၀'(၂ကွက်တွဲ)၊ (၂)ထပ် ပျဉ်ထောင်အိမ် (၂)လုံးပါ။
- စုစုပေါင်းဧရိယာ (၅၀'×၅၀') ပေ။
- တစ်လ(၂၅)သိန်း။ ဖုန်း - ၀၉ ၅၂၀၀၉၅၅၊ ၀၁- ၇၀၄၃၆၂

## ကားရောင်းမည်

TOYOTA Bb 1.5/2008
6I/...White, TV
(၈၉)သိန်း
ဖုန်း-၀၉-၇၃၀၆၀၆၇၀

## အမြန်ရောင်းမည်

၁။ ပြည်လမ်းမ၊ ဒိုင်းမွန်ကွန်ဒို ၁၀လွှာ၊ ၁၆၀၀ စ/ပ၊ ပြင်ဆင်ပြီး 3A/C,Heater,Lift, 1MB,2BR, ရွှေတိဂုံဘုရား view (သိန်း ၄၅၀၀)
၂။ ပြင်ဦးလွင်၊ ရပ်ကွက်ကြီး(၁၂) မြေ ၄၀x၇၀ အုတ်တံတိုင်းခတ်ပြီး ထောင့်ကွက်၊ ငြိမ်းအေးချမ်းသာလမ်း၊ (သိန်း ၄၅၀)
Ph - 09-42-1076111

## ကြော်ငြာ

### ဂုဏာဝိသိဋ္ဌ ပူဇော်ခြင်းမင်္ဂလာ

စမ္မသုခကျောင်းတိုက် (အမေရိကန်ပြည်ထောင်စု)၊ အောင်မင်္ဂလာကျောင်းတိုက် (ပျော်ဘွယ်မြို့)၊ အမရဝတီကျောင်းတိုက် (ရန်ကုန်တိုင်းဒေသကြီး)တို့၏ ဦးစီးပဓာန နာယကဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တရေဝတ Ph.D (U.S.A)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ၂၀၁၅ခုနှစ် ဇန်နဝါရီလ(၄)ရက်နေ့တွင် '' အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ '' ဘွဲ့တံဆိပ်တော်အား ဆပ်ကပ်ပူဇော်ခြင်းခံရပါသဖြင့် ဆရာတော်၏တပည့်ဒါယကာ၊ ဒါယိကာမများမှ ဝမ်းမြောက်ဝမ်းသာ ထပ်ဆင့်ဂုဏ်ပြုပူဇော်အပ်ပါကြောင်းနှင့် ဆရာတော်အား သာသနာအကျိုး၊ ဘာသာအကျိုးကို ဆတက်ထမ်းပိုးကြီးပမ်း ဆောင်ရွက်နိုင်ပါစေကြောင်း ဆုတောင်းအပ်ပါသည်ဘုရား။

စည်သူ့ဝဏ္ဏကျော်ထင်ဦးရန်ဝင်း + ဒေါ်လွင်လွင်ဝေ
ဦးကျော်တင့် + ဒေါ်ခင်တီဦး
အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီမိသားစု

### အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ရွှေမင်းသားဖောင်ဒေးရှင်း( မြန်မာ ) အထက်မြန်မာပြည် မန္တလေးအား အမိန့်ကြော်ငြာစာအမှတ်( ၁/၂၀၁၅ ) ၁၃၇၆ခုနှစ် ပြာသိုလဆန်း ၁၅ ရက် ( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် )ဖြင့် လူမှုရေးဆိုင်ရာထူးချွန်ဆုကိုချီးမြှင့်ကြောင်း သိရှိရသည့်အတွက် မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်း၏ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် **ဦးမြတ်သူဝင်း** ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)နှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံ့အကျိုးကို ကျရာအခန်းကဏ္ဍမှ ဆက်လက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း

### အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော်မှ အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၅ ဖြင့် **ဒေါက်တာကိုကိုကြီး-ဒေါ်မိုးမိုး**တို့၏ မိခင် **ဒေါ်စန်းကြူ**သည် အဂ္ဂမဟာသီရိသုဓမ္မသီဂီဘွဲ့တံဆိပ်တော် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကျန်းကျန်းမာမာဖြင့် နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုး ဆတက်ထမ်းပိုး ဆက်လက်လှူဒါန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ပတ္တမြားမြေမိသားစုတက္ကသိုလ်ပညာသင်**
**အထောက်အပံ့အဖွဲ့**
**ရန်ကုန်၊ မန္တလေး၊ မိုးကုတ်**


ကုမ္ပဏီကြီးများ၊ လုပ်ငန်းရှင်ကြီးများမှ လူသုံးကုန် အလှကုန် စားသောက်ကုန် တိုက်ရိုက်ခင်းကျင်းပြသရောင်းချမည့်

(၅-၂-၂၀၁၅)မှ (၉-၂-၂၀၁၅) မုံရွာမြို့ကုန်စည်ပြပွဲကြီး မြို့တော်ခန်းမ

WINNER • Ph:09-5173076.09-36152320,09-250375368,09-250058306

### ကွန်ဒိုတိုက်ခန်းရောင်းမည်

၁။ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း(အပေါ်ဘလောက်)၊ (Pent-House) ထပ်ခိုးပါ ပေ(၂၀ × ၈၀) ဓာတ်လှေကားပါ၊ ပြင်ဆင်ပြီး
၂။ Star City(ကြယ်စင်အိမ်ရာ၊ သန်လျင်) ပထပ်၊ ၆၂၅ စတုရန်းပေ၊ ဓာတ်လှေကားပါ၊ မပြင်ဆင်ရသေး၊ (လူနေထိုင်ခွင့်ရပြီး)၊ Building 1
၃။ ပန်းဘဲတန်းမြို့နယ်၊ ၂၅ လမ်း (အောက်ဘလောက်)၊ (၈) လွှာ၊ ပေ(၁၂ × ၄၀)
**ဆက်သွယ်ရန်ဖုန်း-၀၉၂၅၀၉၀၉၉၉၃၊၀၉၄၉၂၂၂၁၇၇၊ ၀၉၄၂၀၀၁၀၉၉၉**

"ပျောက်ဆုံးခြင်း"
THIHA THANT HEIN MINING CO., LTD. ၏ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်အမှတ်-(ထသက-၂၂၇၀၅) ရက်စွဲ ( ၄-၁၁-၂၀၀၈ ) ကစ်ပြားမှုရင်း မှာ ပျောက်ဆုံး၍ တွေ့ရှိကပေးပို့ပါရန်။
Ph: 203023.

**Air Con**၊ မီးအားမြှင့်စက်၊ အဟောင်း၊ အပျက်၊ အလောင်များ ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၅၀၂၆၄၅၇၊ ၀၉-၇၃၀၆၉၅၈

**အများပြင်ဆင်ချက်**
Think in English
ဖုန်းနံပါတ် အမှန်မှာ
09-425026102
ဖြစ်ပါသည်။

**အမည်ပြောင်း**
ဦးအေးလွင်၏သား အ. ထ. က(၂) ဗိုလ်တထောင်၊ ပထမတန်း(A)မှ မောင်ခန့်ကျော်ဇောအား မောင်သီဟထက်ဇော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။
**မောင်သီဟထက်ဇော်**

**ဖခင် အမည်မှန်**
အ. ထ. က (၃) ရွှေပြည်သာ၊ နဝမတန်း (G) မှ စောမွန်းဘရိုက်၏ ဖခင် အမည်မှန်မှာ ဦးဆန်းထွေးဝင်း [၇/ကကန(နိုင်)၀၁၁၆၁၇]ဖြစ်ပါကြောင်း။
**ဦးဆန်းထွေးဝင်း**

**အမည်မှန်**
ကျွန်တော် ကိုမင်းမင်း[၁၂/ဥကမ (နိုင်) ၂၂၂၇၃၃]၏ အမည်မှန်မှာ ကိုမင်းမင်းကျော် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကိုမင်းမင်းကျော်**
**[၁၂/ဥကမ(နိုင်)၂၂၂၇၃၃]**

**ပျောက်ဆုံးကြောင်း**
ကျွန်တော်ဦးမျိုးမင်းထွေး၏ ID. 807053 (20.NOV.2012) Coustoms Statement နှင့် ယာဉ်ဓာတ်ပုံများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။
**ဖုန်း-၀၉-၅၀၉၈၅၁၅**

ဒီစာအုပ်ဖတ်ပြီး ယခုနှစ်တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးနှင့် အောင်ပွဲခံပါ။ ဤစာအုပ် ကို နာရီ (၃၀) အထူးကြိုးစားလေ့လာ၍ တက္ကသိုလ်ဝင်စာမေးပွဲမှာ ဘာသာစုံဂုဏ်ထူးရနိုင်။




**Win Educational**
**အောင်မှတ်ကယ်ဆယ် ဂုဏ်ထူးသွယ်ယူ**
ဒသမတန်း **နာရီ(၃၀)** ကိုယ်တိုင်လေ့လာ
မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊
ဇီဝဗေဒ၊ ဘောဂဗေဒ၊ သမိုင်း၊ ပထဝီဝင်
ရန်ကုန်စက်မှုတက္ကသိုလ် အင်ဂျင်နီယာဘွဲ့ရ
ပြည့်စုံရဲရင့် (RIT. BE)
ဘာသာစုံအောင်မှတ်ရရုံမက၊ ကြိုးစားမှုအသီးအပွင့် တင့်တယ်စွာ တက္ကသိုလ်သို့ ဂုဏ်ဝင့်၍ဝင်ပါ။
ဆရာပြည့်စုံရဲရင့်၏နှစ်ပေါင်းများစွာ ဝါရင့်သင်ကြားမှုအသီးအပွင့်
ဘာသာစုံ (၄၀)ကျော်မှ အမှတ်ပြည့် (၁၀၀)သို့ ယခုရယူလိုက်ပါ။
စာပေရဲရင့်စာပေ ⟶ ၀၉-၄၅၀၀၄၄၄၇၃၊ ၀၁-၃၉၄၆၈၅
ထွက်ပြီ

**အမည်ပြောင်းခြင်း**
သန်လျင်မြို့၊ အမက ဗဟို မူလွန်ကျောင်း စတုတ္ထတန်း(A)မှ ဦးကျော်သူဝင်း၏ သမီး မအိသရဖီကျော်အား ယနေ့မှစ၍ မအိမ့်ရတီဖူး ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မအိမ့်ရတီဖူး**

"ပျောက်ဆုံးခြင်း"
ASIA SMART TRADING CO., LTD. ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ် - ၉၀၂/ ၂၀၀၉-၂၀၁၀ ရက်စွဲ ( ၂၈-၉-၂၀၀၉ ) မူရင်းကစ်ပြား မှာ ( ၂-၁-၂၀၁၅ ) ရက်နေ့ နံနက် (၁၀:၀၀)နာရီခန့်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။
Ph: 203023.


### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

အောက်ပါပုဂ္ဂိုလ်များသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဌာနသို့ ယှဉ်တွဲဖော်ပြပါ အကြောင်းအရာအတိုင်း လျှောက်ထားလာပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာတွင် ကြော်ငြာပါသည့်နေ့မှစ၍ (နှစ်ပတ်)အတွင်း ဤဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူ | | | လျှောက်ထားသည့် | | | | လျှောက်ထားသည့် အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| | အမည် | မှတ်ပုံတင် | လိပ်စာ | မြို့နယ် | မြေတိုင်း | မြေကွက် | မြေအမည်ပေါက် | |
| | [illegible] | [illegible] | [illegible] | ဗဟန်း | [illegible] | [illegible] | [illegible] | [illegible] |

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးအောင်မြတ်ဦး

**လက်ထောက်ညွှန်ကြားရေးမှူး**
**မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း**
**သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်**
**အသက်(၄၅)နှစ်**

ဒေါ်ယမင်းသူရ၏ခင်ပွန်း၊ မောင်သင့်မြတ်ဦး၊ မောင်လင်းမြတ်ထူးတို့၏ဖခင် သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြတ်ဦးသည် ၁၅-၁-၂၀၁၅ ရက်တွင် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)နေပြည်တော်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဂျိတ်စပွန်းဂဲလ်ကျောက်မျက်ကုမ္ပဏီ**
**မိသားစုဝင်များ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်မြမြစီ(မိတ္ထီလာ)**

**အသက်(၈၀)**

Lyc No 2519 ပါမောက္ခ ဒေါက်တာနေစိုးမောင်၏ မိခင်ကြီး ဒေါ်မြမြစီ (မိတ္ထီလာ) အသက်(၈၀)သည် ၁၂-၁-၂၀၁၅ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၄-၈၈**
**လူရည်ချွန်အဖွဲ့**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏(၆-၁-၂၀၁၅) ရက်စွဲပါ ကြေးမုံသတင်းစာတွင်ပါရှိသော ကြော်ငြာချက်အပေါ် ကန့်ကွက်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနလက်အောက်ရှိ လေလံတင်ရောင်းချရေးအဖွဲ့မှ ဒဂုံ-ဧရာပွဲရုံနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းမှ ပေ(၄၀×၆၀)မြေကွက်များကို လေလံတင်ရောင်းချရန် ၆-၁-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာခဲ့ပါသည်။

ထိုမြေကွက်များထဲတွင် ကျွန်ုပ်၏အမွေသည်များဖြစ်သော လှိုင်သာယာမြို့နယ်၊ ကုလားကြီးစုကျေးရွာအုပ်စု၊ ကုလားကြီးစုကျေးရွာနေ ဦးယဉ်ထွေး၊ ဦးသန်းအေး၊ ဦးစိန်မြင့်၊ ဒေါ်သန်းအေး၊ ဒေါ်ယဉ်ကြည်၊ ဦးညွန့်စိုးတို့၏ မြေဧက(၇၀)မှာ ကုလားကြီးစု ကျေးရွာအုပ်စုရှိ ကွင်းအမည်-ကျွဲလမ်းအရှေ့၊ ကွင်းအမှတ်-၃၆၈/ခ ၌ ပါဝင်နေပါသည်။ ထိုကိစ္စနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာအသီးသီးသို့ ကန့်ကွက်စာများ ပေးပို့ထားပြီး ဖြစ်ပါသည်။

သို့ပါ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၆-၁-၂၀၁၅ ရက်စွဲပါ ကြေးမုံသတင်းစာတွင်ပါရှိသော ကြော်ငြာချက်အပေါ် ကန့်ကွက်ကြောင်း ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးရန်နိုင်အောင်(ခ)ဦးဖိုးဖြူ(အထက်တန်းရှေ့နေ)**
**အမှတ်-၂၃၊ (၅)လွှာ၊ ဗိုလ်တထောင်လမ်းသွယ်(၂)လမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**

## ဒေါ်ချိုချို[၁၂/ဥကတ(နိုင်)၁၃၅၃၀၉]၏ ၈-၁-၂၀၁၅ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၃)ပါ ဦးတင်ရွှေ+၁နှင့် သက်ဆိုင်သူများသိစေရန် ကြော်ငြာခြင်းအား ကန့်ကွက်ကြောင်း တုံ့ပြန်ရှင်းလင်းကြော်ငြာချက်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ် (၇၃၀)၊ ပေ(၂၀×၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် လူနေရပ်ကွက်အမှတ်(၁၀)၊ (၂၅)လမ်း၊ အိမ်အမှတ်(၇၃၀)ဟုခေါ်တွင်သည့် အဆောက်အအုံတို့၏ အကျိုးခံစားခွင့်များကို မူရင်းဂရန်အမည်ပေါက် တစ်ဦးဖြစ်သူ ဦးတင်ရွှေနှင့် ဇနီးဒေါ်တင်နွဲ့တို့ကွယ်လွန်ခဲ့ရာ သားသမီး အရင်းအချာ(၃)ဦးမှ မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြသူများ ဖြစ်ကြပါသည်။ ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ချိုချို[၁၂/ဥကတ(နိုင်)၁၃၅၃၀၉]အား အထက်ပါမြေနှင့် အဆောက်အအုံအား လုံးဝလွှဲပြောင်းရောင်းချခဲ့ခြင်းမျိုး တစ်ကြိမ်တစ်ခါမျှမရှိခဲ့ပါသဖြင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် တာဝန်မရှိပါကြောင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဟိန်းအောင်[၁၂/ဥကတ(နိုင်)၁၆၀၉၆၆]၊ ဒေါ်သီတာရွှေ[၁၂/ဥကတ(နိုင်)၁၄၆၀၄၄]၊ ဒေါ်သီတာနွဲ့[၁၂/ဥကတ(နိုင်)၁၄၆၀၄၃]တို့၏ လူမှုရေးဂုဏ်သိက္ခာအပြင် စီးပွားရေးလုပ်ငန်းများကိုပါ ထိခိုက်နစ်နာစေပါသဖြင့် ကြေးမုံသတင်းစာ၏ ၈-၁-၂၀၁၅ ရက်စွဲပါ ဦးတင်ရွှေ+၁ နှင့် သက်ဆိုင်သူများသိစေရန် ကြော်ငြာချက်အား ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ပြန်လည်ရုပ်သိမ်းပေးပါရန် အကယ်၍ တရားဝင်ပြန်လည်မရုပ်သိမ်းပေးပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်လတ်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၈၃)**
**အမှတ်(၇၇၆)၊ (၂၆)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆-ဒီ/၁၄၊ ၁၅၊ ၁၆)၊ မြေကွက်အမှတ်(၃၅၃ ၏တစ်စိတ်တစ်ဒေသ)၊ ဧရိယာ(၀.၂၂၉)ဧက ၏တစ်စိတ်တစ်ဒေသ(၀.၀၆၅)ဧက၊ မြေကွက်တည်နေရာအမှတ်(၄၀/ခ)၊ ၉ လမ်းထောင့်၊ အရှေ့ကြိုးကုန်း၊ အင်းစိန်မြို့နယ်၊ (ဒေါ်အေး) အမည်ပေါက် လိုင်စင်(၁၂/၅၇-၅၈)မြေအား Dr.ထင်လင်း[၁၂/အစန(နိုင်)၁၀၇၃၄၃]ထံမှ ကိုယ်စားလှယ်လွှဲစာ၊ ၁၅၆၃၈/၁၁(၂၅-၈-၁၁) ဖြင့် G,P ရသူ ဒေါ်ကြည်ကြည်စိုး(MUN-၂၀၇၂၇၀)က လိုင်စင်ပျောက်ဆုံးသွားကြောင်း ဒေါက်တာထင်လင်း၏ တရားရုံးကတိသစ္စာပြုလွှာ အမည်ပေါက် ဒေါ်အေးနှင့်ဆက်စပ်စာချုပ်များ ပျောက်ဆုံးသွားကြောင်း ရှင်းလင်းချက်၊ ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ အမွေဆက်ခံသူတစ်ဦးတည်းရှိကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ မိခင်ဖြစ်သူ ဒေါ်မြစိန်၏သေဆုံးမှုလက်မှတ်၊ ညီမဖြစ်သူ ဒေါ်ဆွေဆွေလင်း၏သေဆုံးမှုလက်မှတ်များတင်ပြရန် အထူးဝန်ဆောင်ခဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

တောင်ကြီးမြို့၊ ညောင်ဖြူစခန်းရပ်ကွက်၊ စဝ်စံထွန်းလမ်း၊ မြမဥ္ဇူအိမ်ရာ၊ အခန်းအမှတ်(F-303)နေ ဒေါ်ခင်လှိုင်သိန်း(မြို့နယ်ပညာရေးမှူး-ငြိမ်း)၏ခင်ပွန်း၊ ကိုသန်းထိုက် (Ideal Civil Engineering Group)-မဇာနည်ထွန်းထွန်း၊ ကိုအောင်ခိုင် (ရန်ကုန်မြို့)-မနွဲ့နွဲ့ငွေး၊ ကိုဇော်အောင်(ကလောမြို့)-မသီတာ၊ မစုစုမာတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးဖြစ်သူ ပျဉ်းမနားဈေးကုန်းစာသင်တိုက်၊ မေတ္တာဆာယာလူမျိုးပေါင်းစုံအခမဲ့ ဆေးကုခန်း-နာယက၊ ပျဉ်းမနားမြို့၊ ပါဠိတက္ကသိုလ်မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်၊ ကရုဏာနာမှုကူညီရေးအသင်း-နာယက၊တောင်ကြီးမြို့၊ မေတ္တာရှင် နာမှုကူညီရေးအသင်း-နာယက ဦးစိန်မောင် မြို့နယ်ပညာရေးမှူး-ငြိမ်း၊ အသက်(၈၀)သည် ၂၁-၁-၂၀၁၅ရက်နေ့ တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မေတ္တာရှင်အသင်း(တောင်ကြီး)**
**နာယကများနှင့်အလုပ်အမှုဆောင်အဖွဲ့**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်ကြီးလေးလွင်(ငြိမ်း) ကြည်း-၂၆၄၄၇**
**မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ် (ကန့်ဘလူ)**
**အသက်(၅၀)**

ကန့်ဘလူမြို့ ဒေါ်ချစ်ဝေ၊ (အလယ်တန်းပြ၊ အထက-၂)၏ချစ်လှစွာ သောခင်ပွန်း ဗိုလ်ကြီးလေးလွင်(ငြိမ်း) အသက်(၅၀)သည် ၂၂-၁-၂၀၁၅ ရက် ၅း၂၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**O.T.S (92)မှ သူငယ်ချင်းများ**

## ကုန်အမှတ်တံဆိပ် သတိပေးတားမြစ်ချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ရတနာလမ်း၊ အမှတ် (၅)တွင် တည်ရှိသော PURE WATER ENGINEERING AND SERVICES CO., LTD. (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၇၅၃/၂၀၀၉-၂၀၁၀) (၎င်း၏ကိုယ်စား - မန်နေးဂျင်း ဒါရိုက်တာ ဒေါ်ခင်သင်းရီ၊ ၁၂/ဗဟန (နိုင်) ၀၆၆၀၄၈ ကိုင်ဆောင်သူ၊ (အဘ) ဦးထွန်းရီ ၏သမီး၊ အမှတ် - ၅၊ ရတနာလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး) သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်း မူပိုင်အဖြစ်သုံးစွဲရန် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင် စာချုပ်အမှတ် - ၂၀၂၆၆/၂၀၁၄ ဖြင့် (၅-၁-၂၀၁၅) ရက်နေ့တွင်မှတ်ပုံတင်သွင်း ထားပြီးဖြစ်ပါသည်။

PWES

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် "သောက်ရေသန့်၊ သန့်စင်ခြင်း ဝန်ဆောင်မှုလုပ်ငန်း" ၏ ဆိုင်းဘုတ်၊ ဗီနိုင်း၊ ဘလောက်၊ တီရှပ်၊ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်ဂျာနယ်၊ စာစောင်ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်းတံဆိပ်တုံး အစရှိ သည်တို့တွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

အဆိုပါ အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် "သောက်ရေသန့် သန့်စင်ခြင်း ဝန်ဆောင်မှု"လုပ်ငန်းနှင့်ပတ်သက်သော အဆောင်အယောင်များ၊ ပလတ်စတစ်အိတ်၊ စက္ကူပတ်၊ စက္ကူရွက်၊ စက္ကူပုံး၊ ထုပ်ပိုးပစ္စည်း၊ အစရှိသည်တို့အပေါ်တွင်လည်းကောင်း၊ ကုမ္ပဏီဆိုင်းဘုတ်ကိုလည်းကောင်း၊ အဆိုပါ အမှတ်တံဆိပ်အမည် အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ပြုလုပ်ပြီး၊ ဖိနှိပ်ခြင်း၊ ကပ်နှိပ်ခြင်း၊ ရိုက်နှိပ်ခြင်း၊ ချိတ်ဆွဲခြင်း၊ Sticker ကပ်၍ အသုံးပြုခြင်း၊ ကြော်ငြာခြင်းများဖြင့် ပြည်ထောင်စုသမ္မတနိုင်ငံတစ်ဝန်းလုံးတွင် လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ သို့ပါ၍ မိမိကုမ္ပဏီ တစ်ဦးတည်းမူပိုင် အသုံးပြုလျက်ရှိသော အဆိုပါ ကုန်အမှတ်တံဆိပ်အမည်၊ အမှတ်အသားကို တစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်အောင် တုပပြုလုပ်သုံးစွဲခြင်းမပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
**ဦးခင်မောင်မြင့် (စဉ် - ၅၆၈၃)**
**တရားရုံးချုပ်ရှေ့နေ**
**LL.B, D.B.L, D.M.L, D.I.L, P.G.D.P.M**
၈၈၀၊ ၁၁လမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၄၃၀၃၂၁၈၁

## ကျေးဇူးတင်ရှိခြင်း

၁၈-၁-၂၀၁၅ ရက်တွင် ကွယ်လွန်သော ဒေါ်ကြင်အေး(သန်လျင်) အသက်(၈၆)နှစ်၏ နာရေးကိစ္စအဝဝတွင် အစစအရာရာ ကူညီပေးကြသော သန်လျင်ကျန်းတိတ်ဘုံကျောင်းမှ ဥက္ကဌနှင့်အဖွဲ့ဝင်များ၊ သန်လျင်နာရေးကူညီမှုအသင်း၊ ဒါရ်ဂါနာရေးကူညီမှုအသင်း၊ မြန်မာဘရူဝါရီလီမိတက် (အရှေ့ပိုင်းဝန်ထမ်းများ)၊ သန်လျင်-ပန်းဆိုးတန်း တက္ကဆီဂိတ်မှ သူငယ်ချင်းများ၊ တယ်လီဖုန်း၊ mail ဖြင့် အားပေးခြင်းအားလည်းကောင်း၊ လှူဖွယ်ပစ္စည်းများ၊ ပန်းခြင်း၊ ပန်းခွေများပေးပို့ခြင်းဖြင့်လည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း ကျေးဇူးဥပကာရအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## သားငယ်လေး မောင်ထက်အောင်ရှိုင်း(ဒုတိယနှစ်၊ ရူပဗေဒ)သို့ တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

သားငယ်လေးရေ---

ဖေဖေ၊ မေမေတို့ရဲ့ ပျော်ရွှင်စရာကောင်းတဲ့ မိသားစုဘဝထဲကနေ အသက်ငယ်ငယ်လေးနဲ့ မမျှော်လင့်ဘဲ ခွဲခွာသွားတာ ဒီနေ့ဆို တစ်လပြည့်ခဲ့ပြီသားရေ---

သားငယ်လေး ခွဲခွာသွားတဲ့ အချိန်ကစပြီး စက္ကန့်နှင့်မလပ် အမြဲသတိရနေပါတယ် သားရယ်။ တွေးမိလိုက်တိုင်းလည်း ဖေဖေနဲ့မေမေ ရင်ထဲမှာ ရင်နဲ့မဆန့်အောင် ခံစားနေရဆဲပါ သားရယ်။ (၁၈)နှစ်ဆိုတဲ့ အရွယ်ဟာ အရမ်းကို ငယ်ပါသေးတယ် သားရယ်၊ မိသားစုနှင့် ၁၈ နှစ်သာနေခဲ့ပြီး အရင်ဆုံးခွဲခွာသွားတဲ့အတွက် အိပ်မက်လိုသာ ဖြစ်လိုက်ချင်တယ်သားရယ်---

လှလှပပဝတ်ဆင်ပြီး အမြဲတမ်း သပ်သပ်ရပ်ရပ်နဲ့ မျက်နှာလေးပြုံးပြီး လူတိုင်းချစ်ခင် အောင်နေတတ်တဲ့ သားငယ်လေး၊ ရတနာသုံးပါးမြဲပြီး မိဘဆရာသမားများကို ရိုသေလေးစား ကာ သူငယ်ချင်းတွေအပေါ် ချစ်ခင်အောင်နေတတ်တဲ့ သားငယ်လေး၊ သားရဲ့အခန်း၊ ပစ္စည်းအားလုံးကိုလည်း ခြေရာလက်ရာမပျက် အမြဲတမ်းသန့်သန့်ရှင်းရှင်းနဲ့ ထားပေးပါတယ်သားရယ်---

ဖေဖေ၊ မေမေနဲ့ မောင်နှမတွေအပေါ်မှာ သိတတ်လွန်းတဲ့ သားငယ်လေး နောင်ဘဝ ဆက်တိုင်း ဒီလိုအဖြစ်မျိုးတွေနဲ့ မကြုံရပါစေနဲ့လို့ ဆုတောင်းရင်း သားငယ်လေးကို ရည်စူးပြီး နေ့စဉ်၊ နေ့တိုင်း လိုအပ်ချက်ရှိတဲ့ နေရာမှန်သမျှမှာ လှူဒါန်းခဲ့တဲ့ လှူဒါန်းမှုအစုစုကို သားရောက်ရှိ နေတဲ့ မြင့်မြတ်ရာဘဝမှ သာဓုခေါ်ပါ သားငယ်လေး---

သားငယ်လေးရေ အမျှ-အမျှ-အမျှ

**ဖေဖေ + မေမေ**
**ကိုကြီး + မမဖြူဖြူဝင်း**
**ညီမလေး - မီးငယ်**
**ညီမလေး - အဂီး**
**တူမလေး - သွန်နဒီစံ**
**တူလေး - ရဲမာန်ထင်**

**"ထုံးဘုရင်"ကျော်ထင်**
**အသင့်ကွမ်းစားထုံး မိသားစု**

## ၁၂-၁-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၆)၌ ဒေါ်ချို၁၂/မဂဒ(နိုင်)၀၉၈၅၂၀)နှင့် သားသမီး(၅)ဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေဦးထွန်းဇော်၏ ကြော်ငြာချက်အပေါ် ကန့်ကွက်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီး၊ စံပြကျေးရွာအုပ်စု၊ စမ်းကြီးဝကွင်း၊ ဦးပိုင်အမှတ်(၂)၊ ကွင်းအမှတ်(၄၀၇/ဘီ)၊ လယ်မြေဧက ၁၂. ၆၅ ဧကရှိ လယ်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ယခုကြော်ငြာသူများဖြစ်ကြသည့် (၁)ဦးမောင်လှ (လျှောက်ထားဆဲ)၊ (၂)ဦးမောင်အေး[၁၄/ဘကလ(နိုင်)၂၇၇၆၃၅]၊ (၃)ဒေါ်အမာချို (PPN-210462)နှင့် (၄)ဒေါ်အေးသန်း(SPTA-025925)တို့၏ဖခင် ဦးရွှေဒွါး(ခ)ဦးရွှေဒါး (ကွယ်လွန်) နှင့် မိခင် ဒေါ်စီမ(ခ)ဒေါ်သိမ်းညွန့်(ကွယ်လွန်)တို့၏အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ကြောင်းနှင့် ယင်းမြေကွက်အား ကျွန်တော်/ကျွန်မတို့၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချ/ပေါင်နှံ/ပေးကမ်း/စွန့်လွှတ်/လှူဒါန်းခြင်း မပြုလုပ်ရန် ၆-၆-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ(စာမျက်နှာ- ၂၁)တွင် အများသိစေရန် ကြော်ငြာခဲ့ပြီး ဖြစ်ပါသည်။

ထို့ပြင် ကွယ်လွန်သူများဖြစ်ကြသော ဖခင် ဦးရွှေဒွါး(ခ)ဦးရွှေဒါးနှင့်မိခင် ဒေါ်စီမ(ခ) ဒေါ်သိမ်းညွန့်တို့တွင် အထက်ပါ သားသမီး(၄)ဦးတို့မှလွဲ၍ အခြားသော အမွေစား အမွေခံ တစ်ဦးတစ်ယောက်မျှ မရှိပါ။ သို့ရာတွင် လူကြီးမင်းတို့၏ကြော်ငြာချက်၌ ဦးမောင်စီ (မှတ်ပုံတင်အမှတ်မပါ) (ကွယ်လွန်)သည် အမွေရှင်များ၏ တစ်ဦးတည်းသော သားဖြစ်သည်ဟု အဆိုပြု ကြော်ငြာချက်မှာ မှန်ကန်မှု လုံးဝမရှိဘဲ အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် လိမ်လည်၍ ကြော်ငြာခဲ့ခြင်းသာ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ ဒေါ်ချိုနှင့်သားသမီး(၅)ဦးတို့ဖြစ်ကြသော (၁)ဒေါ်သင်းသင်းကြိုင်[၁၂/မဂဒ(နိုင်)၁၀၃၃၉၀]၊ (၂)ဦးချိုတူး[၁၂/မဂဒ(နိုင်)၁၆၀၉၁၀]၊ (၃) ဒေါ်ဝင်းဝင်းမာ[၁၂/မဂဒ(နိုင်)၁၆၀၉၃၆]၊ (၄)ဦးဝင်းနိုင်ထွန်း[၁၂/မဂဒ(နိုင်)၁၆၀၉၁၁]၊ (၅) ဦးတင်လှိုင်ဝင်း[၁၂/မဂဒ(နိုင်)၁၆၀၉၁၂]တို့က အမွေဆက်ခံပိုင်ဆိုင်သယောင် အကွက်ဆင် ဖန်တီး၍ မမှန်မကန် ကြော်ငြာခဲ့ခြင်းအပေါ် တည်ဆဲဥပဒေနှင့်အညီ ပြစ်မှုကြောင်းအရနှင့် တရားမကြောင်းအရပါ ထိရောက်စွာ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**(၁) ဦးမောင်လှ(လျှောက်ထားဆဲ)**
**(၂) ဦးမောင်အေး[၁၄/ဘကလ(နိုင်)၂၇၇၆၃၅]**
**(၃) ဒေါ်အမာချို(PPN-210462)**
**(၄) ဒေါ်အေးသန်း(SPTA-025925)တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မာမာသိန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၉၂)**
**အမှတ်(၄၉)၊ ပထမထပ်၊ ၈၉-လမ်း၊**
**ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၆၄၉၅၉၊ ၀၉-၄၂၀၀၂၂၇၃၃**

Hot Line No-0930500100

# စက်မှုလယ်ယာစနစ် အကောင်အထည်ဖော်နိုင်ရန် ခေတ်မီလယ်ယာသုံး စက်ကိရိယာများ အသုံးပြုဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ယနေ့နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ပြည်သူ့အားကစားကွင်း၌ ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေး အခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများမှ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက သမဝါယမလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ၌ ယနေ့အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်နှင့် မြို့ပြနေအခြေခံပြည်သူများအတွက် ၂၀၁၇ ခုနှစ် ဆောင်းသီးနှံ ချေးငွေကျပ်သန်းပေါင်း ၂၃၈၅၂ သန်းကျော်ကို ထုတ်ချေးမည်ဖြစ်ပြီး လာမည့်မေလနှင့် ဇွန်လအတွင်း ချေးငွေမရကြသေးသည့် ကျေးရွာပေါင်း ၁၁၇၀ ရွာမှ အသင်းသား အသစ် ၆၅၀၀၀ ကျော်အတွက် ငွေကျပ်သန်းပေါင်း ၆၅၆၁ သန်းကျော်ကို ထုတ်ချေးပေးမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်သူများအနေဖြင့် မိမိတို့လုပ်ငန်းများကို ပိုမိုရင်းနှီးလုပ်ကိုင်နိုင်စေရန်အတွက် ချေးငွေရရှိပြီးဖြစ်သည့် ကျေးရွာ ၂၁၆၉ ရွာမှ သတ်မှတ်ချက်နှင့်ညီညွတ်သော အသင်းသားဟောင်း ၆၉၄၀၀ ကျော်ကိုလည်း တိုးမြှင့်ချေးငွေကျပ်သန်း ၁၁၁၄၀ကျော်ကို ထုတ်ချေးပေးသွားမည်ဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ပြည်သူများအဆိုပြုထားသည့် ငွေကျပ်သန်းပေါင်း ၁၁၅၉၅ သန်းကျော်တန်ဖိုးရှိ လက်တွန်းထွန်စက် ၁၃၈ စီး၊ ထွန်စက်အမျိုးမျိုး ၄၂၃ စီးနှင့် ရိတ်သိမ်းခြွေလှေ့စက် ၃၉ စီးတို့ကိုလည်း အရစ်ကျငွေချေးစနစ်ဖြင့်

စာမျက်နှာ ၆ ကော်လံ ၁ သို့



ဒုတိယသမ္မတ ဦးဉာဏ်ထွန်း စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့


# တက္ကသိုလ်၊ ကောလိပ်များ ရည်မှန်းချက်အောင်မြင်အောင် မိမိအစီအစဉ်ဖြင့် လွတ်လပ်စွာစီမံခန့်ခွဲ၊ အသွင်ကူးပြောင်းရေးကာလတွင် ပေါင်းစပ်ကူညီပံ့ပိုးမည်

စာမျက်နှာ » ၁၀

## ယနေ့ မာတိကာ

ရွေးကောက်ပွဲကို ပွင့်လင်းမြင်သာမှုရှိစေရန် နိုင်ငံတကာရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့များ ဖိတ်ခေါ်သွားမည်

စာမျက်နှာ - ၉



# မယ်စကြာဝဠာ အကြိုပြိုင်ပွဲ အလှမယ်သျှားထွင့်အိန္ဒြာ ယှဉ်ပြိုင်

(၆၃)ကြိမ်မြောက် မယ်စကြာဝဠာအကြိုပြိုင်ပွဲကို ဇန်နဝါရီ ၂၁ ရက်က အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် ဖလော်ရီဒါတက္ကသိုလ်အတွင်းရှိ FIU ခန်းမ၌ ပြုလုပ်ခဲ့ရာ မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် သျှားထွင့်အိန္ဒြာက ယှဉ်ပြိုင်ခဲ့သည်။

Miss Universe Myanmar မှ ကိုချမ်းလင်းသူက "ဇန်နဝါရီ ၂၁ ရက်မှာ ပြုလုပ်တဲ့ နိုင်ငံကိုယ်စားပြုဝတ်စုံပြိုင်ပွဲကို ဆုတစ်ဆုအနေနဲ့ပေးမှာပါ။ အဲဒီဆုကို ဇန်နဝါရီ ၂၅ ရက်နောက်ဆုံးပွဲစဉ်မှာ ကြေညာပေးမှာပါ။ အကောင်းဆုံး နိုင်ငံကိုယ်စားပြုဝတ်စုံဆုရရှိဖို့အတွက် တွစ်တာမှတစ်ဆင့် မဲပေးနိုင်ပါပြီ" ဟု ပြောကြားသည်။

စာမျက်နှာ ၁၂ ကော်လံ ၂ သို့

မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းကို စာမျက်နှာ (၁၅၊ ၁၆၊ ၁၇၊ ၁၈)တွင် ဖော်ပြထားပါသည်။


hager
A Leading European Manufacturer
www.hager.com

stylea
wiring accessories
Touch Of Style
Slim front plate, clean style designed for contemporary residential, hotel and commercial premises.





Sole Distributor: ဆူပါ ပါဝါလျှပ်စစ်
SUPER POWER
ELECTRIC INDUSTRY CO., LTD.
Tel: 01 552594, 558386, 558422, 860 3223~5
Email: spowercompany@gmail.com
info2@mspei.com
www.facebook.com/speimyanmar



themirror.npt@gmail.com
www.facebook.com/themirrordaily
The Mirror Established in 1957